
စိတ်ကူးချိုချိုအနုပညာ

# မြန်မာ့ နှလုံးသားထဲက ရွှေတိဂုံဘုရားနှင့် ဆက်စပ် သမိုင်းအတွေးများ

တိုးလု

mgyoe.com

mgyoe.com



မြန်မာ့ နှလုံးသားထဲက
ရွှေတိဂုံဘုရားနှင့်
ဆက်စပ်
သမိုင်းအစွေးများ

တိုးလှ

ISBN9789997116109
HIS32
9 789997 116109
6,000.00KS

mgyoe.com

မြန်မာ့နှလုံးသားထဲက ရွှေတိဂုံဘုရားနှင့် ဆက်စပ်သမိုင်းအတွေးများ တိုးလှ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၄၇၅ မျက်နှာ၊ ၁၄ ·၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၆ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

**စိတ်ကူးချိုချိုစာအုပ်**

■■■■■■■■■■

# မြန်မာ့နှလုံးသားထဲက ရွှေတိဂုံဘုရားနှင့် ဆက်စပ်သမိုင်းအတွေးများ

## တိုးလှ

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

[illegible]

[illegible]

[illegible]

[illegible]

mgyoe.com

mgyoe.com

## မာတိကာ


- အချုပ် ... က
- ဤစာအုပ်အတွက် စကားချီး ... ဂ

**အခန်း(၁)**

- ရွှေတိဂုံစေတီယပူဇာသမိုင်း ... ၁
- ပြည်မြို့ရွှေဆံတော်သမိုင်း ... ၂၀

**အခန်း(၂)**

- ကုန်းဘောင်မင်းများနှင့် ရွှေတိဂုံစေတီတော် ... ၅၉
- မြေဒူးမင်း ရွှေတိဂုံစေတီတော်ကို ဓာတ်ပုံဖြင့် ပူဇော်ခွင့်ရခြင်း ... ၇၄

**အခန်း(၃)**

- လယ်ကိုင်းကျောင်းတော်ရာစေတီမှသည် ရွှေတိဂုံသို့မျှော်ကြည့်ခြင်း ... ၈၈
- ပြည်တော်ပြန်ဘုရား(ဇလွန်)မှသည် ရွှေတိဂုံစေတီသို့ ... ၁၁၅


mgyoe.com

mgyoe.com

## အခန်း(၄)


– ထိုင်းဘုရင် ပဉ္စမမြောက်ရာမမင်း(ချူလာလောန်ကွန်)
ရွှေတိဂုံစေတီတော်မြတ်ကို ဖူးမြော်ခြင်း ၁၃၇
– သာသနာ ၅၀၀၀ တည်တံ့ရေးနှင့် ရွှေတိဂုံဘုရား
ဂေါပိတရက္ခိတအဖွဲ့ သမိုင်း နိဒါန်း ၁၅၁


## အခန်း(၅)


– ပုဂံမင်းနှင့် ကုသိုလ်တော်များ
(တောင်သမန်ကျောက်တော်ကြီးဘုရားမှတ်တမ်းပန်းချီများ) ၁၆၆
– မင်းတုန်း၏ မြောက်နန်းမိဖုရားသိမ်တော် ၂၀၂
– စုဖုရားလတ်ကိုးကွယ်ခဲ့သော "ဒက္ခိဏာသာခါ" ၂၂၀


## အခန်း(၆)


– ရဟန်း သို့မဟုတ် အမြတ်ဆုံးရတနာတစ်ပါး ၂၃၀
– ရဟန်းနှင့် ဆွမ်းခံဝတ် ၂၅၂
– ရဟန်းနှင့် ပညာရေး
(ကုန်းဘောင်ခေတ်ဘုန်းကြီးကျောင်းပညာရေး) ၂၆၃


## အခန်း(၇)


– ဗဒုံမင်းနှင့် ပြက္ခဒိန်ပြဿနာ ၃၂၂
– ဗဒုံမင်းအမိန့်တော်တွေထဲက ဆောက်လုပ်ရေး ၃၄၁


## အခန်း(၈)


– သီပေါမင်းပါတော်မူပုံများနှင့် သမိုင်း ၃၅၁
– ရွှေနန်းစည်းစိမ်ကို ကြည့်မြင်သုံးသပ်ခြင်း ၃၇၂


mgyoe.com

mgyoe.com

## အခန်း(၉)


– မင်းစိုးရာဇာတို့နှင့် သမုဒယတဏှာ

(ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ) ၄၀၀

– ပုဂံခေတ် တဏှာကျွန် ၄၁၄

– စာပေတွေထဲက သမုဒယတဏှာ ၄၂၂


## အခန်း(၁၀)


– ကျမ်းပြီးနိဂုံး ၄၇၃

– ကျမ်းကိုးစာရင်း ၄၇၄


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# အချုပ်

**မြန်မာ့နှလုံးသားထဲက ရွှေတိဂုံဘုရားနှင့် သမိုင်းအတွေး များ**သည် **မြတ်ရွှေတိဂုံစေတီမွစာစောင်တွင်** အခါအားလျော်စွာ ရေးသားခဲ့သည့် စာတမ်းနှင့် ဆောင်းပါးများကို ပြန်လည်စုပေါင်း ထုတ်ဝေသော စာအုပ်ဖြစ်သည်။ လေးလေးနက်နက် သုတေသန ပြုထားပြီး ရည်မှန်းချက်တစ်ခုအတွက် ရေးခဲ့သည်မျိုးမဟုတ်ဘဲ ရွှေတိဂုံစေတီတော်မြတ်သို့ ရောက်သည့်အခါ သို့မဟုတ် ခရီးထွက် ရင်း သမိုင်းအထောက်အထားများ ရှာဖွေလေ့လာရင်း တွေ့ရှိခံစား ခဲ့ရသည်များကို မျှဝေခံစားနိုင်ကြစေရန် ရည်ရွယ်ရေးသားခဲ့ ခြင်းသာ ဖြစ်ပါသည်။ ယခု စုပေါင်းထုတ်ဝေလိုက်သောအခါ စာ စောင်ပါအစဉ်အတိုင်း မဟုတ်ဘဲ အကြောင်းအရာ တူရာစုလျက် အခန်း ၁၀ ခန်းခွဲကာ ဖော်ပြထားပါသည်။ ရွှေတိဂုံသမိုင်းတွင် သူများအသိကျန်ခဲ့သည်များမှ အချို့ကို စာရေးသူက ယင်း၏ သမိုင်းအမြင်ဖြင့် ရေးသားဆွေးနွေးထား၏။ ရွှေတိဂုံနှင့် တစ်စိတ် တစ်ပိုင်း ဆက်နွှယ်မိသည်များကိုလည်း ဖော်ပြခဲ့၏။ ဘာသာတရား ဆိုင်ရာလည်းပါ၏။ အချို့သောမင်းတို့၏ သာသနာတော်အတွက်

mgyoe.com

mgyoe.com



လုပ်ဆောင်ခဲ့ချက်များလည်း ပါ၏။ သမိုင်းအတွေးအခေါ် အယူအဆရေးရာများလည်း မလွဲမရှောင်သာ ပါလာရပါသည်။ ထိုသို့ရေးသားရာတွင် သမိုင်းအချက်အလက်များကို မူရင်းအထောက်အထားများမှ အများဆုံးရယူပါသည်။ စာရေးသူ၏ အတ္တနော မတိဖြင့် ရေးသားသည်များ မပါကြောင်း ဝန်ခံပါသည်။

❖

mgyoe.com

mgyoe.com



# ဤစာအုပ်အတွက် စကားချီး

မြတ်ရွှေတိဂုံ ဓမ္မစာစောင်တွင် စာရေးသူ၏ ဆောင်းပါးနှင့် စာတမ်းများ ဆယ် ကြိမ်ထက်မနည်းပါရှိခဲ့ပါပြီ။ ရေးစဉ်က နောင်တစ်ချိန် စာတစ်အုပ်ဖြစ်ရန် ရည်ရွယ်ပြီး ရေးသားခဲ့ခြင်းမဟုတ်ပါ။ ထုတ်ဝေရေးတာဝန်ခံတို့က စာမူအတွက် တကူးတက လာရောက်တောင်းသဖြင့် အားနာသောကြောင့် ရေးဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ သမိုင်းဆိုင်ရာများတွင် လေ့လာနေသူဖြစ်သောကြောင့် အချို့ ရွှေတိဂုံဆိုင်ရာ သမိုင်းအချက်အလက် အကြောင်းအရာများ အနည်းအပါးသိ သည်ဟု ထင်မိသောကြောင့်လည်း လက်ခံမိလိုက်ခြင်းဖြစ်ပါသည်။ အသေ အချာပြန်စစ်သောအခါ မိမိအသိက စာတမ်းတစ်ခုစာပင် မရှိချေ။

ထို့ကြောင့် ဝန်ခံကတိပေးခဲ့မိသည်မှာ အမှားကြီးမှားလေစွဟု နောင်တ ဖြစ်မိခဲ့ပါသည်။ ယခုတော့ ပေါက်သည့်နဖူးမထူးတော့ပြီ။ ကတိသည် တည် ရသည်။ အားကိုးလို့အကူအညီတောင်းလာလျှင် ကူညီရမည်မှာ မိမိတာဝန်ပင် ဖြစ်ပေသည်။

ထို့ကြောင့် ရွှေတိဂုံအကြောင်း ရေးပေးရပေတော့မည်။ ဘာတွေရေးပါ မည်နည်း။ ဆရာကြီး ဒေါက်တာသန်းထွန်းက ကျွန်တော် မဟာဝိဇ္ဇာတန်း အောင်မြင်ပြီးစလောက်က ဘာတွေဆက်လုပ်ရပါမည်လဲဟု ဆရာ့ကိုမေးသော

mgyoe.com

mgyoe.com



အခါ "မင်းလုပ်တတ်တာ အကုန်လုပ်"ဟု ပြောခဲ့ဖူးသည်။ ခိုင်းမှ လုပ်တတ်သူ ပေကိုး။ ယခုတော့ မိမိဆုံးဖြတ်ချက်နှင့် မိမိလုပ်ရပေတော့မည်။ အချိုးမတည့်လျှင် ဆရာဘာများပြောပါမည်နည်းဟုလည်း ကြိုတင်စိုးရိမ်မိနေသည် ကလည်း တစ်မှောင့်။

လုပ်သင့်တာစဉ်းစားသည်။ နှစ်ခု စဉ်းစားထားသည်။ ပထမအချက်က အင်းဝ ခေတ်စာပေများကို သမိုင်းအမြင်ဖြင့် လေ့လာရေးသားရန်ဖြစ်သည်။ ဝါသနာလည်းပါ၊ အတော်အသင့်လည်း လေ့လာဖူးပြီဖြစ်၊ လွယ်လည်းလွယ် သည်ဟု ထင်သောကြောင့်ဖြစ်သည်။ ဒုတိယက လယ်ယာမြေသက္ကရာဇ်များကို လေ့လာပြီး သမိုင်းရေးရန်ဖြစ်သည်။ မူလက မဟာဝိဇ္ဇာကျမ်းအတွက် ရေးသား ရန်စီစဉ်ခဲ့သော်လည်း ဆရာက အခြားခေါင်းစဉ်တစ်ခုကို တာဝန်ပေးသော ကြောင့် မလုပ်ဖြစ်ဘဲ ကျန်နေသော လုပ်လက်စလုပ်ငန်းဖြစ်သည်။ မည်သို့ရေးရမည်ကို ပုံမဖော်တတ်သေး။ တွေ့သမျှ ရေးကူးလေ့လာနေဆဲသာ ဖြစ်သည်။ ယခင်က မည်သူမျှမလုပ်ဖူးသော သုတေသနမျိုးဖြစ်သောကြောင့် ဆရာကြီးက ပိုပြီးအားပေးမည်ကို သိပါသည်။ အကြောင်းမှာ ဆရာကြီးဝါဒက သူများမတွေ့သေးတာ မသိသေးတာကို အရင်သိအောင်လုပ် ရေးသားနိုင်မှ သုတေသနဟု ဆိုပါသည်။ အသစ်မဟုတ်တာလုပ်ခြင်းကို ဆရာကြီးက အား မပေးချင်ပေ။

တစ်နေ့တွင် ဆရာကြီးက စာရေးသူကို ဤသို့ပြောခဲ့ဖူးသည်။ "သမိုင်း အချက်အလက်တစ်ခုရဖို့အတွက် ကဗျာတွေကာရန်တွေနဲ့ ပျို့စာပေတွေ၊ မော်ကွန်းတွေဖတ်ရတာ အချိန်ကုန်လွန်းတယ်။ အဲဒီလောက်အချိန်မပေးနိုင်ဘူး။ ဒီတော့ မင်းက ပျို့ကဗျာစာပေတွေဖတ်ပြီး သမိုင်းအချက်အလက်တွေ ထုတ် စမ်းကွာ"ဟု ဆိုလာသောအခါ ကျွန်တော်အလွန်ပျော်သွားသည်။ အင်းဝခေတ် ပျို့များကို တစ်အုပ်ပြီးတစ်အုပ်ဖတ်ကာ သမိုင်းအချက်အလက်များ ထုတ်တော့ သည်။ စာတမ်းများလည်း ချရေးသည်။ သို့ဖြင့် "အင်းဝခေတ်ပျို့စာပေတွေ ထဲက အုပ်ချုပ်ရေးသမိုင်း၊ လူမှုရေးသမိုင်း၊ စီးပွားရေးသမိုင်း၊ ကိုးကွယ်ယုံ ကြည်မှုသမိုင်း"စသည်ဖြင့် ရေးသားပြီး ဆရာ့ကိုပြသောအခါ ဆရာက အားပေးလက်ခံခဲ့သည်။ နောင်တွင် တက္ကသိုလ် ပညာပဒေသာစာစောင်တွင် ထည့်သွင်းဖော်ပြနိုင်ခဲ့သည်။

mgyoe.com

mgyoe.com



လယ်ယာမြေသက္ကရာဇ်တွေ လေ့လာရင်းလည်း မြန်မာ့ငွေကြေးစနစ်ကို ပိုမိုပီပြင်အောင် သိရှိလာခဲ့ရသည်။ သက္ကရာဇ်တွေထဲတွေ့ရသော ငွေအမျိုးအစားများ ရွက်နီဖလှယ်ကြပုံများ၊ အလေးများ စသည်များကို အတော်လေး သိရှိလာရပြီး မြန်မာ့ငွေကြေးစနစ်၊ ရွက်နီတွက်နည်းဆိုသည်ကို ရေးသားခဲ့သည်။ နောက်ဆရာသို့ ကြည့်ရှုပြင်ဆင်ပေးပါရန် စာတမ်းကို ထည့်လိုက်ပါသည်။ နောက်တစ်နေ့တွင် ဆရာက စာတမ်းဖတ်ရန်ဌာနတွင်းမှာ စီစဉ်ပေးပါသည်။ ယင်းသို့လျှင် ဆရာက အသိသစ်ကို မြင်ချင်ကြားချင် အားပေးချင်ပေသည်။

ထို့ကြောင့် စာတမ်းများရေးရန် စိတ်အားသန်လာသောအခါ တိုနံ့နံ့ဆောင်းပါးများကို မရေးတတ် မရေးချင် ဖြစ်လာသည်။ ရွှေတိဂုံစာစောင်သို့ ထည့်သွင်းခဲ့သည်များကို ရေးသားသောအခါ အကြောင်းအရာများက ကွဲပြားကြသည်။ ခေတ်ကာလများလည်း မတူကြချေ။ သို့သော် ရွှေတိဂုံဘုရားကို စာဖတ်သူတို့အား သမိုင်းအသိအမြင်ဖြင့် သိစေမြင်စေလိုချင်သည်များကို ရအောင် အားထုတ်ရေးသားခဲ့ပါသည်။ အသိသစ်ကို ပေးနိုင်ရန်လည်း တစ်ဖက်က ကြိုးစားကြည့်ထားပါသည်။ အချို့ကား ရွှေတိဂုံနှင့် လုံးဝမဆိုင်ချေ။

မည်သို့ပင်ဖြစ်စေ ရေးသားခဲ့သည်များကို ပြန်လည်စုစည်းကြည့်သောအခါ ယုံကြည်မှုဆိုင်ရာအသိများ၊ ယဉ်ကျေးမှုဆိုင်ရာသဘောတရားများ၊ ခေတ်တစ်ခေတ်၏ အခြေအနေများထိ စိတ်တွင်းခံစားမိရာ၊ အထောက်အထားရှိရာများကို ရေးသားဖြစ်သွားခဲ့ပါသည်။ ဖတ်ကောင်းရန်ရေးခြင်းထက် မိမိစာဖတ်သူအပေါ် မိမိဖော်ပြ ပြောချင်သည်များကိုသာ ရေးသည်ဖြစ်သောကြောင့် မပြည့်စုံသည်များ ကေန်ပင်ရှိမည် ဖြစ်သည်။ သို့သော် စေတနာထားမှု ပြည့်စုံပါသည်ဟုမူ ဝန်ခံပါသည်။

စာတမ်းများကို ရေးသားပေးရန် တိုက်တွန်းခဲ့ကြသော ဦးစိန်ဝင်းအောင် (ရွှေတိဂုံဂေါပကအဖွဲ့)ကို အမွန်အစထား ကျေးဇူးစကားဆိုရပါမည်။ တစ်စုတည်းဖြစ်အောင် စီစဉ်ပေးသူ ဦးအောင်စိုးကိုလည်းကောင်း၊ ထုတ်ဝေသူကိုလည်းကောင်း အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။ အခြားကျေးဇူးတင်ထိုက်သူမှန်သမျှကိုလည်း မေ့လျော့ကျန်နေခဲ့သည့်အတွက် ယင်း

mgyoe.com

mgyoe.com



တို့ ကျေးဇူးကြွေးကြီးလှပါကြောင်းနှင့် (မေ့တတ်ပြီဖြစ်သောကြောင့်) အမည်မဖော်ပြနိုင်သည်ကို ခွင့်လွှတ်ပေးကြပါရန် တောင်းပန်အပ်ပါသည်။

တိုးလှ
၁၉ ဖေဖော်ဝါရီ ၂၀၁၀
ဓနေ့လယ် ၄း၂၉ နာရီ

❖

mgyoe.com

mgyoe.com


# အခန်း(၁)
# ရွှေတိဂုံစေတီယပူဇာသမိုင်း

**ရွှေတိဂုံစေတီယံပူဇေမိ**

ဂေါတမဗုဒ္ဓရှင်တော်မြတ်၏ ဆံတော်တို့ကို ဌာပနာထားသော ရွှေတိဂုံစေတီမြတ်ကို ဦးစွာပထမ ရှိသေစွာ ကန်တော့ပါ၏။ ရွှေတိဂုံဆိုသည်ကို အနှစ်သာရပါအောင် အနက်အဓိပ္ပာယ်ဖွင့်ကြည့်ရန် စိတ်ထဲမှာ ကြိုးပမ်းကြည့်မိသည်။ မလွယ်လှချေ။ ရွှေတိဂုံသည် ရွှေတိဂုံသာဖြစ်သည်။ အတိုးအလျှော့လုပ်မရသကဲ့သို့ ခံစားရမိသည်။ ရွှေတိဂုံသည် မြန်မာတစ်မျိုးသားလုံး ကိုးကွယ်ဆည်းကပ်နေသော စေတီတစ်ဆူဖြစ်သည်။ ယင်းသည် မြန်မာ့ကိုးကွယ်ယုံကြည်မှုသမိုင်းဖြစ်သည်။ မြန်မာ့အမျိုးသားယဉ်ကျေးမှု အမွေအနှစ် ယဉ်ကျေးမှုသမိုင်းလည်း ဖြစ်သည်။ ထို့အတူ အမျိုးသားရေးသမိုင်းလည်း ဖြစ်နေပြန်သည်။ မြန်မာတို့သာမက ကမ္ဘာ့ဗုဒ္ဓ သာသနာတော်သမိုင်းနှင့်လည်း ဆက်နွှယ်နေသောကြောင့် ဗုဒ္ဓ၏ တရားတော်များကို လေ့လာနေကြသူများကလည်း အလေးထား ကြည်ညိုမြတ်နိုးကြသဖြင့် ရွှေတိဂုံသည် သာလွန်ကျယ်ပြန့်သော အဓိပ္ပာယ်လည်း သူ့အလိုလိုပင် ဆောင်နေသည်။ ထို့ကြောင့် ရွှေတိဂုံဘုရားက ထုတ်ဝေသော မြတ်ရွှေတိဂုံ ဓမ္မစာစောင်တွင် အခါအားလျော်စွာ ထည့်သွင်းဖော်ပြခဲ့သည့် စာရေးသူ့စာတမ်းများကို သီးသန့်ထုတ်ဝေမည်ဆိုသောအခါ **မြန်မာ့နှလုံးသားထဲက ရွှေတိဂုံဘုရားနှင့် သမိုင်းအတွေးများ** ဟု အမည်ပေး ကင်ပွန်းတပ်လိုက်ရပါ

mgyoe.com

mgyoe.com


သည်။

မှန်၏။ မြန်မာတို့နှလုံးသားထဲတွင် ရွှေတိဂုံစေတီတော်မြတ် ကိန်းဝပ်နေ၏။ တစ်ချိန်က ရန်ကုန်မြို့ကို အရှေ့ဘက်မှ ဝင်လာသောအခါ လေးထောင့်ကန်အရပ် လောက်ကတည်းက နံနက်ခင်းနေရောင်ခြည်နုအောက်တွင် ရွှေတိဂုံစေတီတော်မြတ် သည် ရွှေရောင်တဖိတ်ဖိတ် တပြောင်ပြောင်နှင့် ကွန့်မြူးနေ၏။ တောင်ဘက် ရန်ကုန် မြစ်ထဲကသာမဟုတ် ဒလ၊ သန်လျင်၊ တွံတေးတို့မှလည်း စေတီမြတ်ကြီးကို ငွားငွား စွင့်စွင့် တင့်တင့်တယ်တယ် ဖူးမြင်နေရ၏။ လှိုင်မြစ်တစ်ဖက်ကမ်းမှလည်း ကြည့်မြင် တိုင်ကို ကျော်လျက် ယင်းကိုဖူးတွေ့နိုင်၏။ ရန်ကုန်မြောက်ဖျား အင်းစိန် တည်ငး ကုန်းတို့မှပင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို တစ်ချိန်ကလှမ်းမြော်ဖူးတွေ့ခဲ့ရဖူးသည်။ ထိုသို့ အရပ်ရှစ်မျက်နှာမှ ဖူးတွေ့နိုင်သော ရွှေတိဂုံ စေတီတော်မြတ်ကြီးကို ယခုအခါ စိတ် အာရုံဖြင့်သာ ဖူးမြင်နိုင်တော့သည်။

မံသမျက်စိဖြင့် အဝေးအရပ်များမှ ယခုအခါ မဖူးမြင်နိုင်တော့ချေ။ တိဂုမ္ဘကုန်းမြေ က နိမ့်ကျသွားသကဲ့သို့ ထင်ရဖွယ်ရှိသည်။ စင်စစ် ခေတ်များက ပြောင်းလဲသွားခဲ့ ခြင်းကြောင့် ဖြစ်ပါသည်။ ရွှေတိဂုံသည် အဝေးမှ ရှေးယခင်ကလို ဖူးချင်တိုင်း ဖူးမရ တော့။ တိုက်တာ အိမ်ခြေများက ကွယ်ကာထားကြပေပြီ။ သို့သော် ယုံကြည်သူတို့ နှလုံးသားတွင်မူ ကိန်းအောင်းနေသော ရွှေတိဂုံစေတီတော်မြတ်ကြီးကား အမြဲထာဝရ ဖူးတွေ့နေရပါသည်။

## ယုံကြည်မှုထဲက ရွှေတိဂုံသမိုင်း

ရွှေတိဂုံသည် ဒဂုံမြို့(ရန်ကုန်)၏ မင်္ဂလာချက်ဖွေ့ သိင်္ဂုတ္တရကုန်းမြေထက်တွင် တည်ရှိသည်။ ရွှေတိဂုံကို အမွန်အစ တည်ထားကိုးကွယ်ခဲ့ကြသူတို့ကား မွန်မင်းများဖြစ် သည်။ မွန်မင်းတို့ဒေသသည် ပင်လယ်ဝန်းရံနေသောကြောင့် ပြင်ပကမ္ဘာမှလည်း အရောင်းအဝယ်ဗဟိုပြုရောက်ရှိလာခဲ့ကြသည်။ ထိုသို့ လာရောက်ခဲ့ကြသောကြောင့် ကုန်းတွင်းပိုင်းအရှေ့တောင်အာရှနိုင်ငံများက ဗုဒ္ဓသာသနာဝင်များ ဖြစ်သွားကြကာ ကျွန်းစုနေလူမျိုးများက နောက်ပိုင်းတွင် အစ္စလာမ်ဘာသာသို့ ပြောင်းလဲကိုးကွယ်သွား ကြသူများ၊ ခရစ်ယာန်ကိုးကွယ်ကြသူများ ဖြစ်သွားခဲ့ကြသည်။

ဘုရားရှင်လက်ထက်တော် ဗုဒ္ဓပွင့်ပေါ်တော်မူဦးစအချိန် ကတည်းက ရှိခဲ့သော ရွှေတိဂုံပုံရိပ်က သရေခေတ္တရာနှင့် ပုဂံကြီးကျယ်နေချိန်တွင် ရွှေတိဂုံသမိုင်းက ပျောက်

mgyoe.com

mgyoe.com


ကွယ်နေခဲ့သည်။ ရွှေတိဂုံနှင့်ဆိုင်သော မည်သည့်သမိုင်း အထောက်အထားမျှ ထို အစောပိုင်းကာလအတွင်း မတွေ့ရှိရချေ။ အစောဆုံးခြေရာခံမိသည်က ဝါရီရူးမင်းဆက် မှစခဲ့ပြီး ရာဇာဓိရာဇ်မင်း (၁၃၈၅–၁၄၂၃) လက်ထက်ကာလတွင်မှ ကိုးတောင်မျှ သော စေတီတော်လေးကို စတင်ငုံလျက် တည်ထားခဲ့သဖြင့် ရွှေတိဂုံသမိုင်း ဤတွင် စခဲ့တော့သည်။

သို့ဆိုလျှင် ကိုးတောင်မျှသောစေတီတော်ငယ်ကို မည်သူတည်ခဲ့သနည်း။ သမိုင်း က ဤတွင် ငုပ်သွားတော့သည်။ ဘုရားငယ်လေးတည်ရှိရာ နေရာသည်လည်း ကောင်း၊ မွမ်းမံတည်မည့်သူကလည်း မင်းဧကရာဇ်ဖြစ်နေသောအခါ စေတီတော် သမိုင်းကို ဤသို့စ၍မဖြစ်ချေ။ ဂုဏ်တူရန်၊ ပိုမိုထင်ရှားလာစေရန် ဖြစ်နိုင်သမျှသော သမိုင်းကို ရှာရပေတော့မည်။ မင်းခေါင်က ဖိုးရာဇာကို လူတို့၏အဓိပတိမည်သို့ စခဲ့ပါသနည်းဟု မေးသောအခါ ပညာရှိအမတ်ကြီးက မဇ္ဈိမဒေသမှ သကျသာကီဝင် အနွယ်များ လာပုံဇာတ်လမ်းကို လျှောက်ထားခဲ့သည်။ အမတ်ကြီးက မဟာဝင်၊ ဗုဒ္ဓ ဝင်ကျမ်းများ ကျေညက်သည်မဟုတ်ပါလော။ သို့ဖြင့် တကောင်းသည် တစ်ချိန် ကရှိခဲ့သော သင်္ကဿနဂရဖြစ်သွားလေတော့သည်။ ပညာရှိအတွေးသည် ပြေးကြည့် သည်ထက် သေချာသည်ဆို မဟုတ်လော။

ရွှေတိဂုံစေတီကုန်းတော်ပေါ်တွင် မွန်ဘာသာဖြင့်ရေးထိုးထားသော ကျောက်စာ တိုင်နှစ်တိုင်ရှိသည်။ ထိုကျောက်စာတိုင်ပါအကြောင်းအရာသည် ဘုရားရှင်လက်ထက် မဟာသက္ကရာဇ် ၁၀၃ (ခရစ်မပေါ်မီ ၅၈၉) တွင် တဖုဿ ဘလ္လိက ညီနောင်တို့ ပွင့် တော်မူဦးစ ဘုရားသခင်ထံရောက်ရှိ၊ ဆံတော်ရှစ်ဆူရ။ ယင်းတို့ကို ရွှေတိဂုံစေတီ တော်တည်ထား ဌာပနာခဲ့ကြောင်းဖြင့် သမိုင်းအစကို ရေးထိုးဖော်ပြထားသည်။ နောက် အသောက မင်းလက်ထက် တစ်ကြိမ်ပြင်ကြောင်းဖော်ပြသည်။ ထိုမင်းကြီးက စေတီ ပေါင်း ၈၄၀၀၀၊ ရေကန်ပေါင်း ၈၄၀၀၀၊ ရေတွင်းပေါင်း ၈၄၀၀၀ တို့ကို မဇ္ဈိမဒေသ အနှံ့ တည်ခဲ့တူးဖော်ခဲ့သော မင်းကြီးမဟုတ်ပါလော။ မြန်မာနိုင်ငံ၏ အတော်များများ သော စေတီပုထိုးတို့သည် အသောကမင်းကြီးကောင်းမှုများချည်း ဖြစ်နေပေသည်။ ထို့ကြောင့် ရွှေတိဂုံဘုရားသမိုင်းကို တဖုဿနှင့် ဘလ္လိကဇာတ်လမ်းဖြင့်စခဲ့သည်။

ရွှေတိဂုံစေတီတော်သမိုင်းကို ဇမ္ဗူဒီပဥဆောင်းကျမ်းတွင် အတော်စုံအောင်ဖော်ပြ ခဲ့သည်။ ရွှေတိဂုံသမိုင်းဟူသော တစ်အင်္ဂါမျှရှိသော ပေမူတစ်စောင်ကိုလည်း လေ့လာ ခွင့်ရသည်။ ထိုပေထဲကသမိုင်းကိုလည်း ယူပါသည်။ သမိုင်း စာပေမှတ်တမ်းမရှိမီ
mgyoe.com

mgyoe.com

အပိုင်းကိုလည်း အစဉ်အလာအတိုင်း ဖော်ပြခဲ့သည်။ ထိုအစဉ်အလာသည် ဤတွင် ပင် အဦးအစဖြစ်နိုင်ကောင်းသည်။ ထို့ထက်စောသော စာပေမှတ်တမ်း မတွေ့ရသေး ချေ။ ထိုမှတ်တမ်းအရ ဘုရားရှင်ထံမှ ရရှိလာခဲ့သော ဆံတော် ရှစ်ဆူကို သိကြားမင်း၊ ဥက္ကလာပမင်း၊ တဖုဿနှင့် ဘလ္လိက လေးဦးသားတို့ မဟာသက္ကရာဇ် ၁၀၃ ခု (၅၈၉ ဘီစီ) တွင် ပူးပေါင်းတည်ကြောင်းဆိုသည်။ စေတီတော် အမြင့် ၄၄ တောင် ရှိသည်။ တည်သောခုနှစ်မှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင်ဖြစ်သည်။ ဘုရားဆီမီး ထွန်း၊ ဆွမ်းကပ်၊ တံမြက်လှည်းနှင့် အစောင့်အနေလေးယောက်ကိုလည်း ဘုရားတွင် လှူခဲ့သည်။

ကြည်ညိုခြင်းနောက်တွင် မည်သည့်အတားအဆီးမျှမရှိနိုင်ချေ။ အဖြစ်အပျက်က အမှန်ဖြစ်သည်။ ဖြစ်ပျက်ရာ နေရာသာရွေ့သွားခြင်းဖြစ်သောကြောင့် များစွာမထိခိုက် လှချေ။ မည်သို့ပင်ဆိုစေ၊ ရှိစေ၊ ရွှေတိဂုံကို မွန်မင်း ရာဇဓိရာဇ်က စခဲ့သည်မှာ ဂုဏ် ယူရမည်သာဖြစ်သည်။ သမိုင်းဝင် အဦးအစ ဘုရားဒါယကာကြီးဖြစ်သည်။ ရွှေတိဂုံ စေတီတော်မြတ်ကြီးကို ပူဇော်သည့်အခါတိုင်း သမိုင်းသိသူများက ဘုရင်ရာဇာဓိရာဇ် ကို လေးစားကြည်ညိုနေကြမိကြမည်မှာ သေချာပေသည်။ မင်းကြီးက ဘုန်းတန်ခိုး လည်း ကြီးသည်မဟုတ်လော။ အဝမင်းကို ထိန်းထားနိုင်သောလက်ရည်တူမင်းဖြစ် သည်။ သားပေးသမီးယူ ဆိုသည်ကဲ့သို့လည်း မင်းချင်းဆွေမျိုး တော်စပ်ကြသည်။

ရွှေတိဂုံသမိုင်းကို လေ့လာလျှင် အထက်တွင် တင်ပြခဲ့သည့်သမိုင်း နှစ်မျိုးကို တွေ့ရသည်။ ကြည်ညိုမှုကြောင့် ဖြစ်ပေါ်လာသောယုံကြည်မှုသမိုင်းနှင့် အုပ်ချုပ်သူ မင်းကအစ ပြည်သူတစ်ရပ်လုံး၏ စိတ်ဆန္ဒနှင့်အညီ ဖြစ်ပေါ်လာသော သမိုင်းဟူ၍ ဖြစ်သည်။ ပြည်သူတစ်ရပ်လုံး၏ စိတ်ဆန္ဒဆိုရာတွင် အုပ်ချုပ်သူတစ်ပိုင်း ပြည်သူ တစ်ပိုင်းပါဝင်သည်။ ရှေးမင်းများလက်ထက်က အုပ်စိုးသောမင်းက သာသနာ့ ဒါယ ကာခံထားသဖြင့် ပြည်သူတို့ ကုသိုလ် လုပ်အားမပါဘိသို့ ရှိနေရသည်။ မင်းဆိုသူ များကသာ ဘဏ္ဍာတိုက်ထဲရှိ ရွှေငွေကျောက်သံပတ္တမြားတို့ကို ထုတ်ယူသုံးစွဲနေပြီး ကောင်းမှုဒကာခံခဲ့ကြသည်။ ပြည်သူ့အခွန်ဘဏ္ဍာတွေဟု မသိကြလေ။ ယခုအခါ ပြည်သူတို့ငွေကြေးဖြင့် ယနေ့ရွှေတိဂုံစေတီတော်ကြီးကို ကမ္ဘာသိအောင်လုပ်နိုင်နေ သည်။ ရှေးက ပြည်သူပါဝင်မှုမပါသည်လောက် မင်းဆိုသူတို့က တာဝန်ယူထားခဲ့ ကြသည်။ ပြည်သူက ပန်းဆီမီးကပ်၊ ဆွမ်းကပ်၊ တံမြက်လှည်းအဆင့်သာ ရှိခဲ့သည်။ ယခုအခါ ရွှေတိဂုံ၏ပုံရိပ်သည် ပြည်သူ့ပုံရိပ်ဖြစ်လာနေချေပြီ။
mgyoe.com

mgyoe.com


**ခေတ်ပြိုင်အထောက်အထားဖြင့် မှတ်ခဲ့သည့် ရွှေတိဂုံသမိုင်း**

ရွှေတိဂုံသမိုင်းကို ရှေးကလည်း အများပင်ရေးသားခဲ့ဖူးကြပြီ။ ရွှေတိဂုံသမိုင်း ပျို့,ဟူ၍ လင်္ကာဖြင့် ရွှေတိဂုံဘုရားသမိုင်း စကားပြေ ပေစာဖြင့် များစွာပင်ရှိခဲ့သည်။ ဇမ္ဗူဒီပဥဆောင်းကျမ်း၊ ရာဇဝင်ကျမ်းကြီးများ၊ မြန်မာနိုင်ငံဖြစ် ဗုဒ္ဓဝင်ကျမ်းများတွင်လည်း လေ့လာဖတ်ရှုနိုင်သည်။ ယခုစာကို ရေးသောအခါ အခြေခံကျောရိုးက ဇမ္ဗူဒီပဥဆောင်းကျမ်းမှယူပါသည်။ နောက် ရွှေတိဂုံဘုရားသမိုင်းငယ်ဖြင့်လည်း တိုက်ဆိုင် ဖော်ပြပါဦးမည်။ ထိုသမိုင်းကျမ်းငယ်သည် ကုန်းဘောင်ခေတ် အင်းဝဆင်ဖြူရှင်လက်ထက် ရွှေတိဂုံ မြေငလျင်ကြောင့် ပြိုသဖြင့် ပြန်ပြင်ခဲ့ရသည်။ ထိုအထဲမှလည်း အချို့ကိုယူကာ ရွှေတိဂုံဘုရားသမိုင်းကိုလည်း ပြန်လည် တင်ပြရပါဦးမည်။

ထို့နောက် ရွှေတိဂုံသမိုင်းမှာ မြုပ်လျက်ရှိနေပြီး သက္ကရာဇ် ၆၄၃ (ခရစ်နှစ် ၁၂၈၁) တွင်မှ ပြန်ပေါ်လာခဲ့ပြန်သည်။ ထိုကာလတွင် ပုဂံ၌ တရုတ်ပြေးမင်းစိုးစံနေသည်။ ပုဂံသည် အုပ်စိုးနေသော မင်း၏ဆိုးသွမ်းမှု တရုတ်ကျူးကျော်မှုတို့ကြောင့် ပျက်လုနီးအခြေအနေသို့ရောက်ရှိနေပြီး အောက်မြန်မာပြည်မှ မွန်တို့သည် ကိုယ့်မင်းကိုယ့်ချင်း ပြန်လည်ထူထောင်နိုင်သော အချိန်ဖြစ်လာခဲ့သည်။ ထိုသည့်နှစ်တွင် ဗညားရာဇာက မထင်ရှားဖြစ်နေသောရွှေတိဂုံ စေတီတော် ပြိုပျက်နေသည်ကို ပြုပြင်ကာ အဟောင်းကို ငုံလျက်ပြန်တည်ခဲ့သည်။ ရွှေထီးနဝရတ် အထွတ် တင်ခဲ့ကြောင်း အဦးအစတွေ့ရသည်။ နောက်အနှစ် ၅၀ ကျော်အကြာ သက္ကရာဇ် ၇၁၀ (ခရစ်နှစ် ၁၃၄၈)တွင် စေတီတော် ပြိုပျက်ပြန်သဖြင့် ဗညားရက္ခိုက်က အောက် ကလပ်အခြေကို ၁၅၄ တောင်ဖွင့်လျက် တည်ခဲ့ရပြန်သည်။ အခြေ ပစ္စယံကို အတော်လေး စတင်တိုးချဲ့ကာ စေတီဟောင်းကို ငုံလျက်တည်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က အထက်ပိုင်း ပင်းယတွင် မင်းကျော်စွာ စိုးစံလျက်ရှိနေသည်။ ဗညားရက္ခိုက်မင်းဆောင်ရွက်ချက်သည် အလုံးစုံ မပြီးမြောက်ခဲ့ချေ။

ထို့ကြောင့် နောက် ခုနစ်နှစ်အကြာသက္ကရာဇ် ၇၁၇(ခရစ် ၁၃၅၅) တွင် ဗညားဖြူဆက်၍ တည်လုပ်တော်မူပြန်သည်။ ထိုမင်းလည်း ဘုံနှစ်ဆင့်လောက်ဖြင့် နတ်ရွာစံသွားရသည်။ မပြီးမြောက်ခဲ့ချေ။ ထို့ကြောင့် တက်လာသော သားတော် ဒါသရာဇာဗညားကျန်းထောက အပြီးတိုင်တည်လုပ်နိုင်ခဲ့ပြီး ရွှေထီးနဝရတ်ခြယ်၊ ရွှေဆည်းလည်း၊ ငွေဆည်းလည်း ငွေကြိုးရှစ်သွယ်ဆိုင်း၍ တင်လှူတော်မူခဲ့သည်။ ရွှေပုစွန်ခွံမွမ်းခဲ့သည်။ ရှေးလှူရင်းအတိုင်း ပြန်လှူခဲ့သည်။ ရှေးက ဘုရားဝတ်ပြုလုပ်ရန် လူလေး

mgyoe.com

mgyoe.com

ဦးသာ လှူခဲ့ဖူးသည်။ နောက်ထပ် အင်အားဖြည့်လျက် ရွှေတိဂုံဘုရားသို့ ဆီမီးထွန်း၊ တံမြက်လှည်း၊ သင်ပုတ်ဝတ်သိမ်း၊ အစောင့်အနေ စုစုလူပေါင်း ၈၈ ဦးလှူခဲ့ပြန်သည်။ ထိုအချိန်တွင် စေတီတော်အမြင့်သည် ၂၀၁ တောင် ၁ ထွာ ၁ မိုက်နှင့် လက် ၄ လက်သစ်ရှိသည်။ ထိုမင်းသည် ဘုရင်မကြီး ရှင်စောပု၏ သားတည်း။ ထိုအချိန်ထိ ရွှေတိဂုံ စေတီတော်အတွက် ပုဂံမှာကဲ့သို့ မြေယာများလှူကြောင်း မတွေ့ရသည်မှာ ထူးခြားလွန်းနေ၏။ စဉ်းစားစရာ များလည်းဖြစ်လာခဲ့ပါသည်။ သို့သော် ဤနေရာတွင် မဆွေးနွေးသေးဘဲ ကျော်ခဲ့ပါမည်။

ရာဇာဓိရာဇ်မင်းမရှိသည့်နောက် မြေးတော် (ရှင်စောပုသား) သီဟရာဇာ(ဗညားဝါရူ) သက္ကရာဇ် ၇၇၀ (ခရစ်နှစ် ၁၄၄၇)တွင် မင်းဖြစ်သည်။ ထိုမင်းက ရွှေတိဂုံ အကြောင်း မဟာခဲ့ မလုပ်ခဲ့ဟုထင်သည်။ သမိုင်းတွင် မည်သို့မျှမကြားမိဖူးခဲ့။ ယင်း မရှိသောအခါ အမိဖြစ်သူရှင်စောပု ဗညားကျန်း(ထော) ဘွဲ့ဖြင့် ၁၄၅၃ ဆယ့်ကိုးနှစ် မင်းပြုသည်။ ထိုမင်းလက်ထက် သာသနာတော်ထွန်းကားခဲ့သကဲ့သို့ ဘုရင်မကြီး သည် ဘုရား တရား သံဃာ ရတနာသုံးပါး၌ အလွန်လျှင် ရိုသေကိုင်းရှိုင်း၏။ ရွှေတိဂုံစေတီတော်မြတ်ကြီးကို အထူးပြုပြင်တည်ဆောက်ခဲ့၏။ ဘုရင်မကြီးတည် ဆောက်ခဲ့သော စေတီတော်ပစ္စယာမကို ၂၈၈ တောင် စတုရန်းဖွင့်လျက် တည်ဆောက် ခဲ့သည်။

### ဘုရင်မကြီးရှင်စောပု အလှူတော်စာရင်း

သမီးတော်ဘုရင်မကြီး ရှင်စောပုလက်ထက်တွင်ကား ရွှေတိဂုံစေတီတော်မြတ် ကြီးသည် သာလွန်ကြီးကျယ် လာခဲ့ရပြန်သည်။ ဘုရင်မကြီးသည် ရာထူးစည်းစိမ် ကိုပင် စွန့်လွှတ်ကာ ရွှေတိဂုံ ခြေတော်ရင်း၌ စံမြန်းလျက် ဘုရားအမှုကိစ္စများကိုသာ ကျန်ရှိနေသော ဘဝတစ်လျှောက်လုံး ဆောင်ရွက်သွားတော့သည်။ ထို့မျှ ဘုရားရှင် သာသနာတော်အပေါ် ကြည်ညိုမှု တုဘက်မမြင် လွန်ကဲလွန်းလှလေသည်။ မြန်မာ့ သမိုင်းတွင် မည်သည့် သာသနာ့ဒါယကာဆိုသူမျှ ရှင်စောပုယုံကြည်သလောက် မယုံ ကြည်နိုင်ကြချေ။ စံပြုအတုယူထိုက်သော ဘုရင်မကြီးတစ်ပါးဖြစ်ခဲ့သည်။ မြန်မာ နိုင်ငံအမျိုးသားသမိုင်းတွင် တစ်ပါးတည်းသော ဘုရင်မကြီး၊ လောကစံအထောင်း အထုကို ပြင်းထန်စွာခံခဲ့ရသောဘုရင်မကြီး၊ နိုင်ငံအုပ်ချုပ်မင်းလုပ်ရသောအခါလည်း ပြည်သူတို့ကောင်းကျိုးကိုကြည့်လျက် သာသနာတော်ပြန့်ပွားတိုးတက်ရေးကို စွမ်းအား
mgyoe.com

mgyoe.com


ရှိသလောက် ကြိုးပမ်းခဲ့သောဘုရင်မကြီး၊ ရွှေနန်းစည်းစိမ်ကိုပင် စွန့်လွှတ်ယာ ဘုရားရှင်ဝေယျာဝစ္စကိုသာ လုပ်ဆောင်နေခဲ့သောဘုရင်မကြီးဖြစ်သည်။

ဘုရားတရား၌ အလွန်ရှိသေကိုင်းရှိုင်းသောဘုရင်မကြီး ရှင်စောပုသည် ထီးနန်းစည်းစိမ်ကို ၁၉ နှစ် ခံစားစံစားပြီးနောက် ထီးနန်းကို သမက်တော်အားလွှဲပြီး ရွှေတိဂုံအနောက်တောင်ထောင့်တွင် သစ်မြို့ဆောက်ကာ ဘုရား၌နေ့စဉ်ဝေယျာဝစ္စပြုရင်းနတ်ရွာစံသည့်တိုင် ဘုရားအမှုကိုသာ ပြုသွားတော်မူခဲ့သည်။ ဘုရင်မကြီး ရွှေတိဂုံဖွံ့ဖြိုးတိုးတက်လာစေရန် မည်မျှလုပ်ဆောင်ခဲ့ပါသနည်း။

စေတီတော်ကို ၂၈၈ စတုရန်းလေးမျက်နှာဖွင့်လျက် တည်ခဲ့သည်။

စေတီတော်တစ်ခုလုံးကို ရွှေပုစွန်ခွံမွမ်းခဲ့သည်။

ခြေတော်ရင်းပတ်လည်တွင် ကျောက်ပြားများခင်းသည်။

ကျောက်ဆီမီးတိုင်များ စိုက်သည်။

ရွှေဥမင်ကျောင်းရံ ၂၀ ဆောက်လှူခဲ့သည်။

သံဃာတော်များကို ပရိက္ခရာရှစ်ပါးအစုံ လှူသည်။

ဘုရားကို ပြုစုရန် ဒဂုံတစ်မြို့လုံးရှိ လူ ၅၀၀၀၀ ကို တာဝန်ယူစေခဲ့သည်။

ကြေးချိန် ၁၂၀၀ ရှိထီးတော်ကြီး လှူတော်မူခဲ့သည်။

လူရှစ်ယောက်ထမ်းရွှေသပိတ် လေးလုံးလှူထားရှိခဲ့သည်။

ရွှေပန်းခံ့ရှစ်ချပ်ပြုလုပ်လှူခဲ့သည်။

ရွှေထမ်းစင် လေး၊ သင်ပုတ်တင်လူ လေး၊ ဆီမီးထွန်းလူလေး လှူခဲ့သည်။

တိုက်စောင့်လူ နှစ်ဆယ်၊ သင်ပုတ်သိမ်းလူနှစ်ဆယ် ကမ္ပည်းထိုး၍ လှူခဲ့သည်။

အခွန်ရွှေ ၇၅ ပိဿာ လှူတော်မူခဲ့သည်။

ဤကား ဘုရင်မကြီးရှင်စောပု ရွှေတိဂုံသို့ လှူတော်မူခဲ့သော အလှူတော်စာရင်းတည်း။ ရွှေ ၇၅ ပိဿာ ဟူသောအလှူသည် အလွန်သဒ္ဓါတရားကြီးလွန်းလှသတည်း။ ယနေ့ ခေတ်ငွေဖြင့်တွက်လျှင် ဘီလီယံ ချီ၍ ရှိပေသည်။ (ယခု ဤစာရေးနေချိန် ၁၆ ဖေဖော်ဝါရီ ၂၀၁၈ ရက်နေ့ရွှေဈေးသည် တစ်ကျပ်သားလျှင် ၉၄၀၀၀၀ ရှိသည်။ သို့ဆိုလျှင် ၇၅၀၀ × ၉၄၀၀၀၀= ကျပ်သန်းပေါင်း ၇၀၅၀ ရှိလေသည်။)

**ဓမ္မစေတီမင်း အလှူတော်စာရင်း**

ဘုရင်မကြီးရှင်စောပုနောက်ဆက်ခံခဲ့သူကား သမက်တော် ရာမာဓိပတိမင်း(ဓမ္မ

mgyoe.com

mgyoe.com


စေတီဟု ထင်ရှားခဲ့) ဖြစ်တော်မူသည်။ ထိုမင်းက သက္ကရာဇ် ၈၄၀ (ခရစ်နှစ် ၁၄၇၈) တွင် နန်းတက်ခဲ့ပြီး ဘုရင်မကြီးကဲ့သို့ ရွှေတိဂုံစေတီတော်မြတ်ကြီးကို များစွာ ပြုစုရှက်ဆောင်တော်မူခဲ့သည်။ ရွှေတိဂုံစေတီတော်သို့ ယင်းကိုယ်လေး၊ မိဖုရားနှစ်ပါး ကိုယ်လေး စုစုပေါင်း သုံးဦးတို့ကိုယ်လေး ရွှေ ၉၅ ပိဿာကို ရွှေတိဂုံဘုရားသို့ ရွှေပုစွန်ခွံမွမ်းလျက် လှူတော်မူခဲ့သည်။ မျက်မှောက်ခေတ်ငွေကျပ်သန်းပေါင်း ၈၅၅၀ ရှိပေသည်။

ခေါင်းလောင်းကြီး အဝ ၆်၊ စောက်ကြေးကွင်းတိုင် ၁၃်၊ ကြေးချိန် ၁၈၀၀၀ သွန်းလုပ်လှူ

ခေါင်းလောင်းငယ် ၁၈၀၀၀၊ ရွှေချိန် ၇၇၅၀၊ ငွေချိန် ၅၀၀၀(အခွန်တော်)ကို လည်း လှူတော်မူသည်။

ရွှေတိဂုံစေတီရံ ၄၈ ဆူ(မင်းကြီးအသက်နှင့်အမျှ) တည်တော်မူသည်။

တောင်ကလပ်ခြေကို ၁၃ တောင် ၁ သစ် လေးမျက်နှာဖွင့်တည်

ရွှေထီး ရွှေဆည်းလည်း ၄၈၊ ငွေဆည်းလည်း ၄၈ တပ်ဆင်။

ရောင်လျှံတော်ဆပ်သွားဖူးကျောက်နဝရတ်များ စီခြယ်

ရွှေဝေါတွင် ရွှေသပိတ်တင်၍ ရွှေဝေါထမ်းလူ ၉၀ လှူတော်မူသည်။

ဤသည်ကို ဓမ္မစေတီမင်း(ရာမာဓိပတိ) လှူတော်မူခဲ့သည်။ ရွှေချိန် ၇၇၅၀ သည် ကျပ်ချိန်ဖြင့် တွက်လျှင် ထိုရွှေ၏ မျက်မှောက်ခေတ်တန်ဖိုးသည် ၇၇၅၀ × ၉၀၀၀၀၀= သန်းပေါင်း ၆၉၇၅ ရှိသည်။ ထိုတွင် ရွှေငွေခေါင်းလောင်း ၄၈ လုံးစီ မပါသေးချေ။ ရွှေချည်း မင်းကြီးလှူသမျှသည် ကျပ်သန်းပေါင်း ၈၈၅၀+၆၉၇၅= ၁၅၈၂၅ ရရှိသည်။ မင်းကြီးလှူခဲ့သော ရွှေတန်ဖိုးချည်းပင် ကျပ်သန်းပေါင်း ၁၅၈၂၅ ရှိသည်။ မည်မျှသဒ္ဓါတရားထက်သန်သောမင်းကြီးပါနည်း။

နောက်ဆက်ခံသောမင်းများလည်းလှူခဲ့ကြပါသည်။ သက္ကရာဇ် ၈၈၅ ခုတွင် မုနိရာဇဒါယကာရွတ်ပိမင်းသည် ရွှေတိဂုံကို ရွှေလုပ် ပတ္တမြားစီ ရွှေသပိတ် တစ်၊ ဆင်ပေါက် ၂ စီး၊ ကံကျွေးခံလူ ၂၀ ကို လှူတော်မူခဲ့သည်။ တစ်ဖန် ၉၉၇ ခု(ခရစ်နှစ် ၁၆၃၅)တွင် ဗညာတေဇောဘွဲ့ခံ တလဗညားလက်ထက် လေမုန်တိုင်းကြောင့် သပိတ်မှောက်တိုင် ပြိုကျခဲ့သောရွှေတိဂုံစေတီတော်ကို ပြုပြင်ထီးတင်ခဲ့ရပြန်သည်။ သမိန်ထောနတ်ကလိလက်ထက်တွင်လည်း ပရိတ်ချည်လှူကြောင်းမျှ တွေ့ရသည်။ ဤသည်မှာ မွန်မင်းများ ရွှေတိဂုံစေတီတော်မြတ်ကို မည်မျှအလေးထားကြည်ညိုပြု

mgyoe.com

mgyoe.com


ပြင်ထိန်းသိမ်းခဲ့ကြကြောင်း သာဓကတည်း။

ဟံသာဝတီတွင်စိုးစံခဲ့သော ဆင်ဖြူရှင် မင်းတရားကြီးကလည်း ရှေးအထက်မွန်မင်းများကောင်းမှု ရွှေတိဂုံရွှေမော်ဓောတို့ သက္ကရာဇ် ၉၉၀ (ခရစ်နှစ် ၁၆၂၈) ကျော်တွင် ငလျင်ကြောင့် ပြိုပျက်ခဲ့ရသည်များကို ကောင်းစွာပြုပြင်ခဲ့ပေသည်။ ထိုအကြောင်းကို ဤနေရာတွင် မဖော်ပြတော့ပါ။ နောက်တွင်လည်း ခေတ်အခါအလိုက် ပါလာမည်ဖြစ်ပါသည်။ အချုပ်သဘောမှာ မွန် ဗမာမင်းတို့သည် သာသနာတော်အပေါ်တွင် သာသနာတော်ကြီး တည်တံ့ခိုင်မြဲတိုးတက်ပြန့်ပွားရေးသာဖြစ်ပြီး အခြားသောမိစ္ဆာအမြင်များကို ဖယ်ခွာနိုင်ခဲ့ကြပေသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်ပြန့်ပွား တည်တံ့ခိုင်မြဲရေးတွင် မွန်တို့ကျေးဇူးကြီးမားမှုကို အနည်းဆုံးသုံးကြိမ်သုံးဌာနတွင် တွေ့ရှိရနိုင်ပေသည်။ ယင်းတို့မှာ

ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် ပိဋကတ်တော်များအတွက် ကျေးဇူးတရား

သာသနာတော်သန့်ရှင်းရေးအတွက် ကလျာဏီသိမ်တည်ခဲ့ခြင်းကျေးဇူးတရား

ဤ မြတ်ဘုရားရွှေတိဂုံစေတီတော်မြတ်ကြီး တည်ထားစောင့်ရှောက်ပေးခဲ့ကြသည့် ကျေးဇူးတရားတို့ဖြစ်သည်။ သမိုင်းတွင် လူမျိုးတိုင်းတွင် တန်ဖိုးများရှိကြသည်။ ကျေးဇူးတရားများ အပြန်အလှန်ရှိကြသည်။ ကျေးဇူးခံကျေးဇူးစားဟူ၍ သီးသီးသန့်သန့်ဆိ မရှိ။ အပြန်အလှန်ရှိနေကြပြီး မသိခြင်း မသိဟန်ပြုခြင်းမျိုးသာ ရှိပေသည်။ ထို့ကြောင့်လည်း သမိုင်းညစ်နွမ်းရခြင်းဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီးက ယခုအခါ ပြည်သူတစ်ရပ်လုံး၏ စေတနာစွမ်းအားများဖြင့် ထည်ဝါဝင့်ကြွားနေနိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းပုံရိပ်ကောင်းတစ်ခုဖြစ်နေသည်။ ရွှေတိဂုံတွင်ထိုင်လျက် အကျိုးရှိသော အလုပ်ကိုလုပ်နေလျှင် နိဗ္ဗာန်တိုင် ရောက်ရှိနိုင်ပေသည်။

## ရွှေတိဂုံစေတီတော်သမိုင်း ပေမူကောက်နုတ်ချက်

ရွှေတိဂုံဘုရားနှင့်ဆိုင်သော ပေမူတစ်စောင်ကို နယ်မှ ရရှိလာခဲ့ပါသည်။ ထိုပေမူကို ရေးကူးရန် စိတ်ကူးရှိခဲ့ပါသော်လည်း လက်တွေ့တွင် မလုပ်ဆောင်နိုင်ခဲ့ပါ။ အကြောင်းအရာက မထူးခြားသောကြောင့် ဖြစ်သည်။ သို့သော် အမှန်တကယ်လေ့လာကြည့်သောအခါ မထူးခြားဆိုသည်ထဲကပင် ထူးခြားချက်ကလေးများကို တွေ့လာရသောကြောင့် သမိုင်းခေတ်ဆိုင်ရာအပိုင်းကို လေ့လာလိုသူတို့အတွက် ကူးယူဖော်ပြပေးလိုက်ပါသည်။ ပေမှာ ရှစ်ကြောင်းရေး၊ တစ်အင်္ဂါ(၁၂ ချပ်)သာ ရှိပါသည်။ မြေဒူးမင်း

mgyoe.com

mgyoe.com


လက်ထက် ရွှေတိဂုံစေတီတော် ငလျင်ကြောင့် ပြိုကျခဲ့သဖြင့် ထိုမင်းက ပြန်လည်တည်ဆောက် ထီးတော်တင်ခဲ့သော အကြောင်းရှိသဖြင့် ပေါ်ပေါက်လာခဲ့သော ရွှေတိဂုံသမိုင်းကျမ်း ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်၏ သမိုင်းကိုလေ့လာလျှင် နှစ်ပိုင်းခွဲခြားပြောဆိုမှပြည့်စုံပါမည်။ ပထမက စတင်တည်ဆောက်ခဲ့သည်မှ အသောကမင်းတရားကြီးလက်ထက်တော် ပြင်ဆင်ခဲ့သည်အထိ တစ်ပိုင်း(ထိုအပိုင်းသည် က–မှ ကောအထိ)နှင့် မွန်မင်းဆက် မြန်မာမင်းဆက်တို့ ဆက်လက်ထိန်းသိမ်းပြုပြင် တည်ဆောက်ခဲ့သည့်သမိုင်း (ကော် မှ ကားအထိ) ဟူ၍ ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်မြတ်၏ မူလ ဒါယကာများသည် သိကြားမင်း၊ ဥက္ကလာပမင်း၊ တဖုဿနှင့် ဘလ္လိက လေးဦးတွဲဖြစ်ပါသည်။ ထို့နောက် ပြန်လည်ပြုပြင်ထိန်းသိမ်းခဲ့သူအဖြစ် သီရိဓမ္မာသောကမင်းကြီး ပါလာခဲ့သည်။ ထို့နောက်မှ မွန်ဘွဲ့မည်ပါမင်းများကို ပုဂံပျက်လုဆဲကာလတွင် စတင်တွေ့ရှိလာခဲ့ရသည်။ ထို့ကြောင့် ပုဂံခေတ်နှောင်းကာလကတည်းက ရွှေတိဂုံကို ခြေရာကောက်မိခဲ့သည်။ ပဓာနကုသိုလ်ရှင် မင်းများတွင် ရာဇဓိရာဇ်၊ ရှင်စောပု၊ ဓမ္မစေတီမင်း ဟံသာဝတီဆင်ဖြူရှင်၊ မြေဒူးမင်း (အင်းဝဆင်ဖြူရှင်)နှင့် မင်းတုန်းမင်းတို့ ဖြစ်ပါသည်။ ထိုအကြောင်းတို့ကို မတင်ပြမီ ကုန်းဘောင်မင်းဆက်မှ ဆင်ဖြူရှင် လက်ထက်ပြုစုသော ရွှေတိဂုံသမိုင်းပေစာကို ကူးယူတင်ပြလိုပါသည်။ ထိုစာတမ်းအကြောင်းလူသိနည်းနေပါသေးသဖြင့် သမိုင်းလေ့လာမှုတွင် ခေတ်ပြိုင်အထောက်အထား တစ်ခုဖြစ်ပါသည်။

"သာသနာတော် ၂၁၈ ခြော်လျှင် ပါဋ္ဌလိပုတ်ပြည်ကို အစိုးရသော ဗိန္ဒုသာရမင်းသား သီရိဓမ္မာသောကမင်း ရဟန္တာ ၁၀၀၀ နှင့် တတိယသင်္ဂါယနာတင်တော်မူသည်။ ဓာတ်တော် မွေတော် မဖူးတွေ့ရသောကြောင့် ဆံတော်ရှိရာဗိုလ်ခြေနှင့်ချီလာသည်။ ဥက္ကလာပမြို့ဟောင်းသို့ ရော်လျှင် ဆံတော်နေရာမတွေ့သည်နှင့် ပြန်မည်ရှိသည်တွင် ပုဂ္ဂလိထေရ်၊ ဥတ္တရထေရ်ရဟာန်း ၂ ပါး တံမြက်ခတ်၍လာရာ သီရိဓမ္မာသောကမင်းက ကိုယ်တော်အရှင် ၂ ပါး မည်သည့်အရပ်သို့ ကြွတော်မူမည် လျှော်ပေသည်တွင် ဘုရားရှင်ဆံတော်ကိုဖူးမည်ပြောသည်။ တပည့်တော်မတွေ့၍ ပြန်မည်ရှိပါသည်။ သည်ကုန်းတွင်ဆံတော်ရှိပါသည်။ ရဟန္တာ ၂ ပါးက ညွှန်ပြသည့်နေရာ ချုံပိတ်ပေါင်း မြက်သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းပြီးလျှင် အုပ္ပုကိုတွေ့ရပါသည်။ သီရိဓမ္မာသောကမင်းကြီးလည်း ဝမ်းမြောက်

mgyoe.com

mgyoe.com


ဝမ်းသာရှိ၍ ဖူးမြော်ပူဇော်ကန်တော့ပြီးလျှင် တန်ဆောင်ပြာသာဒ်လှူဒါန်းသည်။ ပြီးလျှင် ရဟန္တာ ၂ ပါးကိုပင့်ဖိတ်၍ ရေစက်ချသည်။ ရဟန္တာ ၂ ပါးလည်း လိုရာအရပ်သို့ ကြွသွားတော်မူသည်။ သီရိဓမ္မာသောကမင်းလည်း နေရင်း ပါတလိပုတ်ပြည်သို့ ၎င်းလဆန်း ၅ ရက်နှင့်ပြန်သွား၍ ရောက်သည်။

"နော် သာသနာတော် ၁၁၁၆ နှစ်ရှိလျှင် ကျွန်းပေါ်ထွန်း၍ ရာဇဌာနီ မင်းနေပြည်တော် ဖြစ်သည်။ ဘုရားသခင်ဗျာဒိတ်ပေးသည်အတိုင်း ကောဇာသက္ကရာဇ် ၅၁၄ ရောက်ကာလ သာဝလ ဝိမလ ညီနောင် ၂ ယောက် ကျွန်းပေါ်ထွန်းသည် နေရာကို သိကြားကမြို့တည်၍ သာဝလ ဝိမလ ညီနောင် ၂ ယောက်ကိုအပ်သည်။ ဟံသာဝတီမြို့သမုတ်တော်မူသည်။ သာဝလ ဝိမလတို့ ရွှေထီးရွှေနန်း သိမ်းမြန်း အုပ်စိုးတော်မူသည်။ ၎င်းမင်းတို့အဆက်အနွယ် ၂၇ ဆက်ရှိလျှင် အဆက်ကုံ၍ မြို့ရာ ၅၂၉ နှစ် လူသူမရှိ၍ သုံဖြင့်နေသည်နှင့် နော် မုတ္တမမြို့မှာ ဝါရိယမင်းလည်း ထီးနန်းစိုက်၍ အုပ်စိုးနေသည်။ ဝါရိယမင်းမရှိလျှင် သားတော်ဆက်ခံ၍ မင်းပြုတော်မူသည်။ ၎င်းမင်း ၇ ဆက်အဆုံးတွင် ပညာဦဂ မင်းပြုလျှင် မုတ္တမမြို့မှာ ၁၂ နှစ် နန်းစံသည်"

"သက္ကရာဇ် ၇၄၃ ခုတွင် ပညာဦလာ၍ ဟံသာဝတီမှာ ဆက်ခံ၍ မင်ပြုသည်။ ရွှေတဂုဏ်ဘုရားဖူးမဉ် ဗိုလ်ခြေနှင့်လာ၍ ရွှေတဂုဏ်ဘုရားသည် ပြိုပြက်သည်ကို မြင်လျှင် ပညာဦက ဒါယိကာခံ၍ သံတောင် ၄၀၊ စေတီတည်လုပ်ပြီးလျှင် ဟံသာဝတီမြို့သို့ ပြန်သွားသည်။ ပညာဦက ဟံသာဝတီတွင် နန်းစံ ၂၂ နှစ် ၂ စု။ နန်းစံ ၄၅ နှစ် အနိစ္စရောက်သည်။ ပညာဦမရှိလျှင် သက္ကရာဇ် ၇၆၇ ခု။ ပညာနွယ်ဆက်ခံ၍ ဟံသာဝတီမြို့မှာ မင်းပြုသည်။ ဘုရားရှင်ကို မဖူးမမြင်ရ နန်းစံ ၃ နှစ် အနိစ္စ ရောက်သည်။ ဟံသာဝတီမြို့မှာမင်းပြုသည်။ ဘုရားရှင်ကို မဖူးမမြင်ရ။ နန်းစံ ၃၈ နှစ်နှင့် အနိစ္စ ရောက်သည်။ သက္ကရာဇ် ၇၇၀ တွင် ဓမ္မရာဇာဆက်ခံ၏သည်။ သက္ကရာဇ် ၈၀၈ ခုတွင် ပညာရံဆက်ခံ၍ ဟံသာဝတီမြို့မှာ မင်းပြုသည်။ ရွှေတဂုဏ်ဘုရားရှင်ကို အဖူးအမျှော် လာသည်တွင် ဘုရားပြိုပြက်သည်များကို မြင်၍ သဒ္ဓါကြည် ညိုသည်နှင့် ဘုရားဘိနတ်တော် ၂၂၅ ဖွင့်၍ အသစ်စခင်းတည် လုပ်သည်။ ပထမ ပစ္စရာရောက်လျှင် ဝေဒနာစွဲကပ်၍ နန်းစံ ၁၆ နှစ် အနိစ္စရောက်သည်။ သက္ကရာဇ် ၈၁၄ ခုတွင် သို့ပယူဆက်ခံ၍ ဟံသာဝတီမြို့မှာ မင်းပြုသည်။ အထက် ပညာရာန် တည်လုပ်သည်။ စေတီကော် ပစ္စရာကသည် ထပ်၍ သပိတ်မှောက်ရော်

mgyoe.com

mgyoe.com


တဉ်လုပ်သည်တွင် နန်းစံ ၄ နှစ်နှင့် အနိစ္စရောက်သည်။"

"သက္ကရာဇ် ၈၁၈ ခုနှစ်တွင် ပညာတော်ဆက်ခံ၍ ဟံသာဝတီမှာ မင်းပြုသည်။ ဘုရားရှင် အဖူးအမျှော်လာရာ သို့ပယူတဉ်လုပ်ထားသည်။ သိပိတ်မှောက်/ကသဉ် ဆက်၍ အပြီးတိုင်အောင်။ ညန်တော် ၁၈၆ ဒိ ၅ တဉ်လုပ်သို့။ ထီးတော်လဉ် တင်လှူသည်။ နန်စံ ၇ နှစ်နှင့် အနိစ္စရောက်သည်။ ၎င်းနော် ဆင်းရဲသားဝယ် မဉ်ဇေတောသည် ဆက်ခံမင်းလုပ်၍ အရိတ္ထရာဇာဖွဲ့ခံ၍ နန်စံ ၇ လနှင့် အနိစ္စ ရောက်သည်။ သက္ကရာဇ် ၈၂၅ ခု ပညာတော်ဆက်ခံ၍ မိမ္မရှင်စော်ပုဆက်ခံ၍ ဟံသာဝတီမြို့မှာ မင်းပြုသည်တွင် ဓမ္မစေတီပေါ်၍ မြို့ကိုဓမ္မစေတီသို့ အိမ်ရှေ့အရာ လွှဲအပ်ပြီးလျှင် ရွှေတဂုဏ်ဘုရား ရှင်မှာ အဖူးအမျှော်လာရာ စေတီတော်ကို မြင်လျှင် သဒ္ဓါကြည်ညိုသည်ဖြစ်၍ ဘုရားတံတိုင်းပြက်စီးသည်ကိုမြင်လျှင် သိင်္ဂုတ္တရ ကုန်းတောင်မှာ ကွမ်တော်တဲနန်ဆောက်၍ ၇ နှစ် စံနေသည်။ အတွင်းတံတိုင်း ၇ ထပ်လုပ်ပြီးလျှင် ဘုရားဝတ်တော်နေမြေနယ် သတ်မှတ်၍ လှူတော်မူသည်။ အရှေ့ကိုလိုလားသော် ကြိုက်ကနက်၊ တောင်ကို လိုလားသော် ဓနုပ်ကင် ဘုရား တိ။ အနော်ကို ကြိုက် ဖျောင်ဗျားဘုရားတိ။ မျော်ကို ကြိုက် မိုးညတ်ဘုရားတိ။ နယ် ၄ ရပ်သတ်မှတ်၍ လှူတော်မူသည်။ ၎င်းပြင် ဘုရားရှင်မှာ အစောင့်အထိန် တံမြက်လှည်း ဆီမီးထွန်း ဆိုင်း အတီး အက ပုပဲ ရွှေသွော်ကြီးညန် သွော်ကြီးတို့ပါ လူ ၅၀ လူတို့ပါလှူတော်မူသည်။ ခေါင်းလောင်း အချိန် ၂၈၀၀ ကိုလည်း လှူတော်မူပြီးလျှင် ဟံသာဝတီသို့ပြန်ရောက်လျှင် သမီးတော်ကို ဓမ္မစေတီနှင့် လက်ထပ်၍ နန်းစံအသက် ၆၅ နှစ် အနိစ္စရောက်သည်။"

"သက္ကရာဇ် ၈၃၂ ခုတွင် ရှင်စောပုသမီးနှင့် ဓမ္မစေတီနှင့်ဆက်၍ ဟံသာဝတီမြို့ မှာ မင်းပြုသည်။ ထိုမင်းသည် သီလဒါနနှင့် မွေ့လျော်သည်ဖြစ်၍ ရွှေတဂုဏ် ဘုရား အဖူးအမျှော်လာသည်နှင့် ရွှေကိုယ်လေး ရွှေပုစွန်ခွံခတ်ပြီးလျှင် ရွှေသင်္ကန်း ကပ်လှူတော်မူသည်။ အထက်ရှင်စောပုလှူသည့် ဝတ်တော်မြေ ကျယ်သည်ဖြစ် ၍ အစဉ်ထာဝရဖြစ်တော့မည်။ ဆင်းရဲသားတို့ လုပ်ဆောင်စားသောက်ရအောင် ခြံတော်မူပြန် သည်။ ကြေး ၃၆၀၀၀ ကိုလှူပြီးလျှင် ဝတ်နယ်မြေခြုန့်သည်။"

"အရှေ့ကို ငမိုးရိပ်ချောင်း
တောင်ကို ဧရာဝတီမြစ်လယ်ကြောထိ
အနော်ကို ပင်ဝဘော မြစ်လယ်ကြောထိ

mgyoe.com

mgyoe.com


မြေခံကို သံတင်ကလောချောင်ကောက်ကောက်စင်းစင်း ကျိုက္ကလို့တောင်နား၊ ချောင်းဖျားနှင့်အထိ နယ်လေးရပ်သတ်မှတ်ခြုန့်တော်မူသည်။ နယ်ကို နုတ်လှူ တော်မူသည်။ ကြေး ၃၆၀၀၀ ခေါင်းလောင်းသွန်း၍အဝ ၇ံ၊ စောက် ၁၂ံ၊ သွန်းလုပ် ပြီးလျှင် ဘုရားအလယ်တံတိုင်းတောင်မှာ ကျောက်တိုင်စိုက်ထားသည်။ ၎င်း ခေါင်းလောင်းသည် ဓမ္မစေတီမင်းမရှိသည့်နောက် ကုလားတို့ချယူသည်။ ခေါင်း လောင်းသည် ငမိုးရိပ်ချောင်းဝတွင် သဘော်နစ်သည်။ ဓမ္မစေတီမင်းနန်းစံ ၂၁ နှစ် အသက် ၅၂ နှစ်”

“သက္ကရာဇ် ၈၅၄ ခု ပညာရာန်ဆက်ခံ၍ ဟသံ်ာဝတီမြို့မှာ မင်းပြုသည်။ ၎င်းနှစ် တပို့တွဲလဆန်း ၁ ရက် ၃ ချက်တီးအချိန် လေကြီးမိုးကြီးလာ၍ လျှောင်ကြီးစွာ လှုပ်သည်။ ရွှေတိဂုံဘုရားထီးတော်လွင့်၍ ကမ္မာရွှတ်ချောင်းနားတွင် ကျသည်။ အရံ စောင့်တို့က ထီးတော်ကျကြောင်းကို သံတော်ဦးတင်သည်တွင်/ ပညာရာန်ဗိုလ်ခြေနှင့်တကွ ဘုရားရှင်ထံချီလာ၍ ထီးတော်အသစ်လုပ်ပြီးလျှင် ရွှေပုစွန်ခွန်ကပ်လှူတော်မူသည်။ အသက်နှင့်အမျှ ဖိနပ်တော်ပေါ်တွင် တမျက်နှာ ၂၁ ဆူစီ ၄ မျက်နှာ ၈၄ ဆူ ပထမစေတီရာမ် တည်ဦးဖြစ်သည်// ၎င်းပြင် ရွှေသပိတ်တလုံး၊ ကျွန်သီးတော် ၈ အိမ်ထောင် လှူတော်မူခဲ့သည်။ နန်းစံ ၃၄ နှစ် အသက် ၈၀ ပြေ့ အနိစ္စရောက် တော်မူသည်။”

“ဗညားရာန်မရှိနော် သူ့ရှင်တွက္ကာရွှတ်ဖိမင် ၁၅ နှစ်အရွယ်ရော်၍ ဟသံ်ာ ဝတီမြို့မှာ မင်းပြုသည်။ ထိုမင်းသည် မကိုဋ္ဌ်ကိုထီးတော်ပေါ်တွင် ဆင့်၍လှူ သည်။ ရွှေသပိတ်တလုံး၊ ဆင်တစီးဦးစီးပါ ဘုရားရှင် ကျွန်သီတေယ် ၈ အိမ် ထောင် လှူတော်မူသည်။ နန်းစံ ၁၂ နှစ် အနိစ္စရောက်သည်။ ရှင်တွက္ကာရွှတ်ဖိ မရှိနောက် သမိန်ပရန် ဟံသာဝတီမြို့မှာ မင်းပြုတော်မူသည်။ မကိုဋ္ဌ်တခုဘုရား၌ လှူတော်မူသည်။ မိဘုရားနှစ်ယောက်ကို လှူတော်မူသည်။ သမိန်ပရန်းက ရွှေ ကိုယ်လေးစက်၍ နူပ်သည်။ ရွှေကိုယ်လေး ပုစွန်ခွဲလုပ်၍ ဘုရားရှင်မှာ လှူတော် မူသည်။”

“သက္ကရာဇ် ၁၁၃၃ ခု တပေါင်းလဆန်း ၁ ရက်နေ့ ရတနာသိခ် ကုန်းဘောင် ရွှေမြို့တော်ကို အစတည်တော်မူသော လက်နက်စကြာသခင် အလောင်းမင်းတရား ကြီး သားတော် ဟံသာဝတီ၊ မုတ္တမ ပုသိမ် မြေယင်းမြဟူသော ရာမညတိုင်း ယိုးတရား သောက္ကတဲ၊ ဟူသော အယုတ္တရတိုင်း စန္ဒပူလီ သမ္ဘာပါတက်၊ ဖြိုက်လုံ

mgyoe.com

mgyoe.com

ဟူသော လဝ ရဋ္ဌတိုင်း ဇင်းမယ်လပုန်းပြည် အနန်ဟူသော အရိမဒ္ဒနတိုင်း၊ ကြိုင်တုံ၊ ကြိုင်းခိုင်ဟူသော ခေမာဝရတိုင်း၊ မိုးကုတ်ကျတ်ပြင်ဟူသော မဟိသကတိုင်း၊ မိုင်းမော၊ စည်ခွင်၊ မိုးနား၊ စန္ဒားဟူသော မောရိယတိုင်း ပန်နော်၊ ကွေ့လုံ၊ ကောင်းစင်ဟူသော စိန့်တိုင်း၊ မိုးကောင်း၊ မိုးညှင်း၊ ခန်ရ ခန်တီ ဟူသော အာဠဝိတိုင်း၊ ကလေး သောင်သွတ် မွေ ရင် ကသည်ရက်ဟူသော မဏိပူဂတိုင်း။ ကလေး၊ သောင်သွတ်၊ စကု၊ စလင်း၊ လယ်ကိုင်း သုနာပရန္တတိုင်း။ ဥဒေဟရာဇ်၊ ပန်းတောင်းဟူသော သိရိခေတ္တတိုင်း၊ ကေတုမတီ၊ ဇေယဝတီဟူသော ဇေယျဝဍ္ဍနတိုင်း။ ပုဂံမြင်စိုင်း၊ ပင်းယ ရတနာ ပူရဟူသော ပြည်ကြီးတို့၏ တည်ရာ တံပတိပတိုင်း။ တိုင်းကြီး ၁၆ တိုင်းကို အစိုးရ တေယ်မူသော ဆင်ဖြူများအရှင် မင်းတရားကြီးသည် ရုံကုံဝစိယသဒ္ဓမ္မဓဇ ရာဇာ တိရာဇဂုရု ဆရာတို့နှင့် တိုင်ပင်တော်မူ၍ ရုံကုံမြို့ဝန်မင်း သီရိဥဇဏာ၊ ဟင်္သာဝတီ ၃၂ မြို့သား ပိသုကာ ပညာဒေဝ ဘွဲ့ခံသူ ငမြတ်နှင့် ကြပ်မ၍ ကိုယ်စားတော် တည်လုပ်ရသည်။ ရွှေတိကုမ်ဆံတော်ရင် အရပ်တော် အတောင် ၁၈၆်၊ ဒိ ၅ံ ဆို၍ တည်လုပ်ရသည်။ အရပ်တော်ပေါင်း ၁၈၆် ဒိ ၅ံ။"

"ဘိနပ်တော်စတုရန်း လေးထောင့် တမျက်နှာလျှင် ၂၂၅်၊ အဝန်း ၉၀၀။ အထက်စေတီရံ ၈၄ ဆူ၊ အောက်စေတီရံ ၁၁၆ ဆူ၊ အထက်အောက်စေတီရံပေါင်း ၂၀၀၊ ဒုရင် ဘဝေါ ၃၂၊ ခြသေ့် ၂၄၊ မနုသီဟ ၄၊ ကုံးတော်အမြင့်အတောင် ၅၀၊ ကုန်း တော်အထက်အပြင် အရှေ့အနောက် ၄၃၁်၊ တောင်မြောက် ၄၆၁် ဒိ၊"

"သက္ကရာဇ် ၁၁၃၂ ခု ဝါခေါင်လပြည့်ကျော် ၂ ရက် ၄ နေ့စ၍ ထီးတော်ကို တင်ရုံညန်းကို ရုံကုံမြို့ဝန်မင်းမဟာသီရိစည်သူကျော်ထင်ကြပ်မ၍ ပိသုကာသုံးစု ဝန်မင်း ရာဇသီဟကြံ်နှင့် လုပ်သည်။ သာသနာတော် ၂၃၁၈။ သက္ကရာဇ် ၁၁၃၆ ခု ဘန္ဒုရနှစ် တပေါင်းလပြည့် ၄ နေ့ ချက်တီးကျော် ၂ နာရီ ၂ ပါတ် ၅ ဗိဇနာ ၄ ပြန်ခရာပြည့် သိန်လက်တွင် စန်း၊ မိန်တွင် ၁ နွေ၊ သောကြာ၊ ဗုဒ္ဓဟူး လက်နှင့် ပူးသည်။ ပိဿဥ္ဍ ဂုရု၊ က/ ကဋ်တွင် ဘောမ၊ သိန်တွင် စန်းနှင့်ရာဟု၊ သိန်တွင်စနေ၊ ဇေယာခိဒီ ၁၃။ နက္ခတ် ဆယ်လုံး၊ ကောင်းမြတ်သော မင်္ဂလာ အခါတွင် ရွှေထီးတင် တော်မူသည်။"

"ထီးတော်အဝ ၉် ၅ိ၊ ထီးတော် အရပ်အမြင့် ၂၆် ဒိ၊ ဂုံ၊ ထီးတော် ဂုံအုံ

mgyoe.com

mgyoe.com


၉၂၅၊ ဖိ ၆ူး ထီး သံဆိုင်းအခွေ သံချိန်ပေါင်း ၁၁၁၆၊ ဖိ ၄ူး၊ ကျေးနီ ၁၄၆၊ စုဝ ၉ိ ၅ူး ငွေ။ ရွှေဆည်းလည်း ၁၆ လုံး၊ ရွှေချိန် ၅၊ ၅ဒိ ၂ူး၊ ငွေဆွဲလဲ ၁၄၄ လုံး၊ ငွေချိန် ၂၁၆၊ ၃၃၊ အုတ်ရိုးကွတ်သည့်သံချိန် ၁၁၀၀၊ အရပ်ရပ် သံပေါင်း အချိန် ၂၄ ခွက်၊ ၁ဖိ ၄ူ၊ အရပ်ရပ် ကျေးနီပေါင်း ၄၆၉၊ ၃၄ိ ၄ူ ငွေ၊ အရပ်ရပ် ငွေချိန်ပေါင်း ၂၀၀ ခွက်၊ ၃၈၄ိ ၂ူ၊ အရပ်ရပ် ရွှေပေါင်း အချိန် ၃၁၊ ၁၃ိ ၃ူး ၁`ဖွေ၊ ကျော်ပေါင်း အချိန် ၁၊ ၂ရိ ၅ူး၊ ထီးတော်မှာဝင်သည်။ (ဂဏန်းများ ပေတွင် မြင်ရသည်အတိုင်း ကူးထားသည်) သစ္စေးချိန် ၆၄၊ ၉၀၊ ထီးတော်မှာဝင်သည်။ သားရိုးချိန် ခွက် ၂၀ ကျပ် ၃၀၊ ငွေချိန် ၄၉၀၊ အဆိုင်းအစုစု ချိန်ပေါင်း ၂၃၄၇၊ ၃၅ိ ၃ူး ငွေ၊ ပတ္တမြားကျောက်လုံးရေ ၅၈ လုံး၊ ဂေါမိတ်လုံးရေ ၁၆ လုံး၊ ဥဿဖယားလုံးရေ ၁၆ လုံး၊ ကျောက် လုံးရေ ၁၁၃ လုံး၊ ပုလဲလုံးရေ ၁၀၊ သဒါ(သန္တာ)လုံးရေ ၆၂ လုံး၊ ကျော်လုံးရေပေါင်း ၁၅၆၉၅ လုံးရောင်လျှံတော် ၁ လုံး၊ အချိန် ၅၃ိ ၂ူ၊ စေတီတော်မှာဝင်သည်။ သစ္စေးအချိန်ပေါင်း ၁၅၅၇၊ ကျေးနီပေါင်း အချိန် ၃၂၅၊ ကိုယ်တော်အလေး ၁၃၊ ၅၀ ကို မြက်ပါးခတ် ရွှေဆိုင်းရေ ၄၈၀၊ ၂ ခုပေါင်း ၃၀၀၀၆၀။ ညီတော် သားတော် သမီးတော် ဆွေတော် မျိုးတော် အဂ္ဂမဟာသေနာပတိ မှူးကြီးမတ်ကြီး သူဌေးသူကြွယ်၊ ရဟန်းပုဏ္ဏား ဆင်းရဲသားတို့ ကချသည် အစုစု ရွှေဆိုင်းပေါင်း ၂၄၅၉၁ ဆိုင်း၊ ၂ စု ရွှေဆိုင်းပေါင်း ၂၇၆၅၂ ဆိုင်း"၊

"ရွှေတိဂုံ ဆံတော်ရှင် စေတီတော်အောက် မဟာရံ ၁၈ံ၊ တောင်မြော် ၄၉ပုံ (?၄ံ) ပထမတံတိုင်း မဟာရံနှင့် ဒုတိယတံတိုင်း မဟာရံအကာ ၂ံ၊ အကျယ် အရှေ့အနော် ၆ံ၊ တောင်မြော် ၈ံ၊ ဒုတိယတံတိုင်းမဟာရံနှင့် တတိယတံတိုင်း မဟာရံအကွာ ၃ံ၊ အကျယ် အရှေ့အနော် ၆၂ံ၊ တောင်မြော် ၈၂ံ၊ တတိယ တံတိုင်း မဟာရံနှင့် စတုတ္ထ တံတိုင်း မဟာရံအကွာ အတောင် ၁၄၀၊ အကျယ် အရှေ့အနောက် ၉၁ ဂုံ၊ တောင်မြော် ၁၂၅၀၊ စတုတ္ထ တံတိုင်း မဟာရံနှင့် ပဉ္စမ တံတိုင်း မဟာရံအကွာ ၅ဖံ၊ အကျယ် အနော် ၁၅ံ တောင်မြော် ၁၁၂ဖံ၊ ပဉ္စမ တံတိုင်း မဟာရံနှင့် သတ္တမတံတိုင်း(?ဆဋ္ဌမ) တံတိုင်းအကွာ ၁၀ံ၊ အကျယ် အရှေ့ အနော် ၁၂ဂုံ၊ တောင်မြော် ၁၂၄၈ံ၊ သတ္တမတံတိုင်း (?ဆဋ္ဌမ) မဟာရံနှင့် သတ္တမတံတိုင်း မဟာရံအကွာ ၅ဖံ၊ အကျယ် အရှေ့အနော် ၂၁၅ံ၊ တောင်မြော် ၄၂ံ"၊

mgyoe.com

mgyoe.com


"ဤကား ဘိုးတော်(မင်းကြီး) အဆွန မင်းကြီး ဖြူဆော်မူသည်။ သက္ကရာဇ် ၁၀၃ ခု သိကြားမင်း ဥဂ္ဂလာပမင်း တဖုဿ ဖလိက(ဘလ္လိက)ညီနောင်တို့သည် တည် ထားရာပဏ္ဏာမမှာ နှော်သက္ကရာဇ် ၁၄၈ ခု မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည် နှစ် ဝါခေါင်လ ပထမသံဃာယနာတင်ရာတွင် သာသနာတော်နှင့် သက္ကရာဇ် မငြိမ် အဇာတသတ်မင်းကြီးက ရှင်ကဿပ ကိုလျှော့်လျှင် သက္ကရာဇ် ဖြိုတော်မူသည်။ ထို့နောင် သရေခေတ္တရာပြည် သီရိရာဇ်မင်းကြီးလက်ထက် ပုပ္ပားဆြာတော်၊ မုနိဆြာတော်၊ ဣန္ဒြိယဆြာတော်၊ စန္ဒြဒြိယဆြာတော်၊ ပဿဆြာတော်၊ အမည်ရှိ ၆ ဆြာဖါးနှင့် သက္ကရာဇ်ကို ဖြိုတော်မူသည်။ ကျမ်း လက်မဖြောင့်၍ မပြို။ ထို့နောက် သရေခေတ္တရာ ပြည် သမုဒ္ဒယိမင်းကြီးလွှက် ပုဂံတည်ရာ လောကနန္ဒာအရပ်၌ သိကြားမင်းသည် ပဟလ္လိကပုဏ္ဏား အယောင် ဆောင်၍ ဒေါဒေါရသကြိန်းကို ဖြို တော်မူသည်။ ထို့နောင် (ပေါက်ံယာမ) ပေါက္ကံရာမပြည် မဟာမမ္မရာဌာ အမည်// ခံတော်မူသည်။ မိုးညှင်းမင်းကြီး လက်ထက် သက္ကရာဇ်ကို ဖြိုတော်မူသည်။ ကိမ်း လက်မရောက်၍ မပြို။ ဤကား သက္ကရာဇ်ဟောင်းဖြိုသောစကားတည်း။"

"ပေါက်ကံရာမပြည် စောရဟံမင်းကြီး လက်ထက် သက္ကရာဇ် ၅၆၀။ ခဆပဉ္စကျိန်းကို ဖြိုတော်မူသည်။ ထိုနော်သက္ကရာဇ် ၁၁၂၅ ခု နတ်တော် လပြည့်ကျော် ၄ ရက်နေ့တွင် ရွှေနန်းတက်သိမ်းမြန်းတော်မူသည် ဆင်ဖြူရှင်မင်း တရားကြီးလွှက်တော် အစိန္တေယျ မြတ်စွာဘုရား သာသနာတော် ၂၃၁၈ နှစ် ကောဇာ သက္ကရာဇ် ၁၁၃၆ ခု တပေါင်းလပြည့် ၄ နေ့ (၁၅၊ မတ်၊ ၁၇၇၅) ရွှေတိဂုံဆံတော်ရှင်ဘုရားသခင် စေတီ ကျောင်းတော်လပ်တော်မူ၍ ရွှေထီးတင် တော်မူသည်အတိုင်း စကားအတ္ထုပ္ပတ္တိတို့ကို ကျမ်းအစောင် စောင်လည်းကောင်း သမိုင်းကျော်စာတို့၌လည်းကောင်း အကြောင်းသင့်စွာ နှုပ်၍ အကျဉ်းအားဖြင့် မှတ်သားစကားတည်း။"

ထိုသမိုင်းမှတ်တမ်းတွင် ကျမ်းပြုစု၊ ကျမ်းပြီးနှစ် စာကူးနှစ်တို့မပါရှိချေ။ သို့သော် သမိုင်းဆိုင်ရာ ထူးခြားချက်များကိုမူ တွေ့ရသည်။ ပထမထူးခြားချက်မှာ ခေါင်း လောင်း သုံးလုံးကို ဓမ္မစေတီမင်းသွန်းလုပ်ခဲ့ကြောင်း၊ တောင်ဘက်အလယ်ပစ္စယံတွင် ဆွဲချိတ်လှူခဲ့ကြောင်း၊ ယင်းတို့ကို မိစ္ဆာ ကုလားတို့ ယူဆောင်သွားကြောင်း ဖော် ပြချက်ဖြစ်သည်။ သို့သော် ခေါင်းလောင်းတော်ကြီးအကြောင်းမပါဘဲ ခေါင်းလောင်း

mgyoe.com

mgyoe.com

ငယ်များကို သယ်ဆောင်သွားရာ ငမိုးရိပ်ချောင်းဝတွင် သင်္ဘောနစ်မြုပ်ကြောင်း ဖော်ပြချက်ဖြစ်သည်။ ထိုဖော်ပြချက်ကို ကုန်းဘောင်ခေတ်လယ်တွင်ရေးသော သမိုင်းတွင် ထိုမှတ်တမ်းကို တွေ့ရှိရခြင်းဖြစ်သည်။ ခေါင်းလောင်းတော်ကြီး အကြောင်းကား မဖော်ပြခဲ့ချေ။ ရာဇဝင်ကျမ်းကြီးများထဲတွင်လည်း မတွေ့ရှိရချေ။

ဒုတိယသမိုင်းဆိုင်ရာမှတ်သားစရာမှာ ပုဂံမှာကဲ့သို့ ဘုရားသို့ သာသနာ ၅၀၀၀ တိုင် တည်တံ့စေရန် မြေယာနှင့် အမှုထမ်းများကို အစောပိုင်းမင်းများ မလှူတန်းခဲ့ကြခြင်းဖြစ်သည်။ ဘုရင်မကြီး ရှင်စောပု လက်ထက်တွင်မှ အကြီးအကျယ်ဆုံးဖြစ်အောင် လှူခဲ့သည်ကို တွေ့ရသည်။ ရှင်စောပုလှူခဲ့သော မြေများသည် ယနေ့မဟာရန်ကုန်ကြီးတစ်ခုလုံးပင် လွှမ်းခြုံနိုင်အောင် များပြားကျယ်ပြန့်ခဲ့သည်။ ရန်ကုန်အပါအဝင် နယ်ကြီးတစ်ခုလုံးသည် ရွှေတိဂုံပိုင်မြေများဖြစ်သည်ကိုတွေ့ရသည်။ ထိုမျှများပြားလွန်းလှသော မြေယာများ လှူခဲ့သည့်အတွက် ဆင်းရဲသားပြည်သူများ လုပ်စားကိုင်စားနေထိုင်ရန် ခက်မည်ကို မြော်မြင်မိသော ဓမ္မစေတီမင်းက ဘုရားရှင်သို့ လျော်ကြေးအဖြစ် ကြေး ၃၆၀၀၀ ပေးကာ မြေပုံနှင့်တကွ ပြန်လည် ရွေးနုတ်ယူခဲ့ကြောင်း အမှတ်အသားထားခဲ့ခြင်းပင်ဖြစ်သည်။

ရွှေတိဂုံစေတီတော်ကြီးကို မင်းအဆက်ဆက်တို့ တတ်နိုင်စွမ်းသလို တိုးချဲ့တည်ထားခဲ့သည်များကို အတိုင်းအတာများနှင့်တကွ တွေ့ရှိရခြင်းကလည်း ထူခြားချက်ပင်ဖြစ်သည်။ မူလစေတီတော်များကို မဖြိုဖျက်ဘဲ ထပ်မံ တိုးချဲ့ ငုံတည်ခြင်းဖြစ်သောကြောင့် ရွှေတိဂုံသည် စေတီအထပ်ထပ်ရှိနေသည့်သဘော ကို တွေ့နေရသည်။ အနည်းဆုံးအတွင်း၌စေတီငယ် သုံးထပ်ရှိမည်ကို မှတ်တမ်း များကဖော်ပြထားပေသည်။ ထို့ကြောင့် ရွှေတိဂုံစေတီတော်သည် အခြားသောစေတီ ပုထိုးများထက် ထူးခြားပေသည်။ **ယခုအခါ ပြည်သူတို့အလှူဖြင့် ရွှေတိဂုံဘုရားသည် မြန်မာနိုင်ငံတွင် ဘဏ္ဍာတော်ငွေ အတောင့်တင်းဆုံး စေတီတော်ကြီး ဖြစ်သည်။ အချို့သော အစိုးရများပင် ရွှေတိဂုံကို ယင်းတို့ဘဏ္ဍာရေးအတွက် လိုအပ်လာသောအခါ အထူးအားထားခဲ့ရကြောင်း အဆိုအပြော ရှိခဲ့သည်။** ပြည်သူတို့အထဲ၌ အစိုးရသို့ အခွန်တော်ရှောင်လိုသူများ ရှိခဲ့နိုင် ကောင်းသော်လည်း ပြည်သူများက ရွှေတိဂုံအတွက်မူ လှူဒါန်းချင်သူများပြားလှပေသည်။ ယခုအခါ ရွှေတိဂုံကုန်းတော်ပေါ်တွင် အဆောက်အအုံများဖြင့် ပြည့်ကျပ်လျက်ရှိနေသည်။ ကုန်းတော်အရှည်အကြာတည်တံ့နိုင်ရန်၌ ကုန်းတော်ထိန်းသိမ်းရေးအထူးစီမံချက်များ

mgyoe.com

mgyoe.com


ဖြင့်ပင် အကောင်အထည်ဖော်ထားသင့် သည်ထင်ပါသည်။

ရှေးအခါက ရွှေတိဂုံသည် ဆိတ်ငြိမ်သော တောတောင်များအတွင်းရှိခဲ့သော်လည်း ယခုအခါ လူနေအလွန်စည်ကားသော ရန်ကုန်မြို့တော်ကြီး၏ အလယ်ဗဟိုတွင် ရောက်ရှိနေပြီဖြစ်သည်။ ရှေးကထက်လည်း ရွှေတိဂုံကုန်းတော်သည် သာသနိက အဆောက်အအုံများဖြင့် ပြည့်ကျပ်လျက်ရှိနေသည်။ ဘုရားဖူးများကလည်း နေ့စဉ် ထောင်နှင့်ချီလျက် လာရောက်ဖူးမြော်နေကြသည်။ အလှူတော်ကလည်း နေ့စဉ် များပြားလွန်းလှသည်။ စင်စစ် ရွှေတိဂုံသည် နောက်ထပ်ဆောက်စရာထက် ထိန်းသိမ်းစရာသာ များသောကြောင့် နေရာကလည်း ကျဉ်းမြောင်းလာနေသည်။ ကုန်းတော်ကြီးကိုထိန်းသိမ်းရန်သည် အလွန်အရေးကြီးမည်ဟု ထင်မြင်မိသည်။

ဘုရားရှင်ကို မျက်မြင်ကိုယ်တွေ့ ဖူးခွင့်မရရှိခဲ့ကြသော်လည်း ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က ကိုးကွယ်ရန်ပေးသနားခဲ့သော ဆံတော်ဓာတ်ကို တဖုဿ ဘလ္လိကညီနောင်တို့က ထိုကုန်းထက်တွင် စေတီတည်ထားခဲ့သောအခါ ပွင့်တော်မူဦးစ ဘုရင်းရှင်ကို အာရုံတွင် ညွတ်လျက် ပူဇော်ရသည်မှာ ဘုရားရှင်ကို သက်ရှိထင်ရှားဖြင့် ပူဇော်ရသကဲ့သို့ ခံစားမိရသည်။ ထို့ကြောင့် ရွှေတိဂုံသည် ကျွန်ုပ်တို့၏ နှလုံးသားထဲတွင် စွဲထင်နေတော့သည်။

ထိုပေမူတွင်လည်း အစဉ်အလာအတိုင်းပင် သမိုင်းမှတ်တမ်းမတင်နိုင်မီခေတ် အကြောင်းအရာက ပိုများပြားနေပြီး မှတ်တမ်းရှိသမိုင်းဝင်ခေတ်အကြောင်းအရာတွင် ဖော်ပြမှုအားနည်းနေသကဲ့သို့ရှိနေသည်။ ပေဖြင့် တစ်အင်္ဂါသာရှိသော ယခုတင်ပြထားသည့် သမိုင်းမူတွင် မှတ်တမ်းမရှိသေးမီအကြောင်းအရာက က–မှ ကော–ထိ ပေ ၉ ချပ်ရှိပြီး မှတ်တမ်းရှိသောခေတ်အတွက်မူ ပေ ၃ ချပ်(ကော်–ကား) သာဖော်ပြခဲ့သည်။ ဖော်ပြပုံမညီမျှခဲ့ချေ။ ဘုရားရှင်သက်တော်ထင်ရှားရှိမှုကို ဦးစားပေးဖော်ပြခဲ့သကဲ့သို့ အသောကမင်းတရားကြီးနှင့်လည်း ဆက်နွယ်ဖော်ပြပြန်သောကြောင့် မဇ္ဈိမဒေသ သမိုင်းနှင့် မလွတ်ရအောင် အထူးအလေးထားကြောင်း ပေါ်လွင်ပေသည်။

ရှေးကဗုဒ္ဓသာသနာသက်ဝင်ယုံကြည်ကြသူ မြန်မာတို့သည် ဘုရားရှင်တော်မြတ်နှင့် သာသနာတော်ကို ကြည်ညိုမှုသမိုင်းကိုသာ စိတ်အစဉ်ရောက်ရှိနေပြီး မှတ်တမ်းဝင်သမိုင်းအတွက်မူ အားစိုက်မှုနည်းသလို ရှိခဲ့ကြသည်။ များများရေးသားလျှင် သာသနာတော်နှင့် သွေဖည်နိုင်ကောင်းသဖြင့် လောကီမှုနှင့် ဆက်စပ်သွားနိုင်မည်ကို စိုးရွံ့သောကြောင့်ပေလောဟု တွေးမိရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသာသနာ

mgyoe.com

mgyoe.com


တော် ရောက်ရှိခြင်းသမိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်သည် အမွှန်အစ ဆံတော်ရှင် သမိုင်းဖြစ်သည်။ ယင်းကို အကြောင်းပြုလျက် ဆံတော်ရှင်သမိုင်းများစွာရှိခဲ့ ဖြစ်ပေါ် လာခဲ့သည်။ ရောက်ရှိလာပုံနောက်ခံသမိုင်းလည်း ကွဲပြားကြလေသည်။ ထိုအထဲမှ ထင်ရှားသောဆံတော်ရှင် စေတီတော်များမှာ တောင်ငူဆံတော်ရှင်၊ ပုဂံဆံတော်ရှင်၊ ပဲခူးမြို့ဆံတော်ရှင် ပြည်မြို့ဆံတော်ရှင် နှင့် သထုံဆံတော်ရှင်စေတီတော်များဖြစ်ကြ သည်။ အားလုံးသည် မင်းဇကရာဇ်များတည်ထားကိုးကွယ်ခဲ့ကြသည်ချည်းဖြစ်သည်။ ဤတွင် အစဦးအလာသမိုင်းအရ ပြည်ရွှေဆံတော်သည် ရွှေတိဂုံဆံတော်ရှင် ခွဲကဲ့သို့ ရှိသောကြောင့် ထိုသမိုင်းကိုလည်း ဆက်လက်ဖော်ပြပေးလိုက်ရပါသည်။

❖

mgyoe.com

mgyoe.com


# ပြည်မြို့ ရွှေဆံတော်စေတီသမိုင်း

ပြည်မြို့ရှိ ကုန်းတော်ပေါ်တွင်တည်ထားသော ရွှေဆံတော်ဘုရားသမိုင်းကို လေ့လာလျှင် ပျူသမိုင်းမသိဘဲ လေးနက်မှန်ကန်မှု ရရှိနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ပျူသမိုင်းကစပြီး ပြောပါမှ ဘုရား၏ သမိုင်းမှန်၊ လူမျိုး၏ယုံကြည်မှု၊ သာသနာတော်၏ မြင့်မြတ်စင်ကြယ်မှုနှင့် နက်ရှိုင်းမှုတို့ကို ဆက်စပ်သဘောပေါက်နိုင်ပါမည်။

ဗုဒ္ဓသာသနာတော်ပေါ်တွင်အခြေခံထားသော ပျူယဉ်ကျေးမှုကို လေ့လာသူတစ်ဦးအဖို့ ပျူလူမျိုးတို့ တိုးတက်ဖွံ့ဖြိုးလာပုံသမိုင်းကိုလည်းကောင်း၊ ယင်းတို့ကစတင်ယုံကြည်လာခဲ့သော ဗုဒ္ဓသာသနာတော်ကိုလည်းကောင်း၊ သာသနာတော်၏ လူမှုအဖွဲ့အစည်းအပေါ် လွှမ်းမိုးလာခဲ့သော ပုံရိပ်သြဇာကိုလည်းကောင်း နက်ရှိုင်းစွာမြင်ကြည့်ထားဖို့ လိုပေသည်။ ထိုသို့မြင်ကြည့်နိုင်ရန်အတွက်လည်း အစဉ်အလာအပြောသမိုင်းမျှဖြင့် မလုံလောက်ချေ။ ရှေးဟောင်းသုတေသနပညာရှင်များ သမိုင်းပညာရှင်များ၏ အဆိုအမိန့်များ၊ မြေပေါ်ရှိ စေတီပုထိုးအဆောက်အအုံများ၊ တူးဖော်တွေ့ရှိထားသော ပျူတို့အသုံးအဆောင်ပစ္စည်းများ၊ ရုပ်ပွားဆင်းတုတော်များ၊ အုတ်ခွက်ဘုရားများ၊ ကျောက်စာများကိုလည်း လေ့လာနိုင်မှဖြစ်ပါမည်။

တူးဖော်ရှာဖွေမှုများအရ ပျူမြို့ဟုဆိုသည်များ မြန်မာနိုင်ငံအလယ်ပိုင်းတွင် များစွာတွေ့ရှိရသည်။ တူးဖော်လေ့လာမှုများ ပြုလုပ်ပြီးနောက် ရှေးဟောင်းပညာရှင်များ၊

mgyoe.com

mgyoe.com


သမိုင်းပညာရှင်များကလည်း ပျူမြို့တော်များဖြစ်ကြောင်း လက်ခံယုံကြည်ခဲ့ကြသည်။ တည်ထောင်ခဲ့သောကာလများကိုလည်း ခန့်မှန်းဖော်ပြထားခဲ့ကြသည်။ ထင်ရှားသည်များကိုဖော်ပြရသော် (ရက်စဉ် စော–နှောင်းအလိုက်)

ပင်လယ်(မိုင်းမော) မြို့ဟောင်း(မြစ်သားမြို့နယ်တွင်ရှိသည်) ၂ ရာစု ဘီစီ

ဗိဿနိုးမြို့ဟောင်း(တောင်တွင်းကြီးမြို့နယ်တွင်ရှိသည်) ၁ ရာစုဘီစီ

ဟံလင်းမြို့ဟောင်း(ဝက်လက်မြို့နယ်တွင်ရှိသည်) အေဒီ ၁ ရာစု

သရေခေတ္တရာမြို့ဟောင်း (ပြည်မြို့နယ်တွင်ရှိသည်) အေဒီ ၄ ရာစု

တို့ ဖြစ်သည်။ ရက်စွဲဟူသည်တို့မှာ တူးဖော်ရရှိသောပစ္စည်းများကို စစ်ဆေးတွေ့ရှိရသောကာလအပိုင်းအခြားကို ယေဘုယျချ ပြောခြင်းသာဖြစ်သည်။ အသေအချာမှန်မည်ဟု တပ်အပ်သေချာမပြောနိုင်ပါ။ သို့သော် အနီးစပ်ဆုံးမှန်ကန်သည်ကိုကား သံသယမဖြစ်ပါချေ။ တိုးတက်လာသော လေ့လာမှုက တဖြည်းဖြည်း ပြင်ဆင်သွားရမည်ဖြစ်ပါသည်။

ထိုမြို့များတွင် ပုံသဏ္ဌာန်အလိုက် နှစ်မျိုးခွဲခြားတွေ့မြင်နိုင်သည်။ ပင်လယ်နှင့်သရေခေတ္တရာတို့သည် ဝန်းဝိုင်းသော ပုံသဏ္ဍာန် ရှိကြသည်။ စက်ဝန်းကဲ့သို့ ဝိုင်းစက်နေသည်မျိုးကား မဟုတ်ချေ။ ဗိဿနိုးနှင့် ဟံလင်းတို့ကား စတုဂံပုံများဖြစ်သည်။ သို့သော် ကျင်တွယ်ကိုက် သို့မဟုတ် ဖြောင့်တန်းအပြိုင်ကျသော မြို့ရိုးရှိ စတုဂံပုံလည်း မဟုတ်ချေ။ ယင်းသို့ဖြစ်သောကြောင့် မြေပြင်ကိုစနစ်တကျ တိုင်းတာမှတ်သားပုံဖော်တည်ဆောက်သည်မျိုး ဟုတ်မှုဟုတ်ပါလေစဟု တွေးတောစရာ ဖြစ်ပါသည်။ ထိုမြို့များတွင် ဒဏ္ဍာရီကျန်ခဲ့သည်မှာ ဗိဿနိုး ဟံလင်းနှင့် သရေခေတ္တရာသုံးမြို့သာဖြစ်ပြီး ပင်လယ်(မိုင်းမော)အကြောင်းကို မသိရချေ။ ရာဇဝင်ကြီးများတွင်မူ သရေခေတ္တရာတစ်မြို့သာ သမိုင်းကို ဖော်ပြနိုင်ခဲ့သည်။ ကျန်မြို့များမှာ သမိုင်းမရှိသကဲ့သို့ ရာဇဝင်ဆရာကြီးများက နှုတ်ဆိတ်နေခဲ့ကြပါသည်။

မြန်မာ့သမိုင်းတွင် စာပေမှတ်တမ်းသမိုင်းအခိုင်အမာဖြင့် စတင်တွေ့ရှိရသောအစောဆုံးလူမျိုးမှာ ပျူတို့သာဖြစ်သည်။ နောက်ပိုင်းတွင် ကမ်းယံနှင့် သက်တို့လည်းပါဝင်လာသည်။ သူတို့ချည်းကား မဟုတ်လောက်ချေ။ အခြားလူမျိုးစုများလည်းရှိနေကြမည်သာ ဖြစ်သည်။ ဆက်ဆံမှုမရှိကြသေးသဖြင့် သမိုင်းဇာတ်ခုံပေါ် တက်မလာနိုင်ကြသေးခြင်းသာဖြစ်ပါမည်။ နေရာအနှံ့တွေ့ရှိနေရသော ကျောက်ခေတ်ဓလေ့ရွာများ၊ ကြေးခေတ် ဓလေ့ရွာများ၊ သံခေတ်ဓလေ့ရွာများသည် ထိုအမည်မသိ၊ မခေါ်

mgyoe.com

mgyoe.com

ဝေါ်ကြရသေးသူ (ပျူ)များ၊ ကမ်းယံများ၊ သက်များ၊ ဗမာများ . . . စသည်တို့လည်းပါကောင်းပါနိုင်ပါသည်။ နောက်ဆုံး အင်အားကြီးသူတို့က အင်အားနည်းသူတို့ကို ဦးဆောင်စည်းရုံးသိမ်းသွင်းသွားနိုင်ခဲ့ခြင်းဖြင့် သမိုင်းဖာတ်ခုံပေါ် ရောက်ရှိလာခဲ့ကြပါသည်။ သေချာသည်မှာကား ပျူတို့သည် မြန်မာသမိုင်းတွင် အဦးအစ ထင်ရှားလာခဲ့ကြသူများဖြစ်ခြင်းပင်တည်း။ တူးဖော်တွေ့ရှိရသော အထောက်အထားတို့အရ မြို့ပြနေအထက်တန်းစား ပျူနှင့် ကျေးလက်နေအကြီးအကဲပျူတို့က သေလျှင် မီးသင်္ဂြိုဟ်ခဲ့ကြသော်လည်း သာမန်ပျူ ကျေးလက်နေ ပျူတို့က အချို့မြှုပ်နှံခဲ့ကြမည်ဟု ထင်မြင်ပါသည်။ ပျူလူမျိုးတိုင်းသေလျှင် မီးသင်္ဂြိုဟ်ကြမည်မထင်ပါ။

လူတန်းစားအလိုက် အုပ်ချုပ်သူမင်းတို့သေလျှင် ကျောက်အရိုးအိုး သာမန်အကြီးအကဲတို့သေလျှင် မြေအရိုးအိုးတို့ဖြင့် မြှုပ်နှံသည်ဟု အထောက်အထားတို့အရ ထင်မြင်စရာ ရှိပါသည်။ မြို့ရိုးအတွင်းပိုင်းမှာပင် အလောင်းများမြှုပ်နှံထားသည်များကို ဗိဿနိုးနှင့် ဟံလင်းတို့တွင် တွေ့ရှိရသဖြင့် ယင်းသို့ ကောက်ယူခြင်းဖြစ်ပါသည်။

ဟံလင်းဝန်းကျင်တွင် အလောင်းများမြေမြှုပ်ထားသည်များကို အမြောက်အမြားတွေ့ရှိရပါသည်။ ယင်းတို့ သုံးစွဲခဲ့သော ကျောက်လက်နက်များ၊ ကျောက်ကွင်းများကို လက်တွင်တပ်လျက် မြှုပ်နှံထားသဖြင့် ကျောက်ခေတ်သစ်ကာလက လူများဖြစ်ပေသည်။ ယင်းတို့သည် မီးသင်္ဂြိုဟ် ဓလေ့မရောက်မီက ပျူများ သို့မဟုတ် အတူနေအခြားလူမျိုးများဟု ယူဆနိုင်စရာလည်း ရှိပါသည်။ မီးသင်္ဂြိုဟ်ဓလေ့သည် ဟိန္ဒူနှင့် ဗုဒ္ဓသာသနာတော် ရောက်ရှိပြီးနောက်မှ ထွန်းကားခဲ့မည်ဟု မှန်းဆရပါသည်။ ပျူတို့နေရာယူလာခဲ့ကြသော ဗမာများ ယနေ့တိုင် မြေမြှုပ်သင်္ဂြိုဟ်နေကြဆဲဖြစ်ပါသည်။

မြန်မာ့သမိုင်းကို စတင်ပုံဖော်ပေးခဲ့ကြသူတို့မှာ ယနေ့အထိ အတိအကျသိရှိရသည်မှာ ပျူလူမျိုးတို့သာ ဖြစ်သည်။ တစ်နိုင်ငံလုံးတွင်ကား ပျူတို့ချည်းဖြစ်မည်မဟုတ်ချေ။ နေရာဒေသကွဲသဖြင့် မျိုးနွယ်တူသော်လည်း စကားမတူသော လူမျိုးအမည် မသိရသေးသူများလည်း ရှိနေကြမည်ဖြစ်ပါသည်။ လူမျိုးအမည်ရှိပြီးဖြစ်နိုင်သော်လည်း စာပေမှတ်တမ်းမရှိသဖြင့် မသိရသေးခြင်း၊ ရှိသည့်ပျူစာပေကိုလည်း အပြည့်အစုံ မဖတ်နိုင်သေးသောကြောင့် လူမျိုးအမည်မသိရခြင်းလည်း ဖြစ်နိုင်ပါသည်။ အသိချင်ဆုံးမှာ ပျူတို့က အတူနေဗမာကို မည်သို့ခေါ်ခဲ့မည်နည်းဟူသော အမေးပင်ဖြစ်သည်။ ဗြဟ္မာ ဟုခေါ်ခဲ့ကြသည်မှာ ပျူတို့ကလော၊ ဗမာကိုပါဠိစီခြင်း
mgyoe.com

mgyoe.com


လော ခွဲခြားမသိရသေးပေ။

ပျူတို့ပြီးလျှင် သိရှိရသောလူမျိုးစုများကား ကမ်းယံနှင့် သက်တို့ဖြစ်သည်။ ယင်းတို့ ရှိကြောင်းကို ရှေးဟောင်းပုံပြင်များအရ သိရသည်။ ပျူ ကမ်းယံနှင့် သက်တို့သည် နိုင်ငံရေး ယှဉ်ပြိုင်ခဲ့ကြသူများ ဖြစ်ခဲ့ကြဟန်ရှိသည်။ အင်အားကောင်းသော မင်းတစ်ပါးအောက်တွင် အေးချမ်းသာယာနေမည် ဖြစ်သော်လည်း ညံ့သောမင်းတို့ လက်ထက်တွင် ဦးဆောင်နိုင်ရေးအတွက် စစ်ဖြစ်နေကြမည့်သဘော ရှိပေသည်။ ရှေးဟောင်းမြန်မာရာဇဝင်ကျမ်းများက ပျူနှင့်ကမ်းယံတို့ စစ်ဖြစ်ကြကြောင်း ထိုစစ်တွင် လက်နက်ဖြင့် မတိုက်ကြဘဲ ဘုရားစေတီ အပြိုင်တည်၍ အရင်ပြီးသူ အနိုင်သတ်မှတ်လျက် သဘောတူပြိုင်ခဲ့ကြကြောင်း ရာဇဝင်စာဟောင်းရှိသည်။ သရေခေတ္တရာမှရသော ဘုရားဆင်းတု တစ်ဆူတွင် ဇယစန္ဒြဝရ်မန်နှင့် ဟရိဝိကြမတို့ မြို့အပြိုင်တည်ကြောင်း ပါရှိသဖြင့် ထိုအကြောင်းကို နောက်နှောင်းလူတို့ အမှတ်မှားခဲ့ကြမည်ထင်ပါသည်။ ထိုမင်းသားနှစ်ပါး မသင့်မြတ်သည်ကို ရဟန်းတော် ထေရတစ်ပါးက ဖျန်ဖြေအောင်မြင်ခဲ့ကြောင်းဖြင့်လည်း သိရသည်။

ပျူတို့သည် ခရစ်မပေါ်မီ ၂ ရာစုလောက်က မြို့ပြထူထောင်နိုင်ခဲ့သဖြင့် နိုင်ငံသဘော စတင်ပေါ်ထွန်းလာခဲ့ပြီဆိုနိုင်ပါသည်။ ပထဝီဝင်အဝန်းအဝိုင်း (ပိုင်နက်မြေ) ရှိလာခဲ့ပါပြီ။ မြို့ပြအပြင်ဘက်တွင် အရံကျေးလက်ရွာများ ရှိလာခဲ့ပါပြီ။ စကားပြောမတူသော လူမျိုးစုများလည်း ရှိနေမည်ဧကန်ဖြစ်ပါသည်။ ထိုဓလေ့မတူသော စကားပြော မတူသူများကို အတိုင်းအတာတစ်ခုထိ စုစည်းလျက် မြို့ပြနိုင်ငံငယ်ထူထောင်နိုင်ခဲ့သဖြင့်

၁။ အုပ်ချုပ်ရေးစတင်နိုင်ခဲ့ပြီ။

၂။ မင်းနှင့်ပြည်သူသီးသန့်စီကွဲပြားလာခဲ့ပြီ။

၃။ မင်းနှင့်ပြည်သူကြား ဆက်သွယ်ပေးနိုင်သော ရဟန်း ပေါ်ရှိနေပြီ။

ဤလက္ခဏာ သုံးရပ် ရှိလာခဲ့ပြီဖြစ်သည်။ မင်းနှင့်ရဟန်းအတွက် ပြည်သူသည် ပဓာနဖြစ်သော်လည်း သမိုင်းဖြစ်ထွန်းတိုးတက်မှုတွင် နေရာယူလာခဲ့ကြသူတို့ကား မင်းနှင့်ရဟန်းတို့သာ ဖြစ်ပေသည်။

ပျူတို့ထူထောင်ခဲ့သော မြို့ပြနိုင်ငံခေတ်တွင် အုပ်ချုပ်ရေးနှစ်မျိုးကို တွေ့ရနိုင်ပါသည်။ ပျူမင်းတို့ စံရာမြို့တော်အုပ်ချုပ်ရေးနှင့် မြို့ပြင်ကျေးလက်ဒေသအုပ်ချုပ်ရေးဟူ၍ ဖြစ်သည်။ ကျောက်ခေတ်ကလို သီးသန့်လွတ်လပ်သောဘဝများမှလာခဲ့ကြ

mgyoe.com

mgyoe.com

သဖြင့် မြို့တော်ကြီး၏ အရံကျေးလက်များဘဝရောက်ရှိလာသောအခါ ယင်းတို့သည် အခြေခံအုပ်ချုပ်ရေးနယ်ဖြစ်လာခဲ့ကြသည်။ နိုင်ငံဟူ၍ မပေါ်မီက ထိုကျေးရွာသည် ပင်လျှင် တစ်နိုင်ငံဖြစ်ပေသည်။ ရွာကို အင်အားသြဇာကြီးမားသူက ဦးဆောင်ခဲ့သည်။ ထိုခေါင်းဆောင်တို့သည် တစ်ရွာနှင့်တစ်ရွာ တိုက်ကြခိုက်ကြ ဦးဆောင်မှုယူကြရင်း သာ၍ကြီးသော နယ်နိမိတ်ရှိလာရာမှ ဆက်၍တိုက်ရင်းခိုက်ရင်း တိုးချဲ့ရင်းဖြင့် မြို့ပြနိုင်ငံအဆင့် ရောက်ရှိလာခဲ့ကြခြင်းဖြစ်ပေသည်။ ထို့ကြောင့် အဦးအစမြို့ပြနိုင်ငံထူထောင်စက အကြီးအကဲ ပြုရသူ(မင်း)သည် တာဝန်ကြီးနှစ်ရပ်ကို ထမ်းဆောင်လာခဲ့ရသည်။ (၁) သူများနယ်ကို တိုက်ခိုက်လုယက်ခြင်းနှင့် (၂)မိမိနယ်ကို သူတစ်ပါးက တိုက်ခိုက်လုယက်ခြင်းဘေးမှ ကာကွယ်ပေးရခြင်းတို့ပင် ဖြစ်သည်။

မြို့ပြနိုင်ငံ အဆင့်တွင် ဗဟိုကချုပ်ကိုင်သောအုပ်ချုပ်ရေးစနစ်မျိုး နယ်ပယ်ဒေသများသို့ မပြန့်သေးဟု ယုံကြည်ရသည်။ ကျေးလက်ဒေသသည် ယင်းတို့၏ရိုးရာအကြီးအကဲတို့က အုပ်ချုပ်နေသော အစဉ်အလာစနစ်အတိုင်း ရှိနေခဲ့ကြပါသည်။ ထိုကျေးလက်ရိုးရာအုပ်ချုပ်ရေးကို ဗဟိုက မစွက်ဖက်ခဲ့ဘဲ အသိအမှတ်ပြုခဲ့ပါသည်။ ဗဟိုနှင့် ကျေးလက်ဒေသအကြီးအကဲတို့ကြား ဆက်ဆံရေးမှာ ပဓာနအားဖြင့် သုံးနေရာတွင်သာ ထိတွေ့မှုရှိကြောင်း တွေ့ရှိရပါသည်။ အခွန်တော်ကိစ္စ၊ စစ်ရေးစစ်ရာကိစ္စ၊ နောက်ဆုံး တရားအဆုံးအဖြတ်ကိစ္စရပ်များတွင်သာ ဖြစ်ပါသည်။ ဆိုချင်သည်က နိုင်ငံစတင် တည်ထောင်ကတည်းက နယ်ပယ်ဒေသတို့မှ ရွာများသည် ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ် ရှိနေခြင်းဖြစ်ပါသည်။

## ပျူမင်းများ

သရေခေတ္တရာ မြို့ဟောင်းမှလွဲပြီး အခြားပျူမြို့တော်များမှာ စိုးစံခဲ့ကြသော မင်းအမည်များကို မတွေ့ရဖူးသေးချေ။ သရေခေတ္တရာမြို့မှာသာ ပျူမင်းအမည် အနည်းဆုံး ခေတ်ပြိုင်မှတ်တမ်းကျောက်စာဖြင့် ၁၅ ပါးကို တွေ့ရသည်။ ထို့ကြောင့် သမိုင်းလေ့လာမှုအတွက် အလွန်အားရှိလာခဲ့ရသည်။ ရာဇဝင်ကျမ်းကြီးများထဲပါသော မင်းအမည်များနှင့် ဆက်စပ်မရအောင် ကွာသဖြင့်လည်း သမိုင်းမှန်ကို ဖော်ထုတ်လာနိုင်ခဲ့သည်။ ပျူတို့သမိုင်းကိုလည်း ပိုမိုသိရှိလာခဲ့ရသည်။ ထို့ကြောင့် တွေ့ရသော မင်းအမည်များကိုဖော်ထုတ်ဆွေးနွေးရန် လိုအပ်လာခဲ့ပါတော့သည်။

ပျူမြို့တော်တွေထဲက ပျူမင်းဆက်များကို ခေတ်ပြိုင်မှတ်တမ်းဖြင့် ဖော်ထုတ်နိုင်
mgyoe.com

mgyoe.com


သည်မှာ သရေခေတ္တရာတစ်မြို့သာ တွေ့ရသေးသည်။ ပျူမြို့တော်ဟောင်းများထဲတွင် ယင်းသည် အကြီးဆုံးမြို့တော်ကြီးဖြစ်သည်။ အရှေ့အနောက် အကျယ်ဆုံးနေရာသည် ၂.၅ မိုင်ရှိသည်။ တောင်မြောက်အကျယ်ဆုံးနေရာသည် ၃ မိုင်သာသာရှိသည်။ မြို့ရိုးပတ်လည် ၉ မိုင်ကျော်ရှိသည်။ အခြား ပျူမြို့တော်များနှင့် နှိုင်းယှဉ်မြင်သာအောင်

| | |
|---|---|
| သရေခေတ္တရာမြို့ကို | ၁၀၀ ရာခိုင်နှုန်းထားကြည့်လျှင် |
| ဗိဿနိုးသည် | ၆၃.၆ % |
| ပင်လယ် | ၄၉.၇ % |
| ဟံလင်း | ၃၃.၆ % |

–စီရှိကြသည် (ဦးအောင်မြင့်၊ **မြန်မာ့ရှေးဟောင်းမြို့တော်များ၊** ရန်ကုန်၊ ရှေးဟောင်း သုတေသန ဦးစီးဌာန၊ ၁၉၉၈၊ စာ–၇၂)။ အရွယ်အစားအားဖြင့် အားလုံးသည် သရေခေတ္တရာလောက်မကြီးကြချေ။ ထို့ကြောင့် သရေခေတ္တရာသည် အကြီးဆုံးမြို့တော် ဖြစ်သကဲ့သို့ အတိုးတက်အဖွံ့ဖြိုးဆုံးလည်း ဖြစ်ခဲ့သည်။

ထိုမြို့၏ အစောဆုံးတွေ့ရှိရသော ရက်စွဲမှာ ၂ ရာစုဘီစီဖြစ်သည်။ သို့သော် သာသနာ ဘာသာစာပေယဉ်ကျေးမှုသည် အေဒီ ၁ ရာစုနှင့် ၄ ရာစု အတွင်းလောက် ကစတင်ရောက်ရှိတိုးတက်လာခဲ့မည် မှန်းဆရသည်။ ဗြဟ္မဏဝါဒနှင့် ဗုဒ္ဓသာသနာတော်တို့ အရောက်စောနိုင်သော်လည်း စာပေကမူ အေဒီ ၄ ရာစု နောက်တွင်မှ ရောက်နိုင်မည်မှန်းဆရပါသည်။ ပညာရှင်တို့က လက်ရေးကိုကြည့်၍ ယင်းသို့မှန်းဆခြင်းဖြစ်သည်။ ယဉ်ကျေးမှုအမြင့်မားဆုံးအချိန်သည် ၄–၇ ရာစုအတွင်း ဖြစ်ပါသည်။ ပျူမင်းတို့ အရိုးပြာအိုးလေးလုံးမှ မင်းတို့ ကွယ်လွန်ရက်စွဲများနှင့် ရေးထိုးထားခဲ့သဖြင့် သမိုင်းအရေးပါသော အထောက်အထားဖြစ်လာသည်။ အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

၁။ ၄၁ ခု ၂ လ ၉ ရက်နေ့တွင် ဟရိဝိကြမမင်းကြီး နတ်ရွာစံသည်။

၂။ ၄၄ ခု ၉ လ ၂၀ ရက်တွင် သီဟဝိကြမနတ်ရွာစံသည်။ သက်တော် ၈၂ နှစ် ၂ လ ၄ ရက်။

၃။ ၆၄ ခုတွင် သူရိယဝိကြမနတ်ရွာစံသည်။ သက်တော် ၅၀ နှစ် ၅ လ။

၄။ သူရိယဝိကြမမင်း ညီတော် (ဘုရားကြီးကျောက်စာမှာပါသော တတိဒ္ဒိကို ဆိုလိုသလော) အသက် ၃၅ နှစ်တွင် နတ်ရွာစံ

–ကြောင်းအရိုးအိုးများတွင် ရေးထိုးထားသည်။ စတုတ္ထအိုးမှနတ်ရွာစံသောသူသည်

mgyoe.com

mgyoe.com


မင်း မဟုတ်သေးချေ။ မင်းသားတစ်ပါးသာဖြစ်သည်။ သူရိယဝိက္ကမမင်း၏ ညီတော်ဟု ပါရှိသည်။ ယခင်က ညီတော်ဟု မသိခဲ့ဘဲ အနွယ်တော်တစ်ပါးဟု ဘာသာပြန်ခဲ့သည်။ (U Tun Aung Chain, "The Kings of Phayahtaung" *MHJ,* II,p.12) ထို့ကြောင့် မြင်လွယ်အောင် ဇယားချကြည့်လျှင် အောက်ပါအတိုင်း တွေ့မြင်ရပါမည်။

| မင်း | နတ်ရွာစံရက် | သက်တော် |
|---|---|---|
| ဟရိဝိက္ကမ | ၄၁ ခု၊ ၇ လ၊ ၉ ရက် | ၅၇ နှစ်၊ ၂ လ၊ ၂၄ ရက် |
| သီဟဝိက္ကမ | ၄၄ ခု၊ ၉ လ၊ ၂၀ ရက် | ၈၂ နှစ် |
| သူရိယဝိက္ကမ | ၆၄ ခု၊ | ၅၀ နှစ်၊ ၅ လ |
| ?တတိဒ္ဒိ(သူရိယဝိက္ကမညီတော်) | – | ၃၅ နှစ် |

ဖော်ပြပါ မင်းတို့နတ်ရွာစံရက်များကို ခု၊ လ၊ ရက်တို့ဖြင့် အပြည့်အစုံဖော်ပြသောကြောင့် ပျူတို့တွင် ပြက္ခဒိန်စနစ်တစ်ခု ရှိနေ/ ထွန်းကားနေပြီဖြစ်ကြောင်း သိသာသည်။ သို့သော်မည်သို့သော ပြက္ခဒိန်မျိုးကို သုံးခဲ့ကြပါသနည်း။ ထိုအမေးတွင် ဆင်ခြင်စရာများပါရှိလာပေသည်။ သုံးနိုင်သောသက္ကရာဇ် သုံးမျိုးကို သတိထားမိသည်။ ယင်းတို့မှာ 'သကနှစ်'၊ 'ဂုပ္တနှစ်'နှင့် 'ကောဇာနှစ်' ဟူ၍ ဖြစ်သည်။ ပျူတို့သည် သကနှစ်ကို သုံးခဲ့သော် ခရစ်နှစ်ရရှိရန် ၇၈ ပေါင်း၊ ဂုပ္တနှစ် ဖြစ်ခဲ့သော် ခရစ်နှစ်ရရှိရန် ၃၁၉ ပေါင်းပြီး ကောဇာနှစ်ဆိုလျှင် ခရစ်နှစ်ရရှိရန် ၆၃၈ ပေါင်းရသည်။ အောက်ပါဇယားကို ကြည့်ပါ။

**ပျူနှစ်များကို သကနှစ်၊ ဂုပ္တနှစ်၊ ကောဇာနှစ်အမှတ်ဖြင့်**
**ခရစ်နှစ် ဖလှယ်ခြင်းဇယား**

| မင်း | ပျူနှစ် | သကနှစ်(+၇၈) | ဂုပ္တနှစ်(+၃၁၉) | ကောဇာနှစ်(+၆၃၈) |
|---|---|---|---|---|
| ဟရိဝိက္ကမ | ၄၁ | ၁၁၉ | ၃၆၀ | ၆၇၉ |
| သီဟဝိက္ကမ | ၄၄ | ၁၂၂ | ၃၆၃ | ၆၈၂ |
| သူရိယဝိက္ကမ | ၆၄ | ၁၄၂ | ၃၈၃ | ၇၀၂ |

mgyoe.com

mgyoe.com


ပျူတို့သည် သကနှစ်ကို အသုံးပြုခဲ့ကြလျှင် ဟရိဝိကြမ မင်းသည် အေဒီ ၁၁၉ တွင် နန်းတက်သည်။ ဂုပ္တနှစ်ကိုယူလျှင် အေဒီ ၃၆၀ တွင် နန်းတက်ပြီး ကောဇာနှစ်ကိုယူသော် ခရစ်နှစ် ၆၇၉ တွင် နန်းတက်ပေမည်။ ဆရာကြီး ဒေါက်တာသန်းထွန်းက 'သကနှစ်' ကိုယူလိုပြီး စီအိုဘလက်ဒင်ကမူ ကောဇာနှစ်ကို ယူလိုပေသည်။ ထို အယူနှစ်ရပ်သည် အနှစ် ၅၀၀ ကျော်ကွာဟနေသည်ကို တွေ့ရသည်။ ဆရာကြီး ဒေါက်တာသန်းထွန်းက ပျူတို့သည် ဂုပ္တနှစ်ကို သုံးစွဲမည်ဟု ပထမယူဆခဲ့သော်လည်း နောက်ပိုင်းတွင် ပုဂံ၌ သကနှစ်အသုံးကျောက်စာတွင် တွေ့ရသဖြင့် သကနှစ်ကို ပြောင်းလဲယူခဲ့သည်။ (သန်းထွန်း၊ **ရှေးမြန်မာမြို့တော်များ၊** ရန်ကုန်၊ စာအုပ်ဈေး စာပေ၊ ၂၀၁၄၊ စာ–၇၈) ဒေါက်တာထင်အောင်ကလည်း 'သကနှစ်'ကို ယူခဲ့သည်။ (Maung Htin Aung, *Burmese History Before 1287, A Defence of Chronicles,* Oxford, Asoka Society, 1970, p.9) စီအိုဘလက်ဒင်ကမူ 'ကောဇာနှစ်' ကို ယူခဲ့သည်။ ထိုသို့ ယူကြသဖြင့် ခေတ်ကာလမည်မျှကွာခြားသွားမည်ကို အထက်ပါဇယားဖြင့် မြင်ကြည့်နိုင်သည်။

ထို့ပြင်ပြဿနာတစ်ရပ်လည်း ရှင်းရန်ကျန်ပေသေးသည်။ ပျူခုနှစ်သည် ဝိကြမမင်းတို့အသက်များထက် ငယ်နေခြင်းပင်ဖြစ်သည်။ ဥပမာ ဟရိဝိကြမ နတ်ရွာစံသော ၄၁ ခု ၇ လ၊ ၉ ရက်တွင် မင်းကြီး၏ အသက်သည် ၅၇ ခု ၂ လ ၂၄ ရက်ရှိနေသည်ဆိုသဖြင့် ခုနှစ်ထက်အသက်က ၁၅ နှစ် ၅ လ၊ ၁၅ ရက် လွန်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ၄၁ ခုနှစ်မတိုင်မီက မည်သည့် ရက်စွဲအမှတ်အသားကို သုံးခဲ့ပါသနည်းဟု မေးရန်ဖြစ်လာခဲ့ပါသည်။ ရာဇဝင်ကျမ်းထဲတွင်ပါသည့်အတိုင်း သက္ကရာဇ်များ ဖြိုထားသည်အတွက်များလောဟု တွေးဆစရာဖြစ်ပါသည်။ ယင်းအဆိုလက်ခံလျှင် ပြဿနာတစ်ခု ရှင်းသွားပေမည်။

သရေခေတ္တရာတွင် ပျူမင်းဆက် နှစ်ဆက်ရှိခဲ့မည်ဆိုနိုင်ပါသည်။ ယင်းတို့မှာ ဝရိမန်မင်းဆက်နှင့် ဝိကြမမင်းဆက်တို့ဟူ၍ဖြစ်သည်။ မှော်ဇာဝက်ခေါင်းကုန်းမှ တူးဖော်ရရှိသော ဘုရားဆင်းတုတော်ပလ္လင်စာတွင် နောင်တော်ဇယဝရိမန်နှင့် ညီငယ်ဟရိဝိကြမတို့ မြို့တော်နှစ်မြို့ တစ်ပြိုင်နက်တည်ကြကြောင်းဆိုသည်။ တကောင်းရာဇဝင်ထဲက မင်းသားနှစ်ပါး ဘုရားအပြိုင်တည်ကြောင်းပုံပြင်ကို မြင်ယောင်မိသည်။ ဆက်စပ်မှုလည်း ရှိနိုင်သည်။ ပျူမင်းတို့သည် လေးနက်သောအဓိပ္ပာယ်ရှိသည့် သက္ကတဘွဲ့မည်များကို ခံယူခဲ့ကြသည်။ ဘုရားကောင်ကျောက်စာထဲမှတွေ့ရသော ပျူမင်းတို့

mgyoe.com

mgyoe.com


ဘွဲ့မည်များတွင် ဝိကြမမင်း ခုနစ်ဆက်ကိုဖော်ပြထားသည်။ ထိုမင်းတို့မှာ

| | |
|---|---|
| ဒေဝမိတြ | နတ်တို့ချစ်သောမင်း |
| ဟရိဝိကြမ | တန်ခိုးအင်အားကြီးသူ(ဗိဿနိုး) |
| သီဟဝိကြမ | ခြင်္သေ့ကဲ့သို့ရဲရင့်သူ |
| သူရိယဝိကြမ | နေမင်း၏သတ္တိ |
| ပြုံထုဝိကြမ | အကာအကွယ်(သံချပ်အင်္ကျီ)ပေးနိုင်သူ |
| ဇတြတတ(ဝိကြမ) | လူမျိုးပေါင်းစုံက ထိတ်လန့်ရသူ |
| အာဒိတြဝိကြမ | တန်ခိုးအင်အားရှိသောနေမျိုးနွယ် |

တို့ဖြစ်ပြီး ဟရိဝိကြမအထက်တွင် မင်း ၂ ပါးရှိသေးသော်လည်း မူလအကြီးအကဲများဖြစ်နိုင်ပါသည်။ 'သ္ဒိတိတ္ဒိ' နှင့် 'ဒေဝမိတြ' တို့ဖြစ်သည်။ မျိုးခြားမင်း ၂ ပါးလော သားအဖ ညီအစ်ကိုများလော ခွဲခြားမသိပေ။ ဒေဝမိတြထံမှ ဟရိဝိကြမသည် အုပ်ချုပ်ရေးအာဏာကို တစ်နည်းနည်းဖြင့် ရယူလာခဲ့ဟန်ရှိသည်။ ယင်းကပင် မင်းဆက်သစ်ရောနိုင်ငံကိုပါ စတင်ထူထောင်ခဲ့သော မင်းဖြစ်မည်ထင်ပါသည်။ အနေအထားအရ ဟရိဝိကြမသည် ထိုခေတ်အတွက် မြန်မာရာဇဝင်ဆရာများ ဖော်ပြသော ဒွတ္တဘောင်မင်းကြီး ဖြစ်လာနိုင်စရာရှိပါသည်။ ယင်းသည် အေဒီ ၆၇၉ တွင် နတ်ရွာစံခဲ့သည်။ မဟာရာဇဝင်ကြီးပါမင်းများနှင့် ဆက်စပ်မရအောင်ကာလကွာခြားနေပေသည်။ အရိုးအိုးစာ၊ ဘုရားပလ္လင်စာ ကျောက်စာများမှ ထုတ်နုတ် ရရှိသော ပျူမင်းတို့ ဘွဲ့နာမံတော်များကို တွေ့ရှိရသမျှအောက်တွင် အက္ခရာစဉ်လျက် ဖော်ပြပေးလိုက်ပါသည်။

**ကျောက်စာပါသရေခေတ္တရာမှ ပျူမင်းများ**

၁။ ဂုပ္တ/ဂြီ
၂။ ဇတြတတ/ဝိကြမ
၃။ ဇွတြဝရ်မန်
၄။ ဇယစန္ဒြဝရ်မန်
၅။ ဒေဝမိတြ
၆။ ဓမ္မဒိတျာဝိကြမ
၇။ ပြနပနဝိကြမ
၈။ ပြဘုဝရ်မန်

mgyoe.com

mgyoe.com


၉။ ဓရာရိစ်နွ်/ဂြီ
၁၀။ ဗြိထုဝိကြမ
၁၁။ ဝါရိဝိကြမ
၁၂။ သီဟဝိကြမ
၁၃။ သူရိယဝိကြမ
၁၄။ ဟရိသိကြမ
၁၅။ အာဒိတျဝိကြမ

ထိုမင်း ၁၅ ပါးတို့သည် သရေခေတ္တရာမြို့တွင် စိုးစံသွားခဲ့ကြပြီး မြန်မာ့သမိုင်းတွင် အစောဆုံးအုပ်ချုပ်မင်းလုပ်သွားခဲ့ကြသူများ ဖြစ်ပေသည်။ ယင်းတို့ထက်စောသောမင်းကို ခေတ်ပြိုင်အထောက်အထားဖြင့် မတွေ့ရှိရဖူးသေးချေ။ သရေခေတ္တရာမှ ရရှိသည့် ခေတ်ပြိုင် ပျူကျောက်စာများတွင် တွေ့ရှိရသဖြင့် အခိုင်မာဆုံးသောအထောက်အထားပင် ဖြစ်တော့သည်။ အချို့သည် ယင်းတို့ကောင်းမှု ကျောက်စာမှတွေ့ရှိရပြီး အချို့မှာ ယင်းတို့အရိုးအိုးကျောက်စာတို့မှ တွေ့ရှိရခြင်းဖြစ်သောကြောင့် သာလွန်စိတ်ချ ကိုးစားယုံကြည်ရသော မှတ်တမ်းများဖြစ်ပေသည်။ သို့ဆိုလျှင် ရာဇဝင်ကျမ်းများထဲတွင်ပါသော မင်းဆက်များကို ဘယ်သို့ပို့ထားရပါမည်နည်း။ ထိုမင်းဆက်များမှားနေပြီလော။ ထိုမျှထိ ဖြေနိုင်လောက်သော အနေအထားမရှိသေးပါ။ အချိန်ယူကြရပါဦးမည်။ ခေတ်ပြိုင်ကျောက်စာများမှ သရေခေတ္တရာကို စိုးမိုးအုပ်ချုပ်သွားခဲ့ကြသော ပျူမင်းများကို တွေ့ရှိရသည်ဆိုသော်လည်း မင်းအစဉ် အဆက်ဆက်ခံခဲ့ကြပုံကိုမှန်ကန်စွာ မသိရှိရသေးသဖြင့် ဂနစွာ မပြောနိုင်သေးဘဲရှိနေရပါသည်။ ဘွဲ့မည်များကို လေ့လာခြင်းအားဖြင့် သရေခေတ္တရာမင်း အချို့တို့သည် နိုင်ငံထူထောင်ရေးတွင် စစ်ရေးအောင်မြင်မှု ရရှိခဲ့သည်များ၊ ရန်အပေါင်းကို နှိမ်နင်းနိုင်ခဲ့သည်များကို တွေးထောက်ကြည့်၍ရရှိနိုင်ပါသည်။ သို့သော် သမိုင်းကွင်းဆက်ကို ပီပြင်အောင်မသိရှိနိုင်သေးသဖြင့် ထိုကွက်လပ်ကိုလည်း သမိုင်းပညာရှင်တို့ ဆက်လက်၍ သုတေသနပြုလုပ်ဖြည့်ပေးရပါဦးမည်။

ထို့ပြင် တူးဖော်တွေ့ရှိသည့် အထောက်အထားတို့ကိုစစ်ဆေးသောအခါ သမိုင်းခေတ်သည် ခရစ်နှစ်ဦးအထိ ရောက်ရှိပေသည်။ မြို့ရိုးအဆောက်အအုံအစွေအစောင်းကို သံလိုက်ကြောင်းနှင့် တွက်ချက်ကြည့်သောအခါ ခရစ်မပေါ်မီ ၂ ရာစု ဘီစီထိရောက်ကြောင်း ဆရာကြီးဒေါက်တာသန်းထွန်းကဆိုသည်။ သို့သော် ပျူတို့သည်

mgyoe.com

mgyoe.com


ပကတိအမှန်မြောက်(True North)နှင့် သံလိုက်မြောက်(Magnetic North)ဟူ၍ ရှိကြောင်းကို မသိသကဲ့သို့ မြို့ရိုးအဆောက်အအုံတို့ကို တည်ဆောက်သောအခါ အတိုင်းအတာမမှန်သဖြင့် စွေစောင်းသွားခြင်း မြေပြင်အနေအထားငဲ့ရသဖြင့် စွေစောင်းရခြင်းမျိုးလည်း ရှိခဲ့နိုင်သည်။ သံလိုက်မြောက်၏ အသွားလမ်း အပြန်လမ်း ကောက်ယူပုံလွဲမှားပါလျှင်လည်း ခေတ်ကာလများ ကွာခြားသွားနိုင်ပေသည်။ ခေတ်ပြိုင်မှတ်တမ်းတွင် လက်ရေးကိုကြည့်၍လည်းကောင်း၊ ခုနှစ်ကိုကြည့်၍လည်းကောင်း၊ မင်းဆက်ကိုအခြေတည်၍လည်းကောင်း ထည့်သွင်းစဉ်းစားတွက်ချက်ကြည့်နိုင်သည်လည်း ရှိသည်။ ပျူမြို့တော်နောက်ဆုံးအဖျက်ဆီးခံရသည်မှာ အေဒီ ၈၃၂ ကပဟုတရုတ်မှတ်တမ်းများအရ သိရပါသည်။ (သန်းထွန်း၊ **ရှေးမြန်မာမြို့တော်များ၊** ၂၀၁၄၊ စာ–၇၈)။ ဆရာကြီးက ပျူတို့ 'သကနှစ်' ကိုသုံးသည်ဟု ယူဆသည်မှာ တောင်မြောက်တန်းတွက်နည်းရအဖြေနှင့် နီးစပ်ရန်ယူသည်ဟု ယုံကြည်ရပါသည်။

ပျူရက်စွဲများနှင့် မင်းဆက်ကို သိရှိနိုင်ဖို့ အိန္ဒိယသမိုင်းနှင့် တိုက်ဆိုင်စစ်ဆေးရန်လည်း လိုအပ်ကြောင်း တွေ့ရှိရပါသည်။ အကြောင်းမှာ ပျူကျောက်စာတို့တွင် အိန္ဒိယမင်းဆက်အမည်များဖြစ်သော **ဂုပ္တ** အသုံး၊ **ဝရ်မန်** အသုံးနှင့် **ဝိကြမ** အသုံးတို့ပါဝင်နေသောကြောင့် ဖြစ်သည်။ အိန္ဒိယသမိုင်းတွင် ဂုပ္တမင်းဆက်ကို ထူထောင်ခဲ့သော 'စန္ဒြဂုပ္တ' သည် (အေဒီ ၃၁၉–၃၅၅) တွင် တည်ထောင်စိုးစံသွားခဲ့သည်။ ထို့ကြောင့် ဂုပ္တမင်းဆက်ကို သရေခေတ္တရာတွင် လေးရာစုထက်စော၍မရနိုင်ချေ။ ထိုမင်းဆက်ပျက်သုဉ်းပြီးပေါ်လာခဲ့သော မဲတြကနှင့် မောက္ခရိ(Maitrakas & Maukharis)မင်းဆက်တွင် မင်းတို့ 'ဝရ်မန်' ဘွဲ့များခံယူခဲ့ကြသည်။ ယင်းတို့သည် ခရစ်နှစ် ၆ ရာစုအကုန်လောက်ကစိုးစံခဲ့ကြခြင်း ဖြစ်သည်။ ဂယာဝန်းကျင်တွင် အုပ်စိုးခဲ့ကြသော မောက္ခရိမင်းတို့သည် ယင်းတို့စာပေမှတ်တမ်းများအရ ဝရ်မန်ဘွဲ့များ ခံယူခဲ့ကြသည်။ ယင်းတို့တွင် –

ဟရိဝရ်မန်(Hari-varman)

အာဒိတျဝရ်မန် (Aditya-varman)

ဣသွရ်ဝရ်မန်(Isvar-Varman)

ဣသနဝရ်မန် (Isana-varman,AD 558-576)

သရ်ဝဝရ်မန် (Sarva-Varman,AD 576-80)

အဝန္တိဝရ်မန် (Avanti-varman, AD 580-600)

mgyoe.com

mgyoe.com


မင်းများပါရှိသည်။ ယင်းတို့နောက် မင်း ၂ ဆက်ရှိသေးသော်လည်း ရက်စွဲများမတွေ့ရတော့ပေ။ သို့သော် ခရစ်နှစ် ၇၅၉ ထက်မကျော်ကြောင်း သိရသည်။ (*Ancient India*, pp. 478-483)။ ကမ္ဘောဒီးယားတွင် အုပ်စိုးသွားခဲ့ကြသော ဝရ်မန်မင်းဆက်ဆို့သည်လည်း ခရစ်နှစ် ၈–၁၁ ရာစုထက်မကျော်ကြောင်း တွေ့ရသောကြောင့် သရေခေတ္တရာမှ ဝရ်မန်မင်းဆက်တို့သည်လည်း ၆ ရာစုထက်စောနိုင်ရန် အကြောင်းမရှိဟု ဆိုရပါမည်။

ထို့ပြင် အိန္ဒိယသမိုင်းမှ ဆလုကျမင်းဆက်(The Chalukya Dynasty)၌ ဝိကြမနှင့် ဝရ်မန် မင်းဆက်များသည် ခရစ်နှစ် ၆၅၅ တွင်စ၍ ၁၁၂၆ တွင်မှ ဆုံးသည်ကို တွေ့ရသည်။ (*Ancient India*, pp.551-64) ထိုမင်းဆက်သည် သိဝနတ်ဘုရားကို ကိုးကွယ်ကြသူများဖြစ်သည်။ ထို့ကြောင့် စီအိုဘလက်ဒင်(C.O. Blagden) တွက်သည့်အတိုင်း ပျူနှစ်ကို ၆၃၈ ပေါင်းမှ ခရစ်နှစ်ရနိုင်မည်ရက်စွဲအမှန်နှင့် နီးစပ်နိုင်မည်ဖြစ်သည်။ သို့မဟုတ်လျှင် အဖထက် သားတစ်လကြီးဖြစ်နေပေမည်။

## ပျူယဉ်ကျေးမှု

မြန်မာနိုင်ငံတွင် အစောဆုံး မြို့ပြနိုင်ငံနှင့် အစောဆုံးယဉ်ကျေးမှု၊ အစောဆုံး ဘာသာသာသနာကို ရယူပိုင်ဆိုင်ခဲ့ကြသောလူမျိုးမှာ ပျူတို့ဖြစ်သည်ဟု ဆိုချင်ပါသည်။ ပျူတို့မတိုင်မီက မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကျောက်ခေတ်လူသားတို့ နေထိုင်ခဲ့ကြသည်များကိုလည်း တွေ့ရသည်။ သို့သော် ယင်းတို့နှင့် ပျူတို့ဆက်စပ်မိခဲ့ကြသည်ကို ဟံလင်းတွင် သမိုင်းသဲလွန်စများရသဖြင့် အတော်အတန်ပိုမို ပြောပြလာနိုင်ခဲ့ပါသည်။ ထိုကျောက်ခေတ်လူသားတို့သည် သေသူကို မြောက်သို့ဦးခေါင်းပြုမြေမြှုပ်ခဲ့သည့် ဓလေ့ရှိခဲ့ကြပါသည်။ မြှုပ်နှံခြင်းနှင့်အတူ အသုံးအဆောင်အိုးများကိုလည်း တွဲလျက်တွေ့ရှိရသည်။ ယင်းတို့သည်သေလျှင် မီးသင်္ဂြိုဟ်ခွင့်မရှိသော၊ မီးသင်္ဂြိုဟ်ရန်မတတ်နိုင်သော သာမန်ပျူများလည်း ဖြစ်နိုင်ပါသည်။ ဗိဿနိုးတွင်လည်း ကုန်းအမှတ် ၁၄ မှ ဘာသာရေးအဆောက်အအုံတစ်ခု၏ တောင်ဘက်မြောက်ဘက် နံရံများအောက်တွင် အလောင်းအတိုင်း မြှုပ်နှံထားသည်ကို တူးဖော်တွေ့ရှိရသည်။ အရှေ့ဘက်နံရံနှင့် အဆွယ်၏အနောက်ဘက် နံရံအောက်တွင် အရိုးအိုးများ မြှုပ်နှံထားသည်။ ယင်းတို့ကို မြေပြင်တစ်ခုထဲတွင် တွေ့ရသောကြောင့် ပျူဆိုတိုင်း မီးသင်္ဂြိုဟ်သည်မဟုတ်ကြောင်း ဆိုနိုင်သည်။ (Aung Thaw, *Historical Sites in Burma*,

mgyoe.com

mgyoe.com


Yangon, The Ministry of Union Culture, 1972,P.5)

ပျူတို့သည် ဗုဒ္ဓသာသနာတော်အပြင် အခြားကိုးကွယ်ယုံကြည်မှုလည်း ရှိခဲ့သည်။ ထူးခြားသည်က ဟံလင်းမြို့ အုတ်အဆောက်အအုံ တစ်ခုအတွင်းတွင် ကျောက်တိုင်များ သုံးဘက် သုံးတန်စနစ်တကျ စိုက်ထူထားသည်ကို တွေ့ရခြင်းပင်ဖြစ်ပါသည်။ ထိုကျောက်တိုင်တို့ကို အဆောက်အအုံနံရံအခြေတွင် ကပ်လျက် အလယ်တည့်တည့်တွင် အစုလိုက်စိုက်ထူထားရှိသည်။ တစ်ဖက်တစ်ဖက်တွင် ကျောက်တိုင် အရေအတွက်မှာ မျက်မြင်အတိုင်းဆိုလျှင် ကိုးခု ဆယ်ခု ဆယ့်တစ်ခုစီရှိပါသည်။ တောင်ဘက်တွင် ကျောက်တိုင်စိုက်ထားခြင်းမရှိပေ။ မြေပြင်ညီဝင်ပေါက်ရာလည်း မတွေ့ရှိရချေ။ အပေါ်ပိုင်းအဆောက်အအုံက မရှိတော့သောကြောင့် ဗိသုကာသဘောကိုလည်း မပြောနိုင်တော့ပေ။ အုတ်ဖြင့် အဆောက်အအုံဆောက်လုပ်နိုင်ခြင်းသည် ပြင်ပယဉ်ကျေးမှုနှင့် ဆက်နွယ်နိုင်မည်ဟု တွေးဆရပါသည်။ ထိုကျောက်တိုင်များသည် မည်သည့်အထိမ်းအမှတ်အတွက် စိုက်ထူခဲ့ကြပါသနည်း။ စိတ်ဝင်စားစရာကောင်းသော မေးခွန်းဖြစ်ပါသည်။ ကိုးကွယ်ယုံကြည်မှုအတွက် အထွတ်အမြတ်ထားခြင်း တစ်မျိုးမျိုးနှင့် ဆက်နွယ်နေနိုင်ပါသည်။ ကျောက်တိုင်တို့၏အရေအတွက်ကလည်း မြင်သမျှအတိုင်းဆိုရလျှင် အဓိပ္ပာယ်တစ်မျိုးမျိုးကို ဆောင်ကြောင်း တွက်ဆရပါသည်။



အုတ်အဆောက်အအုံအတွင်းတွေ့ရသော ကျောက်တိုင်များ(ရှေးဟောင်းသုတေသန)

mgyoe.com

mgyoe.com


သာမန်အားဖြင့် ကိုးကွယ်ယုံကြည်မှုနှင့်ဆိုင်သော အဆောက်အအုံဟူ၍သာဆိုနိုင်ပါမည်။ ကျောက်လက်နက်များကိုသာသုံးစွဲနေသောခေတ်တွင် ထိုကျောက်တုံးကျောက်တိုင်ကြီးများကို စိုက်ထူထားသဖြင့် အင်္ဂလန်မှာတွေ့ရသော ကျောက်တုံးကျောက်တိုင်ကြီးခေတ် (Megalithic Stonehenge) ဆိုသည်ကို မြင်ယောင်မိပေသည်။ ဗုဒ္ဓသာသနာမရောက်မီ ကျောက်ခေတ်သစ်ကာလက ယုံကြည်မှုတစ်မျိုးဖြစ်ပါမည်။ သို့သော် ပြင်ပမှ အုတ်နံရံကာထားသဖြင့် ထိုမျှထိခေတ်စောပါမည်လောဟုလည်း သံသယဖြစ်မိပါသည်။ အုတ်နံရံသုံးဘက်တို့၏ ဗဟိုကိုယူ၍ ကျောက်တိုင်များကို စိုက်ထူထားသောကြောင့်လည်း ရည်ရွယ်ချက် တစ်ရပ်အတွက် တစ်ပြိုင်နက်တည်ဆောက်ထားသည်ဟုလည်း ဆိုနိုင်ပေသည်။ ထို့ကြောင့် ယင်းအဆောက်အအုံသည် ကျောက်ခေတ်သစ်လွန်ကာလဟု ပြောနိုင်ပါမည်။

ဗိဿနိုး၊ ဟံလင်းတို့မှတူးဖော်တွေ့ရှိရသော မြို့ဝင်ပေါက်အနေအထား၊ မြေလုပ်ပစ္စည်းများ၊ လက်ဝတ်ရတနာများ၊ တံဆိပ်များအရ ယဉ်ကျေးတိုးတက်နေသော လူမှုအဖွဲ့အစည်းကို တွေ့မြင်နေရပါသည်။ အချို့တို့သည် အိမ်နီးချင်းနိုင်ငံတို့မှ တင်ပို့သည်များလည်း ပါနိုင်ကောင်းပါမည်။ အထူးသဖြင့် တရုတ်နှင့် အိန္ဒိယတို့သည် ပျူတို့စံယူအတုခိုးရမည့် ယဉ်ကျေးမှုပင်မရေစီးကြောင်းကြီးများလာခဲ့ရာ ဖြစ်နိုင်ပါမည်။ တွေ့ရှိရသမျှအရာအားလုံးသည် ပျူတို့ တီထွင်လုပ်ကိုင်သုံးစွဲသော ပစ္စည်းများချည်းဟု ပြောရန်ခက်ပါသည်။ သို့သော် ပျူတို့ ဒေသတွင် တွေ့ရသဖြင့် ပျူတို့သုံးစွဲခဲ့ကြောင်းကား ပြောနိုင်ပါသည်။


## ပျူနှင့်ဗုဒ္ဓသာသနာ

ပျူတို့မည်သည့်အချိန်တွင် ဗုဒ္ဓသာသနာတော်နှင့် တွေ့ရှိကိုးကွယ်လာခဲ့ကြပါသနည်းဟု လေ့လာသောအခါ အစဉ်အလာယုံကြည်မှုနှင့် မြေအောက်တွေ့ရှိရသည်များ ထပ်တူမကျ ကွဲပြားခဲ့သည်ကို တွေ့ရသည်။ ဗုဒ္ဓသာသနာတော်အရင် ဟိန္ဒူဓလေ့က ရောက်နှင့်နေရာယူပြီးဖြစ်နေသည်ဟု ထင်ပါသည်။ ပျူမြို့တော်ဟောင်းများထဲက ဗိဿနိုးကိုစံပြုကြည့်လျှင် သတိထားမိနိုင်ပါသည်။ ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့သည့်အထောက်အထားကို ထိုမြို့တွင်အားပါးတရ မတွေ့ရှိရပေ။ ကုန်းအမှတ် ၃ မှတူးဖော်တွေ့ရှိရသော ပစ္စယံသုံးဆင့်ပါ စေတီတော်လုံးတစ်ဆူကို တွေ့ရသည်။ ဆရာဦးအောင်သော်က အိန္ဒိယနိုင်ငံ၊ အန္ဓရပြည်နယ် နာဂရ်ဇုနကုန္ဒ (Nagar-

mgyoe.com

junakondha, Andhra) တွင် တွေ့ရသည်နှင့် တူကြောင်းဖော်ပြသည်။ (Aung Thaw, *Historical Sites in Burma,* Yangon, The Ministry of Union Culture, 1972, P.5)

ပျူမြို့တိုင်းတွင် ဗုဒ္ဓသာသနာထွန်းကားနေကြောင်း သိရသော်လည်း အဦးအစ ရုပ်ပွားဆင်းတုတော်ကိုးကွယ်မှု အားနည်းနေသည်ကို တွေ့ရသည်။ ဗြဟ္မဏဝါဒ၊ မဟာယာနသာသနာနှင့် ထေရဝါဒ သာသနာတော်တို့ ထွေးရောယှက် (Syncretic Buddhism) ထွန်းကားနေကြောင်း တွေ့မြင်ရသည်။ ဟံလင်းတွင် ရာဇလိလာသန ထိုင်တော်မူဘုရားအလောင်းပုံတော်ကို ကိုးကွယ်ကြသူတို့ ပူဇော်နေပုံ ထွင်းထုထား သော ကျောက်ပြားကြီးတစ်ချပ်ကို တွေ့ရဖူးသည်။ (ဟံလင်းကျောက်စာရုံ) သာသနာ အထွန်းကားဆုံးမှာ သရေခေတ္တရာ(ပြည်)ဖြစ်သည်။ ထေရဝါဒသာသနာတော် အင်အားကြီးလျက်ရှိသည်။ မဟာယာနလည်း ထွန်းကားနေဆဲဖြစ်သည်။ သို့တိုင် အောင် အုပ်ချုပ်သူတို့ ဘွဲ့မည်များကိုကြည့်လျှင် ဝရ်မန်နှင့် ဝိကြမ ဘွဲ့များက ဟိန္ဒူ နှင့် သက်ဆိုင်နေကြောင်း ပြနေပေသည်။ ထေရဝါဒီ ဗုဒ္ဓသာသနာဝင်မင်းတို့က မဟာ ဓမ္မရာဇာဘွဲ့များသာ ခံယူလေ့ရှိကြသည်။



မိသာနိုးမှတူးဖော်တွေ့ရှိရသော ဘုရားတစ်ဆူအောက်ပိုင်းပုံ
(ရှေးဟောင်းသုတေသနဌာနမှ ကျေးဇူးပြုသည်။)

mgyoe.com

mgyoe.com


ကျောက်ခေတ်ကာလထဲမှ ထိုးထွက်၍ မြို့ပြနိုင်ငံများ တည်ဆောက်လာနိုင်ခဲ့သော ပျူတို့၏ တိုးတက်မှုသည် လျင်မြန်လွန်းလှသဖြင့် အံ့သြမိရပါသည်။ မြို့ရိုးမြို့တာနှင့် နေနိုင်ရန်အတွက် အုတ်ဖုတ်ပညာ၊ မြို့ရိုးတည်ဆောက်မှုပညာ၊ ဗိသုကာပညာ၊ တိုက်ခိုက်စည်းရုံးမှုစစ်ရေးပညာတို့ အထူးလိုအပ်ပေသည်။ ထို့ပြင် ကြီးမားကျယ်ပြန့်သော လူမှုအဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ထားရှိနိုင်ရန်ကလည်း စစ်ရေးနှင့် အုပ်ချုပ်ရေးပညာများ တတ်သိကျင့်ကြံလုပ်ဆောင်နိုင်ရန်လိုပါသည်။ အချိန်လည်းများစွာယူရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သစ်ဝါးပေါသောဒေသဖြစ်၍ ရှေးလူတို့သည် နေအိမ်များကို အနီးဝန်းကျင်ရှိ သစ်ဝါးတို့ဖြင့်သာ တည်ဆောက်နေထိုင်ခဲ့ကြပါသည်။ ပြည်သူတို့အိုးအိမ်နှင့် မင်းတို့စံရာ နန်းတော်များကို တည်ဆောက်ရန်အတွက် မြေကို အုတ်လုပ်ခြင်း၊ အုတ်ကို မီးဖုတ်ရခြင်း . . . စသည်တို့သည် မြန်မာနိုင်ငံလိုနေရာတွင် မလိုအပ်ခဲ့ချေ။ သစ်ဝါးရှားပါးသော အရှေ့အလယ်ပိုင်းဒေသ အိန္ဒိယအချို့ဒေသများနှင့် အလွန်အေးသောဒေသတို့တွင်သာ ထိုဓလေ့တွေ့ရှိရပါသည်။

သို့ဖြစ်လျှင် ပျူတို့ အုတ်ဖုတ်ခြင်း၊ ပန်းရန်အတတ်ကိုတတ်ခြင်းသည် ဗုဒ္ဓသာသနာတော်အတွက်နှင့် ပြင်ပပညာရှင်များ အကူအညီပါနိုင်ကောင်းသည်ဟု ယူဆရန်ရှိပေသည်။ အုတ်ဖုတ်ပညာနှင့် ပန်းရန်အတတ်သည် ပျူ–ဗမာ–မွန်တို့ ဟိန္ဒူ သို့မဟုတ် ဗုဒ္ဓသာသနာတော် ရောက်ရှိလာပြီးနောက်မှ တတ်ကျွမ်းသည့် ပညာရပ်ဖြစ်လေမည်လော၊ သို့မဟုတ် ပြင်ပပညာရှင်များ၏ အကူအညီဖြင့်သာ ရခဲ့ခြင်းလောဟု တွေးမိပါသည်။ အိန္ဒိယနှင့်တရုတ်တို့တွင် ထို့ထက်စောသောကာလများကတည်းက အုတ်ဖုတ်ပညာ တတ်နေကြပြီဖြစ်သကဲ့သို့ အုတ်မြို့ရိုးများဖြင့် ကာကွယ်ထားသော အတတ်ပညာများလည်း တတ်မြောက်နေကြပြီဖြစ်ပါသည်။ ချင်မင်းဆက်လက်ထက် တည်ဆောက်ခဲ့သော တရုတ်ပြည်မှ မဟာတံတိုင်းကြီး၊ အိန္ဒိယတိုက်ငယ်ရှိ အိန္ဒုမြစ်ဝှမ်းမှ မိုဟင်ဂျိုဒါရို (Mohenjodaro) နှင့် ဟာရပ္ပ (Harappa) မြို့ရိုးများ တည်ဆောက်ပုံတို့သည် ပျူတို့ထက်စောခဲ့ကြပါသည်။ ကြီးမားသော အုတ်မြို့ရိုးကြီးများ ထုထည်ကြီးမားသော အုတ်တိုက်အဆောက်အအုံများကို တည်ဆောက်နေထိုင်ခဲ့ကြပါသည်။ အိန္ဒိယမှ မောရိယခေတ်တွင် တည်ဆောက်ခဲ့သော စေတီတော်များသည် ပျူ မြန်မာ မွန်နှင့် ရခိုင်တို့ အတုခိုးစရာဖြစ်ခဲ့ပါသည်။ ပျူတို့သည် အိန္ဒိယနှင့် ဆက်နွယ်မှုရှိကြောင်း ထင်ရှားပါသည်။

မြို့ပြဖြစ်လာလျှင် မြို့ပြနိုင်ငံမပြိုကွဲရေးသည် အုပ်ချုပ်သူနှင့်တကွသော ပြည်သူတို့တာဝန်တစ်ရပ်ကဲ့သို့ ခံယူလာခဲ့ပြီဖြစ်ပါသည်။ မြင်သာသောဆောင်ရွက်ချက်မှာ ရန်သူ

mgyoe.com

mgyoe.com


လာလျှင် ကာကွယ်နိုင်ဖို့ မြို့ရိုးများတည်ဆောက်ထားခြင်း၊ ကျုံးများရံထားခြင်း၊ မြို့တွင်းတွင် အစာရေစာ ပြည့်စုံအောင် စီမံထားရခြင်း၊ ကာကွယ်ရန်စစ်သည်ရဲမက်များ ဖွဲ့စည်းထားရခြင်း၊ အင်အားတောင့်တင်းသောအခါ တစ်ဖက်သူက လာရောက်တိုက်ခိုက် မည်ကိုစောင့်မနေဘဲ မိမိတို့က လက်ဦးမှုရအောင် တိုက်ခိုက်ခြင်းများ ပြုလုပ်လျက် နယ်ပယ်ချဲ့ထွင်ကာ လူမျိုးစုံပါဝင်သော ပြည်ထောင်စုကို ဖွဲ့စည်းခဲ့ရပါသည်။ ယင်းကို ထိုခေတ်မင်းနှင့်ပြည်သူတို့သည် ယခုခေတ်တွင် ကြွေးကြော်နေကြသကဲ့သို့ တို့တာဝန်အရေးသုံးပါးဟူ၍ မသိကြသော်လည်း၊ မကြွေးကြော်ခဲ့ကြသော်လည်း သိနေကြွေးကြော်နေသကဲ့သို့ပင် လက်တွေ့လုပ်ဆောင်ခဲ့ကြသည်။

ပျူတို့ မြို့ရိုးမြို့တာဆောက်လုပ်မှုနှင့် စေတီပုထိုးများတည်ဆောက်မှုဗိသုကာပညာကို ဘယ်ကရရှိတတ်မြောက်လာခဲ့ကြပါသနည်း။ အလိုလိုတတ်ခဲ့ကြသည်လော။ စစ်ဆေးရန်လိုပါသည်။ လွယ်လွယ်ဆိုရသော် အိန္ဒိယမှ ရသည်ဆိုနိုင်ပါသည်။ သရေခေတ္တရာတွင် စာပေထွန်းကားခဲ့သဖြင့် ခိုင်မာသော သမိုင်းအချက်အလက်များကို စာပေတို့မှ ဖော်ထုတ်၍ အလေးအနက် ပြောဆိုလာနိုင်ခဲ့ပါသည်။

ပျူတို့ပေးထားရစ်ခဲ့သော ယဉ်ကျေးမှုအမွေတို့ကို မြင်နိုင်သောသမိုင်းအမွေနှင့် မမြင်နိုင်သော ခံစားတတ်မှုအမွေဟူ၍ နှစ်မျိုးခွဲခြားပြောရမည်ဖြစ်ပါသည်။ ကျောက်စာများ၊ ငွေဒင်္ဂါးများ၊ စေတီပုထိုးများ၊ ပန်းပုရုပ်တုများ၊ ဗုဒ္ဓဆင်းတုတော်များ၊ မြို့ရိုးမြို့ပျက်များ၊ လက်ဝတ်ရတနာများ၊ အုတ်ခွက်ဘုရားများ . . . စသည်တို့သည် မြင်နိုင်သော သမိုင်းအမွေပစ္စည်းများ ဖြစ်ပါသည်။ မမြင်နိုင်သော ခံစားတတ်မှုအမွေဟူရာတွင် ယင်းတို့ ကိုးကွယ်ယုံကြည်ခဲ့သော ဗုဒ္ဓသာသနာတော်အပေါ် အခြေခံသည့် သိမ်မွေ့သော၊ ခိုင်မာ နက်နဲသော၊ တရားမျှတခြင်းကိုလိုလားသော စိတ်ဓာတ်မွေးမြူနိုင်ခြင်းများဖြစ်သည်။ တစ်နည်းပြောရလျှင် အမျိုးချစ်စိတ် ဇာတိမာန်သည် ပျူတို့ထံမှရရှိခဲ့သော မမြင်နိုင်သည့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေဖြစ်ပါသည်။ အမျိုးချစ်စိတ်ရှင်သန်ခဲ့ခြင်းသည် ပျူတို့ကစတင် တည်ဆောက်ပေးခဲ့သော ယဉ်ကျေးမှုတို့မှ မြစ်ဖျားခံလာခဲ့ခြင်း ဖြစ်ပေသည်။

**သရေခေတ္တရာမှ စေတီပုထိုးများ**

ယနေ့သရေခေတ္တရာမြို့ဟောင်းတွင် ရှေးဟောင်းစေတီပုထိုးအတော်များများရှိသည်။ မည်သည့်မင်းတည်ဆောက်သွားကြောင်း ခေတ်ပြိုင်အမှတ်အသားမတွေ့ရှိရ


mgyoe.com

mgyoe.com


ဖူးပေ။ တွေ့ရှိရသော အရိုးအိုးစာ၊ ဘုရားပလ္လင်စာ ကျောက်စာများအရ ဟရိဝိကြမ သည် မင်းဆက်နှင့်ပျူနိုင်ငံကို စတင်တည်ထောင်ခဲ့သောမင်း ဖြစ်နိုင်စရာရှိပါသည်။ ရာဇဝင်ကျမ်းများထဲတွင်ပါရှိသော ဒွတ္တဘောင်မင်းကြီးဆိုသည်မှာ ယင်းကိုပင် ရည်ညွှန်းလေသလော ဆက်စပ်တွေးတောမိသည်။ ရာဇဝင်ကျမ်းများအရထို ဒွတ္တ ဘောင် မင်းကြီးသည် ဘုရားစေတီများတည်ဆောက်သွားခဲ့သည်။ ယင်းစေတီပုထိုး များတွင်

စည်းစည်း
ညည်းညည်း
ပေါပေါ
မြသီတင်
လျောလျော
သောကြမ္မာ

တို့ပါရှိသည်။ ထိုဘုရားခြောက်ဆူထဲမှ ပေါပေါ(ဗောဗောကြီး) မြသီတင်နှင့် သောကြမ္မာသုံးဆူသာ ထုတ်ဖော်နိုင်ပေသည်။ မြသီတင်ကို ယနေ့ ဆံတော်ရှင်ဟု ယူဆနေကြသောကြောင့် သိရှိရခြင်းဖြစ်သည်။ ဘုရားမာနှင့် ဘဲဘဲကြီးတို့လည်း ခေတ်ပြိုင်များဖြစ်ပါမည်။



ဓာတ်ပုံကို ရှေးဟောင်းသုတေသနဌာနမှတစ်ဆင့် ကူးယူဖော်ပြသည်။

mgyoe.com

mgyoe.com



သရေခေတ္တရာမြို့ဟောင်း ကန်ဝက်ခေါင်းကုန်းမှ ၁၉၂၇–၂၈ တူးဖော်စဉ်က တွေ့ရှိရသော ပျူဘာသာရေး ရွှေပေလွှာအများရှိသည်။ မြန်မာနိုင်ငံသက္ကတဗုဒ္ဓသာသနာ (Sanskrit Buddhism in Burma)အကြောင်းကို ရေးသားခဲ့သူပညာရှင် နီဟာရန်ဂျန် ရေး (Niha-Ranjan Ray)က လက်ရေးစာများကိုကြည့်ပြီး အိန္ဒိယအရှေ့မြောက်ပိုင်း မဂဓဒေသမှ ကဓမ္မအက္ခရာကို သုံးသဖြင့် ခရစ်နှစ် ၇ ရာစုဟု ဆုံးဖြတ်ခဲ့သည်။ တရုတ်ခရီးသည် အိုင်ဆင်း(I-tsing) ကို ကိုးလျက်လည်း အခိုင်အမာပြုခဲ့သည်။ (Niha-Ranjan Ray, *Sanskrit Buddhism in Burma*, Amasterdam,--H.J. Paris, MCMXXXVI-1936, PP.22-23)ထို့ကြောင့် သရေခေတ္တရာတွင် ခရစ်နှစ် ၇ ရာစုတွင် စာပေယဉ်ကျေးမှုအမြင့်ဆုံးအခြေအနေတွင် ရှိနေသည်ဟု မှန်းဆနိုင်သည်။ မြေပြင်အထောက်အထား၊ ခေတ်ပြိုင်စာပေအထောက်အထား မင်းဆက်အမည်များအရ စေတီပုထိုးတို့သည်လည်း ၅–၇ ရာစုထက်မစောနိုင်လောက်ဟု ထင်ပါသည်။ အောက်ပါကျောက်တွင်း စေတီပုံတော်သည် တည်ထားမည့်စေတီတို့အတွက် အိန္ဒိယမှသယ်ဆောင်လာသည့် နမူနာပုံစံဖြစ်နိုင်ကောင်းပါသည်။ ဘောဘော၊ ဘဲဘဲ၊ မြသီတင်တို့၏ ရှေ့ပြေးပုံစံများလောဟုလည်း တွေးဆမိသည်။



စေတီတည်ဆောက်ရန် ပုံစံရေးဆွဲထားသော ကျောက်ပြားတစ်ချပ်

mgyoe.com

mgyoe.com

မော်ဇာမှ ရွှေပေစာ ၁-၃

သို့သော် သာသနာတော်သည် ဘုရားရှင်လက်ထက်တော်ကတည်းက ရောက်ရှိနေပြီဟု အစဉ်အလာအားဖြင့် ယုံကြည်ထားကြသည်။ ဘုရားရှင် ဖိုဦးတောင်ထက်တွင် ကြွလာတော်မူလျက် ဗျာဒိတ်တော်ထားခဲ့သည်ဟု ဆိုသည်။ မြသိတင်ခေါ် ရွှေဆံတော်ဘုရားတွင်လည်း ရွှေတိဂုံမှာကဲ့သို့ ဘုရားရှင်ဆံတော်ဓာတ်ကို ပူဇော်ဌာပနာထားကြောင်း ယုံကြည်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံဘုရားသမိုင်းများတွင် ရွှေဆံတော်ဘုရားများစွာပင် တွေ့ရှိနိုင်သည်။ ထင်ရှားသည့်အချို့ကို တင်ပြပါမည်။

ရွှေတိဂုံ(ရန်ကုန်)
ရွှေဆံတော်(တောင်ငူ)
ရွှေဆံတော်(ပုဂံ)
ရွှေဆံတော်(ပဲခူး)
ရွှေဆံတော်(ပြည်)
ရွှေဆံတော်(သထုံ)

တို့ ထင်ရှားပါဝင်ကြသည်။ ရွှေဆံတော်ဘုရားတိုင်း၏ ထူးခြားချက်ကလည်း ဓာတ်

mgyoe.com

mgyoe.com


လမ်းရှိနေခဲ့ကြသည်ချည်းဖြစ်ပါသည်။ အစောဆုံးရက်စွဲဖြင့်တွေ့ရှိရသော ဟရိဝိကြမ၏ အရိုးအိုးကျောက်စာတွင် ရာဇဝင်ဆရာတို့က "ဒွတ္တဘောင်"ဟုခေါ်သည့် "တ္ဒးဖံး" ကို အဦးအစသုံးခဲ့သည်က ပြည်ရွှေဆံတော်သမိုင်းအတွက် စဉ်းစားစရာဖြစ်သည်။ ဖော်ပြထားပုံမှာ –

တ္ဒးဖံး ဥပဟိတြပၞက ဟရိဝိကြမ ဖံး သ္ဒး ဒသူက္ခိ ဒေဟဗ္ဗိ တံ ဖ္ဗူ ၼျူးပ္ပံ
တကိၲခ ဥသ္ဒိး သ္ဒိးပ္ပံ သူတံဒေ ကို့းတိၲဖ္ဗူတ္တောတ္ဗိတ္ဒးဖံး ဥရၞဓ္လေးယံ


(ညိမ်းညိမ်း၊ "ဘုရားထောင်ပျူအရိုးအိုးစာလေ့လာချက်၊ ပါရဂူဘွဲ့အတွက် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသို့ တင်သွင်းသောကျမ်း၊" ၂၀၀၄။ စာ–၇၆)

၄၁ ခု ၇ လ ၉ ရက်နေ့တွင် ဟရိဝိကြမမင်းကြီး နတ်ရွာစံသည်။ သက်တော် ၅၇ နှစ် ၂ လ၊ ၂၄ ရက် (U San Win, "Dating the Phayahtaung Inscription" *MHJ*, II:18)


"တ္ဒးဖံး"(ဒွတ္တဘောင်)မင်းကြီးဖြင့် ကျောက်စာကိုအစပြုထားသည်။ ယင်းကိုပင် ရာဇဝင်ဆရာတို့က 'ဒွတ္တဘောင်' ကိုမင်းကြီးတစ်ပါး၏ဘွဲ့အဖြစ်ဖြင့် ဇာတ်လမ်းဖော်ပေးထားခြင်းလောဟု ထင်စရာဖြစ်သည်။ ၎င်းသည် နိုင်ငံတော်ကို ချဲ့ထွင်ပြီး သာသနာတော်ဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့သောမင်းကြီးတစ်ပါးဖြစ်မည်ထင်ပါသည်။ ရွှေဆံတော်ဘုရားသည်လည်း မူလက ဘောဘော၊ ဘဲဘဲ၊ ဘုရားမာတို့ကဲ့သို့သော အထက်ရှူး ထုလုံးဝိုင်းပုံမျိုး၊ တစ်နည်း အထက်ကျောက်ပြားထွင်းပုံတွင် တွေ့ရသကဲ့သို့သော ပုံမျိုးဖြစ်ခဲ့ဟန်ရှိပါသည်။ ခေတ်ကာလရှည်ကြာသဖြင့် အကြိမ်ကြိမ် ပြုပြင်ထိန်းသိမ်းရာမှ ယနေ့တွေ့မြင်နေရသော ပုံပေါ်ပေါက်လာခဲ့မည်မှန်းဆရသည်။ ထို့ကြောင့် ရွှေဆံတော်ဘုရားကို မြန်မာရာဇဝင်ကျမ်းများတွင် မည်သည့်အချိန်က စတင်သတိထားမိလာပုံကို နောက်ကြောင်းပြန်ကြည့်ရပါမည်။

mgyoe.com

mgyoe.com

ယနေ့ ညအခါပူးတွေ့ရသော ပြည်မြို့ရွှေဆံတော်စေတီ



mgyoe.com

mgyoe.com


## ပုဂံခေတ်

ပုဂံခေတ်က အနိရုဒ္ဓ၊ ထိလိုင်မင်း(ကျန်စစ်သား)၊ စည်သူ၁(အလောင်းစည်သူ) တို့ သရေခေတ္တရာသို့ရောက်ရှိခဲ့ကြဖူးသော်လည်း ရွှေဆံတော်ကိုဖူးမြော်ခဲ့ကြောင်း မဖော်ပြခဲ့ကြချေ။ မှုံရွှေးဆရာတော်ကမူ အနိရုဒ္ဓ(အနော်ရထာ)မင်းသည် သရေခေတ္တရာမြို့ဟောင်းကို ရန်သူတို့မခိုအောင်းနိုင်အောင် ဖျက်ဆီးခဲ့ကြောင်း ပဲခူးကရသည့် ဆံတော်ကို ပုဂံတွင် ရွှေဆံတော်ဘုရားတည်ကြောင်းဆိုသည်။ ထိုဆံတော်သည် မူလက တဖုဿနှင့် ဘလ္လိကတို့ဆံတော်ဖြစ်ကြောင်း၊ ဘလ္လိကတည်သောစေတီတော်မှ ဆံတော်ကို ဒွတ္တဘောင်မင်းကြီး ရှာယူခဲ့ပြီး သရေခေတ္တရာတွင်ရွှေဆံတော်စေတီတည်ကြောင်း။ တစ်ဖန် မွန်မင်းတစ်ပါးက ထိုဆံတော်ကိုယူပြန်ပြီး ပဲခူးတွင်တည်ထားဌာပနာကြောင်း၊ ထိုကမှ အနိရုဒ္ဓမင်းကြီး ပုဂံသို့ပင့်ကာစေတီတည်တော်မူပြီး ဌာပနာကြောင်း၊ ထိုဘုရားကို ရွှေဆံတော်ဘုရား၊ မဟာပိန္နဲဘုရားလည်းခေါ်ကြောင်း ဆိုသည်။ (မှုံရွှေးဆရာတော်၊ **စေတီယကထာမည်သော ရာဇဝင်ကျော်**၊ ရန်ကုန်၊ စစ်ကိုင်း သီတဂူဗုဒ္ဓတက္ကသိုလ်၊ ၂၀၀၄၊ စာ–၂၂)



ယနေ့မြင်တွေ့ရသော နဝင်းချောင်း (နေဝင်ဆည်းဆာချိန်)

mgyoe.com

mgyoe.com


သရေခေတ္တရာမြို့တော်သည် နဝင်းချောင်းလွင်ပြင်တွင်ရှိသောကြောင့် တစ်ကြောင်း မိုးလည်းကောင်းသောကြောင့်တစ်ကြောင်း ဆန်စပါးစိုက်ပျိုးရေးဖြစ်ထွန်းသော ဒေသဖြစ်သည်။ သို့သော် ယခုအခါ နဝင်းချောင်းသည် ဆုတ်ယုတ်ပြောင်းလဲလျက်ရှိနေပြီဖြစ်သည်။ ကျဉ်းမြောင်းတိမ်ကောလျက်ရှိနေပြီဖြစ်သည်။ ဆည်မြောင်းကို ပျူတို့နဝင်းချောင်းဖြင့် ဆည်ဖို့စိုက်ပျိုးခဲ့ကြသည်။ ထို့ကြောင့် နေပြည်တော်အတွက် ရိက္ခာဖူလုံခဲ့သည်။

ထိလိုင်မင်း(ကျန်စစ်သား)သည် ပြည်မြို့ ဖိုဦးတောင်ထိပ်တွင် မွန်ဘာသာရေး ကျောက်စာ စိုက်ထူထားရှိခဲ့သည်။ ယခု ရွှေဆံတော်စေတီပရိဝုဏ်အတွင်းတွင်ရှိသည်။ သို့သော် ထိုကျောက်စာတွင် ပြည်မြို့ဆိုင်ရာအကြောင်း တစ်လုံးတစ်ပါဒမျှမပါချေ။ ယင်းအကြောင်း ဗိဿနိုးဝင်စားဖြစ်ကြောင်းသာပါရှိသည်။ သရေခေတ္တရာသမိုင်းအစအနကို ထိုကျောက်စာတွင် မတွေ့ရချေ။ ပုဂံခေတ်တွင် သရေခေတ္တရာမှ မြသိတင်(ရွှေဆံတော်ဘုရား)အပါအဝင် စေတီပုထိုးတို့အကြောင်းကို စာပေမှတ်တမ်းဖြင့် တိုက်ရိုက်မတွေ့ရှိခဲ့ရဖူးချေ။

**အင်းဝခေတ်**

အင်းဝခေတ်တွင်မှ ပြည်ရွှေဆံတော်ဘုရားကိုစာပေတွင်တွေ့ရှိလာခဲ့ရသည်။ အင်းဝပျက်သောအခါ အရှင်မဟာရဋ္ဌသာရသည် ပြည်သို့ကြွသွားခိုလှုံနေခဲ့သဖြင့် ယင်း၏စာပေတွင်ရှာသော်လည်း ဆရာတော်က မရေးသားခဲ့ချေ။ အကြောင်းမတိုက်ဆိုင်သောကြောင့်သာဖြစ်ပါမည်။ သို့သော် ခေတ်ပြိုင်ဝန်တောင်လယ်ဘုန်းကြီးက ယင်း၏ ရတုများတွင် ပြည်ရွှေဆံတော်ကို ဖော်ပြပေးခဲ့သဖြင့် ရွှေဆံတော်ဘုရားသည် အရေးပါသော ဘုရားတစ်ဆူ ဖြစ်လာခဲ့သည်။ ဆရာတော်၏ "အောင်ချာနန်းမြေ" ချီရတုတွင် "နှစ်ဦးညီနောင်၊ တည်ခဲ့ထောင်သည်၊ ရွှေတောင်ထိပ်တွင်၊ မွေဆံရှင်" ဟုလည်းကောင်း၊ "ထွန်းလင်းတေဇ၊ နေနှယ်ပသည်၊ ဌာနပတ်ကုံး၊ ကျွန်းလုံးလွှမ်းကျော်၊ မြတ်ဆံတော်" ဟူ၍လည်းကောင်း၊ "ညီနောင်ကုန်သည်၊ ထားခဲ့တည်သည်၊ ရွှေပြည်သူနတ်၊ ရွှေဆံဓာတ်" ဟူ၍လည်းကောင်း စပ်ဆိုခဲ့သည်။ အဝခေတ်တွင် ပြည်ရွှေဆံတော်ဘုရားသည် ထင်ရှားလာခဲ့ပြန်သည်။ (လက်ဝဲနော်ရထာ၊ စု၊ စာဆိုတော်များရတုပေါင်းချုပ်၊ ရန်ကုန်၊ ဟံသာဝတီတိုက်၊ ၁၉၆၆၊ စာ–၃၉–၄၀)။ နဝဒေးကြီးလည်း ပြည်ရွှေဆံတော်ဘုရားတိုင် ရတုများရေးစပ်ခဲ့သည်။ စင်စစ်ဘုရားတိုင်ရတု

mgyoe.com

mgyoe.com


ဟူသည် လူသားတို့က ယင်းတို့ နှလုံးသား၌ သမုဒယတဏှာကြောင့် ဖြစ်ပေါ်လာခဲ့သည့် ဒုက္ခဝေဒနာတို့ကို လျော့ကျသွားစေရန် ရွှေဆံတော်ဘုရားသို့ တိုင်တည်လျှောက်ထားလာခြင်းဖြစ်သည်။ စစ်ရေးပူသဖြင့် အချစ်ရေးဆူကြွလာခြင်းဖြစ်သည်။ ထိုသို့သောရတုများက တောင်ငူခေတ်တွင် အထူးခေတ်စားခဲ့သည်။ သို့ဖြင့် ရွှေဆံတော်သည် စာပေများတွင်ပါရှိထင်ရှားလာခဲ့ရသည်။ သမိုင်းအားဖြင့်လည်း ထင်ရှားခဲ့သည်များ ရှိသေး၏။

## ရွှေဆံတော်နှင့် ငြိမ်းချမ်းရေး

ထိုအင်းဝခေတ်ထဲမှာပင် ဟံသာဝတီမင်း ရာဇာဓိရာဇ်နှင့် အဝမင်း မင်းခေါင်တို့ အနှစ်လေးဆယ်လောက် အပြန်အလှန်တိုက်နေခဲ့ကြသည့်စစ်ကို ပြည်ရွှေဆံတော်ဘုရားပေါ်တွင် တွေ့ဆုံဆွေးနွေးကာ စစ်ကြီးကိုရပ်စဲနိုင်ခဲ့ကြသည်။ ထိုတွေ့ဆုံပွဲတွင် မင်းခေါင်နှင့် ရာဇာဓိရာဇ်တို့သည် တစ်ဦးနှင့်တစ်ဦး ဖက်လဲတကင်း လက်ဆွဲခြေင်ဝမ်းပန်းတသာ ပရိယာယ်မပါ နှုတ်ဆက်ခဲ့ကြသည်။ မင်းနှစ်ပါးနှင့် နှစ်ပြည်ထောင်တို့သည် စစ်ကြီးကိုရပ်စဲကာ ငြိမ်းချမ်းရေးလမ်းကို တည်ဆောက်ခဲ့ကြသည်။ မင်းနှစ်ပါးတို့ ချစ်ကြည်ရေးစကားများ အားပါးတရပြောခဲ့ကြသည်။ အပြန်အလှန်အားဖြင့်လည်း မင်းတို့သည် မိမိတို့ သုံးဆောင်သော မင်းအသုံးအဆောင်များကို ဖလှယ်ခဲ့ကြသည်။ ထို့ကြောင့် ပြည်ရွှေဆံတော်ဘုရားသည် ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးရာသမိုင်းဝင်ဌာနတစ်ခုဖြစ်လာခဲ့သည်။

## ရွှေဆံတော်နှင့် မိသားစုပြန်လည်ပေါင်းဆုံခြင်း

ပြည်ရွှေဆံတော်ဘုရားသည် စစ်ပွဲများရပ်ဆိုင်းသွားစေပြီး ငြိမ်းချမ်းရေးကိုသာပေးနိုင်သည်မဟုတ် မိသားစုပြဿနာကိုလည်း ဖြေရှင်းပေးနိုင်သောဘုရားတစ်ဆူဖြစ်သည်။ အဝခေတ်က ဘုရင်နရပတိကြီးသည် မြေးတော်လုပ်ကြံမှုမှလွတ်မြောက်လာခဲ့ပြီး သားတော်ရှိရာပြည်သို့ ပြေးခဲ့ရသည်။ အိမ်ရှေ့မင်းလည်း ခမည်းတော်ကို ပြန်လည်ပင့်ဆောင်ရန်ပြည်သို့ စုန်လာခဲ့သည်။ မင်းကြီးသည် မိဖုရားခေါင်ကြီးနှင့်အတူ ပြည်ရွှေဆံတော်ဘုရားထက်တွင် သားတော်သုံးပါးတို့ကို ဓားလက်နက်မစွဲမကိုင်စေရ၊ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်စေပြီး ဘုရားရင်ပြင်တော်တွင် အဖူးမြော်ခံတော်မူသည်။ မိသားစုပြန်လည်ဆုံစည်းသော ထမင်းလက်ဆုံစားပွဲကိုလည်း ကျင်းပခဲ့သည်။ ပါဝင်

mgyoe.com

mgyoe.com


ကြသူတို့မှာ မင်းမိဖုရားနှင့် သားတော် ၃ ပါး(အဝမင်း၊ တောင်ငူမင်းနှင့် ပြည်မင်း) တို့ဖြစ်သည်။ မင်းငါးပါးတို့ မနောလင်ပန်းတွင် ထမင်းဟင်းစုံဖြင့် မိသားစုပွဲတော် လက်ဆုံစားခဲ့ကြသည်။ မတွေ့မြင်ဖူး၊ မရှိခဲ့ဖူးသော သမိုင်းမြင်ကွင်းဖြစ်သည်။ "တစ်ဦးနှင့်တစ်ဦး မနှောင့်ယှက်ကြရန်" ကိုလည်း မင်းကြီးက ဆိုဆုံးမခဲ့သည်။ ထို့ပြင် မင်းကြီးက လက်တွင်ဝတ်ထားသော အဖိုး အတိုင်းမသိထိုက်သည့် ရတနာလက်စွပ် ခုနစ်သီမှ တစ်ဦးတစ်သီစီ ချွတ်ပေးသနားတော်မူခဲ့သည်။ ဘုရင့်မိသားစု ပြည်ရွှေဆံ တော်ရင်ပြင်တွင် ပြန်လည်ဆုံစည်းခဲ့ခြင်းအထိမ်းအမှတ်အဖြစ်သည် မြန်မာ့သမိုင်းတွင် မရှိခဲ့ဖူးသောမြင်ကွင်းတစ်ခုဖြစ်သည်။ ရွှေဆံတော်ဌာပနာကို ဖောက်ဖွင့်ဖူးမြော်ကြပြီး ပြန်လည်ထည်ထားခဲ့သည်။ ရွှေဆံတော်သည် မိသားစုပြန်လည်ပေါင်းဆုံမိရာ မင်္ဂလာ မြေရပ်ဟု ဆိုနိုင်သည်။

## ရွှေဆံတော်နှင့် ဘုရင့်နောင်မိသားစု

ပြည်မြို့ရွှေဆံတော်ဝန်းကျင်တွင် တောင်ငူခေတ်က ပဒေသရာဇ် စစ်ပွဲများဖြင့် စစ်မြေပြင်ဖြစ်ခဲ့ရဖူးသည်။ စစ်ပွဲများပြီးနောက် ဘုရင့်နောင်မင်းကြီးသည် ပြည်ရွှေဆံ တော်ဘုရားကို အတော်လေးပြုပြင်လှူဒါန်းခဲ့သည်။ ၁၇၅၆ ခု နိုဝင်ဘာ ၉ ရက်နေ့ တွင် ပြည်ဆံတော်ရှင်ကို ထီးချယားသီးမှသည် မြေတိုင်အောင် ရွှေချသည်။ (သုသော မိတ၊ တ–စ၊ ၂၀၁၅၊ ၂၆)။ ဘုရင့်မိသားစုများ ရွှေဆံတော်ဘုရားသို့ တက်ရောက် ကြည်ညိုကြသည်။ မင်းကြီးသက်တော်စေ့ ပဋ္ဌင်းလောင်း ၄၅ ပါးကို ရဟန်းခံ ပေးတော် မူခဲ့သည်။ ဇရပ်ပြိုပျက်လေသည်များပြင်ဆင်ရန် ငွေတော်ပိဿာ ၅၀ လည်းပေးခဲ့ သည်။ ထိုအကြောင်းကို မှန်နန်းဆရာတို့က–

> သရေခေတ္တရာသို့ရောက်တော်မူလျှင် မြသီတင်ရွှေဆံတော်ကို ဝေါ ပြာသာဒ်စီးတော်မူ၍ ရှင်မိဖုရားခေါင်နှင့်တကွ သားတော်သမီးတော် ကိုယ်လုပ်မောင်းမအပေါင်းတို့ကို ခေါ်တော်မူ၍ အဖူးအမြော်တက် တော်မူသည်။ (မှန်နန်း၊ ၃ တွဲပေါင်းချုပ်၊ မုံရွေးစာအုပ်တိုက်၊ ၂၀၀၈၊ စာ–၄၇၉)

ဟု ဖော်ပြခဲ့သည်။ ဘုရင့်နောင်သည် ရောက်လေရာတိုင်းစစ်ကြောင့် ပျက်စီးသည် မှန်သမျှ ငွေတော်ထုတ်ပေးပြင်ဆင်စေခဲ့သည်ချည်းဖြစ်သည်။ မြန်မာမင်းတို့တွင် ဘုရင့် နောင်တစ်ပါးသာ စစ်ကြောင့် အပျက်အစီးအတွက် သူ့တွင်တာဝန်ရှိသည် ယုံကြည်

mgyoe.com

mgyoe.com


ချက်ဖြင့် ရောက်လေရာတိုင်းတွင် ပြင်ဆင်လုပ်ဆောင်ပေးခဲ့သည်။ တာဝန်ယူသောမင်း၊ ပြည်သူကို တာဝန်ခံသောမင်းတစ်ပါးဖြစ်သည်။

ထို့ကြောင့် မြန်မာ့သမိုင်းတွင် ပြည်မြို့မှရွှေဆံတော်ဘုရား၌ သမိုင်းဝင်အဖြစ်အပျက်သုံးခုရှိခဲ့သည်။ ထိုအဖြစ်အပျက်များမှာ (၁) အနှစ်လေးဆယ်မျှဖြစ်ပွားခဲ့သောစစ်ကို ရွှေဆံတော်ဘုရားရင်ပြင်ထက်တွင် အင်းဝမင်းနှင့် ဟံသာဝတီမင်းနှစ်ပါးတို့ချစ်ကြည်ရေးတည်ဆောက်ကာ ငြိမ်းငြိမ်းစေရုံမျှမက ဆွေမျိုးများပင် တော်စပ်သွားစေခဲ့သော ဖြစ်ရပ် (၂) သားတော်သုံးပါးနှင့် ခမည်းတော် နရပတိကြီး၊ မယ်တော်အတုလဒေဝီ ဖုရားခေါင်ကြီး နှစ်ပါးပေါင်း ဘုရင့်မိသားစု ငါးပါးတို့ ဝတ်ဖြူစင်ကြယ်ဝတ်ကာ ပြည်ရွှေဆံတော်ရင်ပြင်ထက်တွင် မနောလင်ပန်းဖြင့် ထမင်းလက်ဆုံပွဲတော်အတူတည်ခဲ့ကြပြီး မိသားစုညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ခြင်းနှင့် (၃) ဘုရင့်နောင်မင်းကြီးသည် မိဖုရားသားတော် သမီးတော်များအတူလိုက်ပါစေလျက် ဘုရင့်အိမ်ထောင်စုံလိုက် ရွှေဆံတော်ဘုရားထက်သို့ ဝေါယာဉ်နှင့်တက်ကာ ဖူးမြော်ကြ၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ပြည်ရွှေဆံတော်သည် သမိုင်းတွင် အတိတ်ကောင်း နိမိတ်ကောင်းရှိသော စေတီတစ်ဆူဖြစ်သည်။ ငြိမ်းချမ်းရေး၊ မိသားစုစည်းလုံးရေးနှင့် မိသားစု ပျော်ရွှင်မှုများရရှိလိုလျှင် ပြည်ရွှေဆံတော်ကို အဓိဋ္ဌာန်ဖြင့် ပူဇော်ကြရမည်ကဲ့သို့ သမိုင်းနိမိတ်ပြခဲ့သည်။

**ကုန်းဘောင်ခေတ်**


ကုန်းဘောင်ခေတ်တွင်  တတိယမြန်မာနိုင်ငံတော်ကြီးကိုထူထောင်ခဲ့သော အလောင်းမင်းတရားကြီးသည် ရာမညဒေသသို့ စစ်ရေးစည်းရုံးရန် ဆင်းလာသောအခါ ပြည်မြို့ရွှေဆံတော်ဘုရားတွင် အကြီးအကျယ်ခုခံသည်နှင့် ကြုံခဲ့ရသည်။ အခက်အခဲအကျအဆုံးများစွာနှင့် ရွှေဆံတော်ကုန်းကို သိမ်းပိုက်ခဲ့ရသည်။ စစ်ရေးဆောင်ရွက်မှုများ ပြီးသွားသောအခါ ရွှေဆံတော်ဘုရားကို ဖူးမြော်ခြင်း၊ ပြုပြင်ခြင်း စသည်တို့ မပြုလုပ်နိုင်ခဲ့သည်ကိုလည်း တွေ့ရသည်။ ဘုရင့်နောင်မင်းတရားကြီးနှင့် အလောင်းမင်းတရားကြီးတို့ အလွန်ကွာခြားသော အနေအထားကို တွေ့ရသည်။ ငယ်စဉ်ဘဝဖြတ်သန်းခဲ့ရပုံမတူညီသောကြောင့်ဟု ဆိုနိုင်ပါမည်။ အလောင်းမင်းတရားကြီးသာမဟုတ် ကုန်းဘောင်မင်းဆက်ထဲမှ မည်သည့်မင်းကမျှ ပြည်ရွှေဆံတော်ကို သတိမမူမိခဲ့ကြချေ။ မဖူးမြော်ခဲ့ကြချေ။

mgyoe.com

mgyoe.com


သို့သော် ကုန်းဘောင်ခေတ်ရေး ရွှေဆံတော်သမိုင်းပျို့တစ်စောင်က ပေါ်ထွန်းခဲ့ဖူးသည်။ ပျို့လင်္ကာဖြင့် ရေးသားစပ်ဆိုခဲ့ခြင်းဖြစ်သည်။ အပိုဒ်ရေ ၃၅ ပိုဒ်ပါရှိသည်။ ကျမ်းရေးသူ ကျမ်းပြီးနှစ်မပါချေ။ သို့သော် စာကူးနှစ်ပါရှိသည်။ ရက်စွဲမှာ ၁၁၉၈ ခု တန်ခူးလပြည့်ကျော် ၈ ရက် အင်္ဂါ(၂၈ မတ် ၁၈၃၇)နေ့ဖြစ်သည်။ ကုန်းဘောင်ခေတ်ဦး လက်ရာဟုထင်ပါသည်။ ထိုပျို့မှ ထူးခြားချက်တစ်ရပ်က ရွှေတိဂုံဇာတ်လမ်းနှင့် ပြောင်းပြန်ဖြစ်နေခြင်းပင်ဖြစ်သည်။ ရွှေတိဂုံသမိုင်းတွင် ဥက္ကလာပ(ရန်ကုန်)မှ တဖုဿနှင့် ဘလ္လိကညီနောင်တို့ လှည်းသား ၅၀၀ နှင့် မဇ္ဈိမသို့ကုန်ရောင်းထွက်၊ ဘုရားရှင်နှင့်တွေ့၊ ဆံတော် ၈ ဆူရ၊ ပြန်လာပြီးစေတီတည်ကြောင်းဆိုသည်။ ယခုပျို့လာဇာတ်လမ်းက မဇ္ဈိမဒေသသား ကုန်သည်ညီနောင် အဇ္ဈိကနှင့် ဘလ္လိကတို့ သင်္ဘောဖြင့် ပြည်မြို့သို့ကုန်ရောင်းလာရင်း ရွှေဆံတော်ဘုရားတည်ကြောင်းဆိုသည်။

ပြည်ရွှေဆံတော်သမိုင်းကိုလေ့လာသောအခါ နိုင်ငံခြားမှတ်တမ်းများကိုလည်း လေ့လာသင့်ပေသည်။ ပြည်မြို့သို့ရောက်သော နိုင်ငံခြားသားတိုင်း ပြည်ရွှေဆံတော်ဘုရားကို ရောက်ခဲ့ကြမှတ်တမ်းတင်ခဲ့ကြသည်ချည်းဖြစ်သည်။ သို့သော် အားလုံးကို မတင်ပြတော့ဘဲ အင်္ဂလိပ်ပန်းချီဆရာ၊ ဓာတ်ပုံဆရာတို့ မှတ်တမ်းပန်းချီများနှင့် မှတ်တမ်းဓာတ်ပုံများကိုသာ ရှာဖွေဖော်ထုတ်တင်ပြဆွေးနွေးလိုပါသည်။ အထူးသဖြင့် ဘုရားအကြောင်း အထောက်အထားများကို ဆွေးနွေးလိုရင်းဖြစ်သည်။



ရွှေဆံတော်ဘုရား အရှေ့ဘက်မှမြင်တွေ့ရပုံ (After Richard Cooler)

mgyoe.com

mgyoe.com


အထူးသဖြင့် အင်္ဂလိပ်မြန်မာစစ်ပွဲမှတ်တမ်းများတွင် ပြည်မြို့အကြောင်းပါရှိသည်။ ယင်းတို့ရောက်ခဲ့သည့် ပြည်မြို့ကို စာပေဖြင့်မှတ်တမ်းတင်ထားခြင်းမဟုတ်ဘဲ ပန်းချီကားများဖြင့် မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ အင်္ဂလိပ်မှတ်တမ်းများက ရွှေဆံတော်နှင့်ပတ်သက်သော ပုံဆွဲပန်းချီများ၊ ဓာတ်ပုံများရှိသဖြင့် ရွှေဆံတော်သမိုင်းတိုးတက်လာပုံကို ပုံများနှင့်တွေ့မြင်နိုင်သောကြောင့် အရေးပါသည် ဆိုရမည် ဖြစ်ပါသည်။ ယခုဖော်ပြမည့် ပန်းချီကားများကိုရေးဆွဲသူက ဗိုလ်ကြီးဂျိမ်းကာရှော(Capt. James Kershaw)ဖြစ်သည်။ ယင်းသည် အမှတ် ၁၃ ဘုရင့်ခြေမြန်တပ်က သိမ်းပိုက်ထားသည့် တောင်ကုန်းပေါ်မှ ရွှေဆံတော်ဗဟိုပြုလှမ်းမြင်ရပုံကို ရေးဆွဲထားခြင်းဖြစ်သည်။ ယင်းသည် အရှေ့ဘက်မှ မြင်ကွင်းဟု ဆိုပါသည်။ ထိုဘုရားကို ဘုရားကြီးဟု ဖော်ပြထားသော်လည်း တစ်နေရာတွင် ရွှေဆံတော်ဘုရား(Shoe Shando)ဟု အသေ အချာပါရှိသည်။ ထို့ကြောင့် ၁၈၂၆ ကမြင်ရသော ရွှေဆံတော်ဘုရားပုံဟု ဆိုနိုင်ပါသည်။ စစ်ရေးအတွက် အရေးကြီးသောကြောင့် ရွှေဆံတော်ဘုရားကို ဘက်လေးဘက် မှလေ့လာရေးဆွဲထားခြင်းဖြစ်ရာ အောက်ပါပုံသည် မြောက်ဘက်က မြင်ကွင်းဖြစ်သည်။



After Richard Cooler

mgyoe.com

mgyoe.com


မြောက်ဘက်ကမြင်ရသောပုံတွင် ဘုရားတက်စောင်းတန်းပါရှိသကဲ့သို့ အောက်ခြေတွင် အဆောက်အအုံများရှိသည်ကိုလည်း တွေ့ရသည်။ ဘုရားရင်ပြင်တော်ပေါ်တွင် အသားအဆောက်အအုံများပြာသာဒ်ဆောင်ကဲ့သို့သော အဆောင်များတွေ့ရသည့်ပြင် တောင်ရိုးပြတ်ကိုလည်းမြင်တွေ့နေရသဖြင့် ရန်သူချဉ်းကပ်မှုကို တားဆီးထားသည့် သဘာဝအတားအဆီးတစ်မျိုးဖြစ်နေပေသည်။ လူများလှုပ်ရှားသွားလာနေသည်ကို မြင်ရသဖြင့် စစ်ပြီးသွားသည့်သဘောရှိသည်။ ဆင်များလည်း တွေ့ရသောကြောင့် မြန်မာစစ်ဆင်များဖြစ်ပါမည်။


အောက်တွင်ဖော်ပြသည့်ပုံသည် ရွှေဆံတော်ဘုရား၏ တောင်ဘက်မြင်ကွင်းဖြစ်သည်။ ဘုရားဘေးတောင်စောင်းပြတ်အနီးမှ မြစ်ဆိပ်သို့ဆင်းရာလမ်းလည်းရှိသည်။ စစ်မြေပြင်ခံတပ်စခန်း တစ်ခုဖြစ်ခဲ့သည့်ပုံပေါ်သည်။ ရန်သူဖြန့်ပြီးတက်မလာနိုင်အောင်နှင့် တက်လာသောရန်သူကို သတ်ကွင်းဖြစ်အောင်လည်း ဖန်တီးထားသည်။ ထို့ကြောင့်လည်း ရန်သူက ရွှေဆံတော်ဘုရားကို အထူးအာရုံထားကာ သူတို့စစ်ရေးဗျူဟာ ကျင်းနိုင်ဖို့ ဘုရားပုံကိုဘက်လေးဘက်မှ ပုံရအောင်ရေးဆွဲခဲ့ခြင်းဖြစ်ပါမည်။



ရွှေဆံတော်ဘုရားကိုတောင်ဘက်မှ မြင်ရပုံဖြစ်သည် (After Richard Cooler)

mgyoe.com

mgyoe.com

ရွှေဆံတော်ဘုရား၏ အနောက်ဘက်မျက်နှာစာမြင်ကွင်း (After Richard Cooler)

ပန်းချီဆရာသည် စစ်ရေးအမြင်ဖြင့်သာ ရေးဆွဲသည်ဖြစ်သောကြောင့် ဓာတ်ပုံတစ်ပုံကဲ့သို့ အားလုံးကို ပန်းချီကားထဲတွင် မြင်တွေ့နိုင်မည်မဟုတ်ချေ။ အချို့ကို ချန်ထားခဲ့နိုင်ကောင်းသည်။ အချို့ကို အကြမ်းသဘောသာရေးဆွဲမည်ဖြစ်သည်။ ပညာရပ်ကိုလည်းကောင်း၊ ရသကိုလည်းကောင်း အခြေခံမထားဘဲ စစ်ရေးဗျူဟာသဘောကိုသာ အခြေခံထားသောကြောင့် ရည်ရွယ်ချက်ကွာခြားသဖြင့် သမိုင်းပုံပေါ်ရုံသာ ထိုမှတ်တမ်းက အသုံးကျနိုင်ပါသည်။ အထက်တွင် ဖော်ပြခဲ့သော ရွှေဆံတော် အနောက်ဘက်မုခ်မြင်ကွင်းကား အလွန်လက်ရာမြောက်ပေသည်။ စောင်းတန်းအမိုးတို့က တရုတ်ဘုံကျောင်းအမိုးနှင့်ပင်ဆင်သလိုတွေ့ရသည်။ မှတ်တမ်းဝင်ပုံတစ်ပုံဖြစ်ပါသည်။ ခေတ်အခါအလျောက် အလွန်ခမ်းနားသောစောင်းတန်းကြီး တစ်ဆောင်ဖြစ်ရုံမက မြန်မာ့အနုပညာလက်ရာလည်းပေါ်ပေသည်။ ဘုရားရိပ်သည် အလွန်ကြည်နူးဖွယ် ကောင်းသော အနေအထားရှိသည်ကိုတွေ့ရသည်။ ဓာတ်ပုံနှင့် နှိုင်းယှဉ်ကြည့်သင့်ပေသည်။

mgyoe.com

mgyoe.com





After Linnaeous Tripe, A Journey to Amarapoora

ဆက်လက်ပြီး ဒုတိယအင်္ဂလိပ်မြန်မာစစ်အပြီး ၁၈၅၅ ခုနှစ်က ရိုက်ကူးခဲ့သော ရွှေဆံတော်ဘုရားပုံတော်များကို တင်ပြပါမည်။ ဓာတ်ပုံရိုက်ကူးသူကလည်း စစ်မြေပြင်တွင်လိုက်ပါရသော ဓာတ်ပုံဆရာတစ်ဦးပင်ဖြစ်သည်။ အမည်က လင်းနေရပ် ထရိုက် (Linnaeus Tripe) ဟု ဆိုသည်။ ယင်းက ပြည်မြို့၏ အပေါ်စီးအမြင်ပုံဖြင့် ပြည်မြို့အခန်းကဏ္ဍကိုဖွင့်လှစ်ခဲ့သည်။ ပြည်မြို့၏သမိုင်းနှင့် ယဉ်ကျေးမှု အခန်းကဏ္ဍကို ယင်းက ဓာတ်ပုံငါးပုံဖြင့် မှတ်တမ်းပြုခဲ့သည်။ အထက်ပါအပေါ်စီးဓာတ်ပုံကို မည်သည့်နေရာကရိုက်ကူးခဲ့သည်မသိရသော်လည်း လက်ယာဘက်အစွန်ထိပ်တွင် မြင်ရသော ဘုရားသည် ရွှေဆံတော် ဖြစ်မည်ဟု ထင်ပါသည်။ နောက်ခံဧရာဝတီကိုလည်း တွေ့မြင်နေရပါသည်။ မြို့အရှေ့တောင်ဘက် ကရိုက်ထားသောပုံဟု ဆိုနိုင်စရာရှိသည်။ ယနေ့တွေ့မြင်ရသည့် ပြည်မြို့ပုံနှင့် များစွာကွဲပြားနေပါပြီ။ ယင်းက ကျောင်းဘုရားဘာသာရေး အဆောက်အအုံများကိုသာ ရိုက်ယူခဲ့သည်။ လူနေအိမ်ခြေတို့က မျက်စိပသာဒမဖြစ် အရေးမပါသောကြောင့် ဓာတ်ပုံမှတ်တမ်းမယူခြင်း ဖြစ်နိုင်သည်။ ဘာသာရေးအဆောက်အအုံတို့က လူမျိုးဓလေ့နှင့် ယဉ်ကျေးမှုကို သိရသည်တစ်ကြောင်း၊ စစ်ရေးအရ အရေးပါသောကြောင့်တစ်ကြောင်း ထိုအကြောင်းတို့ကြောင့် ဦးစားပေးခဲ့ခြင်း ဖြစ်နိုင်ပါသည်။ မြန်မာ့စစ်ရေးကြုံတိုင်း ပြည်မြို့ရှိ ရွှေဆံတော်သည် အကြိမ်ကြိမ် စစ်မြေပြင်ဖြစ်ခဲ့ရဖူးသည်။ စစ်တွင် ဘာသာရေးမရှိသကဲ့သို့ ခံစားရဟန်ရှိသည်။ မြင့်မြတ်သော သာသနာ့မြေပေါ်တွင် စစ်သွေးစွန်းခဲ့ရသည်တို့ကို မည်သည့်ဘက်ကမျှ အရေးမထားခဲ့ကြချေ။ ကုန်းဘောင်ခေတ်အဖွင့် အလောင်းမင်းတရားလက်ထက် ပြည်စစ်ပွဲသည် အကြမ်းတမ်းဆုံးစစ်ပွဲ ဖြစ်နိုင်

mgyoe.com

mgyoe.com


လောက်သည်။ ထိုအချိန်ကစပြီး ရွှေဆံတော်သည် ရှေးသမိုင်းအစဉ်အလာနှင့် ကွာခြားလာခဲ့သည်ကို တွေ့ရသည်။




ရွှေဆံတော်ဘုရား ၁၈၅၅ က မြင်ကွင်း
(After Linnaeous Tripe, A Journey to Amarapoora)

ဓာတ်ပုံဆရာက ရွှေဆံတော်ဘုရားကို လူအများတက်နိုင်သောဘက်များမှ ရိုက်ယူထားသည်။ ခြင်္သေ့ရုပ်ကြီးနှစ်ရုပ်က ယနေ့မြင်နေရသော ခြင်္သေ့ရုပ်ကြီးများပင် ဖြစ်နိုင်ပါမည်။ ဘုရားပေါ်တက်သော စောင်းတန်းကြီးများကလည်း ဗိသုကာလက်ရာ မြောက်လှပေသည်။ မြန်မာပြည်ထွက် အဖိုးတန်ကျွန်းသစ်များဖြင့် တည်ဆောက်ထားသော စောင်းတန်းကြီးများဖြစ်ကြသည်။ စောင်းတန်းကြီးတွင် ပြာသာဒ်သုံးဆောင်လည်းပါရှိသည်။ ယနေ့အခြေအနေဖြင့် နှိုင်းယှဉ်ကြည့်သင့်ဝေဖန်သင့်သည်။ ယခုအခါ ဓာတ်လှေကားတပ်ဆင်ထားပြီဖြစ်သောကြောင့် စောင်းတန်းအောက်မှ ဘုရားထက်သို့တက်ကာ ရင်ပြင်တော်ပေါ်အရောက် စေတီတော်မြတ်ကြီးကို တဝကြီးဖူးမြော်ရသောအရသာ၊ ကြည်ညိုရသော အရသာကို ရှေးကလောက်မခံစားရနိုင်လောက်တော့ဟု ထင်သည်။

mgyoe.com

mgyoe.com


ရွှေဆံတော်ဘုရား အနောက်ဘက်မုခ်ပေါက် ၁၈၅၅ က ပုံးမြင်ရပုံ
(After Linnaeous Tripe, A Journey to Amarapoora)

အနောက်ဘက်စောင်းတန်းကလည်း ပြာသာဒ်ဆောင်ပင်ပေါက်ထားသည်။ မုခ်ပေါက်အထွက်တွင် လှပသော လယ်ပေါ်အမိုးပါဇရပ်ကြီးများ အနည်းဆုံးသုံးဆောင်ကို တွေ့ရသည်။ ဘုရားဖူးတို့နားနေရာ၊ သီတင်းဥပုသ်သည်တို့စုဝေးရာ၊ ရဟန်းတော်နှင့် သီတင်းသည်တို့ တရားဟောတရားနာပြုရာ ဇရပ်များဖြစ်သည်။ ထိုစောင်းတန်းကိုမြင်ရသောအခါ ၁၈၂၆ က ရေးဆွဲထားခဲ့သောပန်းချီပုံနှင့် မတူတော့သည်ကို တွေ့ရသည်။ ပြာသာဒ်သုံးဆောင်ပါသော စောင်းတန်းဖြစ်လာခဲ့သဖြင့် ယခင်အဟောင်းမရှိတော့သည်ကို သတိထားမိနိုင်သည်။ ပန်းချီကားထဲမှ စောင်းတန်းအမိုးတို့သည် ရိုးရိုးအမိုးများသာဖြစ်သည်။ ပန်းအလှအတက်အထောင်များ များများမပါခဲ့ချေ။ မျက်မှောက်ခေတ်စောင်းတန်းသည်လည်း ပြောင်းလဲနေပြီဖြစ်သည်။ ယခုအခါ ထိုအလှအပမျိုးကို ရွှေဆံတော်တွင် တွေ့နိုင်ကောင်းမှတွေ့နိုင်ပေတော့မည်။ ခေတ်ကာလ

mgyoe.com

mgyoe.com

အလျောက် သာလွန်သော ဗိသုကာလက်ရာများက ဝင်ရောက်နေရာယူနေတော့မည် ထင်ပါသည်။ သို့သော် ကျွန်းဖြင့် တည်ဆောက်ခဲ့သောရှေးက ဘိုးဘွားတို့ဗိသုကာ လက်ရာ၊ ပန်းအလှလက်ရာတို့ကို မီကောင်းမှ မီနိုင်မည်ထင်ပါသည်။ ရိုးရာဘိုးဘ တို့ ယဉ်ကျေးမှုအမွေများ ပျောက်လွင့်ကုန်ပြီဖြစ်ပါသည်။



After Linnaeous Tripe, A Journey to Amarapoora


ဓာတ်ပုံဆရာက ပြည်မြို့ရွှေဆံတော်ကိုသာ မှတ်တမ်းတင်ခဲ့သည်မဟုတ်ဘဲ အခြား ထူးခြားသည့် ကျောင်းဘုရားများကိုလည်း ဓာတ်ပုံရိုက်ကူးထားခဲ့သည်။ ဖော်ပြပါပုံ တွင် ဘုရားတိုက်တစ်ခုကို မှတ်တမ်းတင်ထားရှိသည်။ အမိုးနှစ်ထပ်၊ အမိုးသုံးထပ် ရှိ အာရုံခံတန်ဆောင်းကြီးများ၊ ဇရပ်များကို လှပစွာဆောက်လုပ်ထားသည်။ ဟင်္သာ ရုပ်ဆင်တံခွန်တိုင်ကိုလည်း တွေ့ရသည်။ ဘုရားကြီး နှစ်ဆူကိုလည်း ဖူးမြင်ရ၏။ ယနေ့ထိုနေရာ ထိုဘုရားတိုက်ရှိပါသေး၏လော။ ရှာကြည့်ရပါမည်။

အောက်ပါဓာတ်ပုံကလည်း ထူးခြားပေသည်။ အုတ်ပြာသာဒ်ပုံစေတီတစ်ဆူကို အာရုံခံပြာသာဒ်နှစ်ဆောင်ဖြင့်ရံထားသည်။ တံခွန်တိုင်လည်းပါ၏။ တံတိုင်းဖြင့် လည်း ကာရံထားသည်။ ဘုရားဝင်ပေါက်ကို ခြသေ့်နှစ်စီးဖြင့် ရံထား၏။ ထိုဘုရား

mgyoe.com

mgyoe.com


ကိုလည်း ယနေ့တွေ့မြင်နိုင်ပါသေး၏လော။ ရှာကြည့်ရန်လိုပေသည်။ ရှေးဟောင်းသမိုင်းဝင်စေတီများဖြစ်နေကြပေပြီ။ ဓာတ်ပုံဆရာ လင်းနေရပ် ထရိုက်ဆိုသူ ရိုက်ကူးမှတ်တမ်းတင်ခဲ့သော ပြည်မြို့ဓာတ်ပုံ ၅ ပုံသည် ၁၈၅၅ က ပြည်မြို့သမိုင်းဝင်မှတ်တမ်းပုံများဖြစ်ပေသည်။ ထိုခေတ်ပြည်မြို့သမိုင်း၏အခြေအနေကို သိရှိနိုင်သော အထောက်အထားဖြစ်သည်။



After Linnaeous Tripe, A Journey to Amarapoora

**ဂေါပကအဖွဲ့**

ပုဂံခေတ်မှစတင်ပြီး ဘုရားဆိုင်ရာမှတ်တမ်းများ ရှိလာခဲ့သည်။ အဓိကမှတ်တမ်းမှာ ကျောက်စာဖြစ်သည်။ ကျောက်စာသည် ခေတ်စကားဖြင့် ဂေါပကအဖွဲ့ထားခဲ့ခြင်းသဘောဖြစ်သည်။ ကျောက်စာတွင် ပဓာနကျသောဖော်ပြချက်များမှာ (၁)ကုသိုလ်ရှင်၊ (၂) အဆောက်အအုံစာရင်း၊ (၃) ဘုရားကိုထိန်းသိမ်းရန် တာဝန်ပေးထားခြင်းခံရသော ဘုရားအမှုထမ်းများ(ရဟန်းလည်းပါတတ်သည်)၊ (၄) ဘုရားနှင့် တာဝန်

mgyoe.com

mgyoe.com


ရှိသူတို့ စားဝတ်နေထိုင်ပြုပြင်ရေးအတွက် လှူခဲ့သောလယ်ယာများ၊ (၅) တာဝန်ရှိသူတို့ လုပ်ပိုင်ခွင့်နှင့် ပြစ်ဒဏ်များ စသည်တို့ကို ကျောက်စာရေးထိုးစိုက်ထူထားခဲ့သည်။ ဤသို့ဖြင့် ပုဂံဘုရားများ ယနေ့တိုင် ဖူးမြင်နေရခြင်းဖြစ်သည်။ ယခုအခါ ဘုရားအမှုထမ်း(ကျွန်)များနေရာတွင် ဂေါပကအဖွဲ့များရှိလာသည်။ သီလပညာသိက္ခာသမာဓိရှိကြသူများ၊ သာသနာတော်ကို များစွာယုံကြည်ခြင်းနှင့်အတူ ငွေကြေးဓနပြည့်စုံသူများကို ဘုရားဂေါပကအဖွဲ့တွင် အများကတင်မြှောက်ရွေးချယ်ခဲ့ကြသည်ကို ရန်ကုန် ရွှေတိဂုံကစခဲ့သည်ဟု ထင်ပါသည်။ မူလက ရဟန်းတော်မြတ်များက စောင့်ရှောက်ခဲ့သော်လည်း ရွှေ ငွေ အနာမာသတို့ ပါလာသောအခါ ဝိနည်းတော်နှင့်ငြိစွန်းသဖြင့် အထက်ဖော်ပြပါ အရည်အချင်းရှိသူများကို ဆရာတော်များက လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ဘုရား၏တိုးတက်မှု၊ ကြည်ညိုဖွယ်ကောင်းလာမှုတို့သည် ဂေါပကတို့အရည်အချင်းနှင့်သာ ဆိုင်ပေသည်။ ဘုရားသမိုင်းရေးသားပြုစုရန်သည် အဆက်ဆက်သော ဂေါပကမှတ်တမ်းများ စနစ်တကျလုပ်ဆောင် သိမ်းဆည်းနိုင်ခဲ့မှုနှင့်သာ ဆိုင်ပေသည်။ ထို့ကြောင့် ဂေါပကအဖွဲ့သည် အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် စေတနာသဒ္ဓါတရားထက်သန်သော ဓနရှင်များတို့ပါဝင်ရမည်ဖြစ်သကဲ့သို့ တော်ဖြောင့်ရိုးသားသဖြင့် ပြည်သူတို့လေးစားကြည်ညိုသူများလည်း ဖြစ်ဖို့လိုပေသည်။

ပြည်ရွှေဆံတော်ဘုရားတွင် အစဉ်အဆက် ဂေါပကမှတ်တမ်းများရှိပြီးဖြစ်သောကြောင့် ကိုလိုနီခေတ်မှသည် ယနေ့ထက်တိုင် မှတ်တမ်းများအပြည့်အစုံရှိမည်ဟု ယုံကြည်ရသည်။ ထိုမှတ်တမ်းများအပေါ် အခြေတည်လျက် ခေတ်အဆက်ဆက်မည်သို့ပြုပြင်ထိန်းသိမ်းစောင့်ရှောက်တည်ဆောက်ခဲ့ကြသည့်မှတ်တမ်းလည်း ရှိဖို့လိုနေပေပြီ။ သမိုင်းအထောက်အထားမပြနိုင်သော ရှေးဟောင်းသမိုင်းနှင့်ချည်း ရပ်နေရန်မဖြစ်တော့ချေ။ ထို့ကြောင့် ဂေါပကပေါ်ပေါက်ချိန်ကတည်းက ရှိနေခဲ့သောမှတ်တမ်းများကို အသုံးပြုလျက် ကိုလိုနီခေတ်မှသည် ယနေ့ခေတ်တိုင် သမိုင်းကိုပြုစုထားသင့်ပြီဖြစ်သည်။

mgyoe.com

mgyoe.com




မျက်မှောက်ကာလတွင် ဖူးတွေ့ရသော ပြည်မြို့ရွှေဆံတော်ဘုရားပုံတော်

## နိဂုံး

ခရစ်နှစ် ၆–၈ ရာစုနှစ်အတွင်း ကြီးကျယ်ထင်ရှားခဲ့သော ပျူယဉ်ကျေးမှုကြီးသည် ယခုအခါ ရွှေဆံတော်ဘုရားတစ်ဆူမှလွဲ၍ ကျန်သည်တို့မှာ အဟောင်းအပျက်များအဖြစ် ရှေးဟောင်းသုတေသနဌာန၏ ထိန်းသိမ်းမှုအောက်တွင် ရောက်ရှိရှင်သန်နေကြရပေပြီ။ ပျူတို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေတို့ကို ကြည့်ရှုလိုသူသည် ပြည်မြို့သို့မရောက်လျှင် မပြည့်စုံနိုင်ချေ။ ရွှေဆံတော်သည် ခေတ်သစ်လူတို့၏ ပြုပြင်စောင့်ရှောက်မှုဖြင့် မူလရုပ်အဆင်းမမှတ်မိလောက်အောင် ပြောင်းလဲနေပေပြီ။ ယင်းသည်ပင် သမိုင်းတိုးတက်မှုတစ်ရပ်ဟုဆိုလျှင်လည်း ရနိုင်ပါသည်။ အကြည်ညိုလွန်ခြင်းနှင့် အမွှမ်းမံလွန်ခြင်းသည် တိုးတက်မှုဆိုသော်လည်း ရှေးဘိုးဘတို့ယဉ်ကျေးမှုအမွေ

mgyoe.com

mgyoe.com


ကို ဖျက်ဆီးနေသည်ဟုလည်း တစ်ဖက်ကမြင်၍ ရပေသည်။ တန်ဖိုးဟူသည် အဘယ်နည်း။ တန်ဖိုးကိုမည်သို့တွက်မည်နည်း။ ရှေးဟောင်းဆိုတိုင်း အရာရာထိန်းသိမ်းရန်မလိုသကဲ့သို့ ထိန်းသိမ်းသင့်သည်တို့ကိုလည်း မည်သို့မျှ မတို့ထိရန်လိုပေသည်။ သို့မှ သမိုင်းမှတ်တိုင်များအဖြစ် ကျန်ရစ်ခဲ့မည်ဖြစ်ပြီး ဘိုးဘွားတို့ယဉ်ကျေးမှုအမွေဆိုသည်ကို ခံစားနိုင်ကြမည်ဖြစ်သည်။

ရွှေဆံတော်သည် ခေတ်အဆက်ဆက် ပျူတို့ပျိုးထောင်ခဲ့သော ဗုဒ္ဓသာသနာတော်ပွင့်လင်းစည်ပင်မှု၏ ရင်းမြစ်ဖြစ်ခဲ့သည်။ ရင်ပြင်တော်ထက်တွင် လှပသောသမိုင်းဖြစ်စဉ်များနှင့် အရုပ်ဆိုးသော သမိုင်းဖြစ်စဉ်များကိုလည်း ကြုံတွေ့ခဲ့ရဖူးပြီ။ ကုန်းတော်ထက်တွင် ခံ့ညားသပ္ပာယ်စွာ ရပ်တည်နေသော ရွှေဆံတော်ဘုရားကို မြစ်တွင်းမှလည်းကောင်း၊ ကုန်းလမ်းခရီးမှလည်းကောင်း အဝေးမှပင် ဖူးမြော်နိုင်ပေသည်။ စေတီတော်၏ ထီးတော်စိန်ဖူးတော်တို့ကို အဝေးမှ ဖူးမြင်ရသောအခါ ဖူးမြော်ရသူအဖို့ တည်ငြိမ်ရဲရင့်လာခြင်းတည်းဟူသော သဒ္ဓါရသနှင့် ဝီရရသတို့သည် ဖူးမြော်ရသူ၏ နှလုံးဘဝင်တွင် မွေးဖွားလာခဲ့သည်။ သဒ္ဓါတရားတို့လည်း တဖွားဖွားပေါ်လာကာ ကုသိုလ်စိတ်များဖြစ်ပေါ်လာခဲ့မည်။ ထိုတဒင်္ဂပဟာန်သည် နိဗ္ဗာန်ချမ်းသာ၏ အစွန်းအဖျားချမ်းသာလေးတစ်မျိုးပင်တည်း။

ရွှေဆံတော်သမိုင်းဝင်ဘုရားများကို တွဲဖက်ဆက်စပ်သုံးသပ်သော် အစဉ်အလာသမိုင်းအရ ရွှေတိဂုံသည် နောင်တော်ကြီးဖြစ်သည်။ ပြည်ရွှေဆံတော်သည် ဒုတိယနောင်တော်ကြီးဖြစ်၍ ပဲခူးနှင့် ပုဂံတို့မှ ဆံတော်ရှင်များသည် ညီငယ်များဖြစ်ကြပေသည်။ သမိုင်းသည် ဆက်လျက်ရှိနေသည်ကို တွေ့နေရသည်။ ယနေ့ မြန်မာနိုင်ငံအတွင်းနေ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဘုရားရှင်လက်ထက်တော်ကတည်းကသာသနာတော်ကို ယုံကြည်ကိုးကွယ်ဆည်းကပ်နေခဲ့ကြပြီဟု ထိုဆံတော်ရှင်စေတီများဖြင့် သက်သေထူလျက် ဂုဏ်ယူနေခဲ့ကြသည်။

**မေတ္တာသဟာဂတေနစေတသာ**

**တိုးလု**

**၁၄၊ ဇန်နဝါရီ၊ ၂၀၁၆**

**နံနက် ၆း၃၂ နာရီ**

❖

mgyoe.com

mgyoe.com


## အခန်း(၂)
## ကုန်းဘောင်မင်းများနှင့် ရွှေတိဂုံစေတီတော်

ဗုဒ္ဓသာသနာတော် ပုဂံသို့ရောက်ရှိလာခဲ့သည့် အနိရုဒ္ဓမင်း(၁၀၄၄–၁၀၇၇) လက်ထက်တော်ကတည်းက သာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် အုပ်ချုပ်သောမင်းတို့အပေါ်သာ အခြေပြုတည်ဆောက်ထားခဲ့သည်။ သာသနာတော် တည်တံ့ခိုင်မြဲတိုးတက်ရေးအတွက် မင်းဧကရာဇ်တို့က တာဝန်ယူကာ သာသနာ့ဒါယကာခံခဲ့ကြသည်။ သာသနာတော်၏ အခြေခံများဖြစ်ကြသော စေတီပုထိုးများတည်ခြင်း၊ သာသနာ့တာဝန်ကို ထမ်းဆောင်နေကြရသော ရဟန်းတော်များ၊ စာသင်သားများအတွက် နေထိုင်သီတင်းသုံးရန် ကျောင်းများ ဆောက်လှူခြင်း၊ ပိဋကတ်တော်များ ရေးကူးသင်ယူစေခြင်းများကို အုပ်ချုပ်သောမင်းအစိုးရကသာ အဓိကတာဝန်ယူပေးခဲ့ကြသည်။ ပြည်သူတို့က အဖျားအနားပိုင်းကသာ ပါဝင်ခဲ့ကြရသည်။ နိုင်ငံ၏ ကြီးကျယ်ထင်ရှားသော ဘုရားစေတီပုထိုးတို့သည် မင်းဧကရာဇ်တို့က တည်ထားကိုးကွယ်ခဲ့ကြသည်များချည်းသာ ဖြစ်သည်။ ရက်ပိုင်းလောက်သာ မင်းစည်းစိမ်ရသူများကလွဲ၍ ကျောင်းဘုရား မတည်ဖူးသော မြန်မာမင်း မရှိသလောက်ပင်။ သာသနိကအဆောက်အအုံတို့ ပြုပြင်ထိန်းသိမ်းရန်အတွက် ရဟန်းတော်တို့ ပစ္စည်းလေးပါးအတွက် မြေယာများ လုပ်သားကျေးကျွန်များကို လှူဒါန်းပေးခဲ့ကြသည်များမှာလည်း မင်းစိုးရာဇာ မှူးမတ်နွယ်ဝင်တို့သာ ဖြစ်ကြသည်။ ထို့ကြောင့် ရှေးခေတ်သာသနာ

mgyoe.com

mgyoe.com


တော်သည် မင်းမျုးမတ်တို့အပေါ် တည်မှီသည်ဟု ဆိုခြင်းဖြစ်သည်။

ယနေ့ဖူးတွေ့နေရသော ရွှေတိဂုံသည် တဖုဿ ဘလ္လိကတို့မှသည် သမိုင်းဝင်မွန်မင်းများ ဖြစ်ကြသော ရာဇာဓိရာဇ်၊ သမီးတော်ရှင်စောပုနှင့် ဓမ္မစေတီမင်းတို့ အဦးအစ အကြီးအကျယ်ပြုပြင်တည်ဆောက်ခဲ့ကြသည်။ ဟံသာဝတီဆင်ဖြူရှင် (ဘုရင့်နောင်မင်းတရားကြီး) လည်းမွန်မင်းများကဲ့သို့ အကြီးအကျယ်ပြုပြင် လှူဒါန်းခဲ့ပါသည်။ ကုန်းဘောင်မင်းဆက် (၁၇၅၂–၁၈၈၅) က မင်း ၁၁ ပါးတွင် အလောင်းမင်းတရားကြီး (၁၇၅၂–၁၇၆၀)၊ မြေဒူးမင်း(၁၇၆၃–၁၇၇၆)၊ စဉ့်ကူးမင်း၊ သာယာဝတီမင်းနှင့် မင်းတုန်းမင်းတို့သည် ရွှေတိဂုံစေတီတော်မြတ်ကို ဖူးမြော်ခြင်း၊ ကြည်ညိုခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်ခဲ့ကြသည်။

## ကုန်းဘောင်မင်းတို့အရင်က ဒါယကာမင်းများ

ဤတွင် သာသနာတော်ရေးကို များစွာ လုပ်ဆောင်ခဲ့သော ဗဒုံမင်းသည် ရွှေတိဂုံကုန်းတော်ပေါ်ရှိ သွေးဆေးကန်ရေအကြောင်းကို မိန့်ဆိုတော်မူခဲ့ဖူးသော်လည်း စေတီတော်မြတ်ကြီးတွင် ကုသိုလ်ကောင်းမှုများပြုလုပ်ခဲ့သည့်အကြောင်းကို ယင်း၏အမိန့်တော်များတွင် မတွေ့ရှိရသဖြင့် အံ့ဩမိရသည်။ ရွှေတိဂုံစေတီတော်ကြီးကို ကုန်းဘောင်မင်းတို့မတိုင်မီက ပြုစုထိန်းသိမ်းခဲ့သည်များကို ဦးစွာ ရက်စဉ်သမိုင်းဖြင့် အချုပ်တင်ပြလိုက်ပါဦးမည်။

## ရွှေတိဂုံရက်စဉ်သမိုင်း

| | | |
|---|---|---|
| မဟာသက္ကရာဇ် | – | တဖုဿ၊ ဘလ္လိကညီနောင်နှင့် ၁၀၃(ဘီစီ၅၈၈) ဥက္ကလာပမင်းကြီးတို့ ရွှေတိဂုံစေတီစတင်တည် |
| ၆၄၃(၁၂၈၁) | – | ဆံတော်ရှင်အပေါ်ထပ် ပျက်စီးသည်ကို ဗညားရာဇာပြုပြင် |
| ၇၁၁(၁၃၄၉) | – | ဗညားရက္ခိုက်အောက် ကလပ်ခြေ ၁၅၄ တောင်ဖွင့်တည်၊ မပြီး |
| ၇၁၇(၁၃၅၅) | – | ဗညားဖြူဆက်တည်၊ မပြီး။ သားတော် ဒါသရာဇာဗညားကျန်ထော လက်ထက် ပြီး။ |
| ၇၃၃(၁၃၇၁) | – | ဗညားဦး ပြိုပျက်နေသော ရွှေတိဂုံစေတီကို ပြုပြင်၊ စေတီအမြင့် ၄၄ တောင်။ |

mgyoe.com

mgyoe.com


၇၇၀(၁၄၀၈) – သီဟရာဇာမင်း မိဖုရား သားတစ်ဦးမွေး၊ နတ်ရွာစံသောအခါ မိဖုရားက ဗညားစောအမည်ခံအုပ်ချုပ်၊ ၇ ရက် နန်းစံပြီး သားတော်ကိုလွှဲ၊ ထိုသားတော်က ရွှေတိဂုံဘုရား ပစ္စယာမကို စတုရန်း လေးမျက်နှာဖွင့်၍တည်။ စေတီကို ရွှေပုစွန်ခွံမွမ်း၊ ခြေရင်းတော် ကျောက်ဖျာခင်း၊ ကျောက်ဆီမီးတိုင်များ စိုက်၊ အခွန်ရွှေ ၇၅ လှူ။

၈၀၀(၁၄၃၈) – ဓမ္မစေတီ မင်းကိုယ်လေး၊ မိဖုရား ၂ ပါး ကိုယ်လေး ရွှေချိန် ၉၅ ကို ရွှေပုစွန်ခွံခတ်လုပ်ရွှေမွမ်း။ ခေါင်းလောင်းကြီး သွန်းလှူ။

| | |
|---|---|
| အဝ | ၈ တောင် |
| စောက်ကြေးကွင်းတိုင် | ၁၃ံ |
| ကြေးချိန် | ၁၈၀၀၀ |
| ခေါင်းလောင်းငယ် | ၁၈၀၀၀[၁] |
| ရွှေချိန် | ၇၇၂၀ |
| ငွေ | ၅၀၀၀ |

အလှူတော်လှူ၊ စေတီတော်ရံ ၄၈ ဆူနှင့် စေတီတော်ကြီးမှာ ရွှေထီးနှင့် ရွှေဆည်းလည်း ၄၈ လုံးလှူ။

၇၉၀–၈၀၈ (၁၄၂၈–၄၆) – ဗညားရံခိုက်လက်ထက် ပန်းခုံတော် ၂၂ တောင်ကို ၅၄ တောင် ဖွင့်တည်။

၈၃၄(၁၄၇၂) – ဓမ္မစေတီမင်း ကြေးချိန် ၁၈၀၀၀၀ စောက် ၁၇ တောင်၊ အဝ ၅ တောင်ရှိ ကြေးခေါင်းလောင်းကြီး ၁၊ အချိန် ၅၀၀ ရှိ ခေါင်းလောင်း ၁ ရွှေတိဂုံလှူ၊ ရွှေကိုယ်လေးလှူ။

၈၈၅(၁၅၂၃) – ရွှတ်ပိလက်ထက် ရွှေလုပ်ပတ္တမြားစီ၊ ဆင်ပေါက် ၂ စီး၊ ရွှေသပိတ် ၁၊ ကံကျွေးလူ ၂၀ လှူ။

၉၀၄(၁၅၄၂) – တပင်ရွှေထီး ရွှေတိဂုံလာရောက်ဖူးမြော်၊ ကိုယ်တော်လေး ရွှေမျတ်ပါးခတ်လှူ။

---

၁။ ကြေးချိန် ၁၀၀၀၀၊ အဝ ရှစ် ၈ တောင်၊ စောက် ဆယ့်နှစ် (၁၂) တောင်ရှိကြောင်းဆိုသည်။ ရတနာဦးသွင် (၁၉၆၃)၊ စာ ၄၅။

mgyoe.com

mgyoe.com

၉၂၈(၁၅၆၆) – ဘုရင့်နောင် ရွှေတိဂုံလာရောက် လုံးတော်ပြည့်ရွှေကပ်၊ ထီးတင် မကိုဋ်တော်လှူ၊ ရွှေ၊ ငွေ၊ မိုးကြိုး၊ ဆည်းလည်းများ လှူ။ မကိုဋ်တော်နှင့် ရွှေချိန် ၁၅ ကို ရွှေပြားခတ်လှူ။

၉၆၇(၁၆၀၅) – ရွှေတိဂုံကို အနောက်ဘက်လွန်မင်းဖြစ်ပြီး ခေါင်းလောင်း ၁လုံး လှူ၊ ပတ္တမြား အလုံး ၂၀၀၀ လည်းလှူ၊ ဗညားဒလက ခေါင်းလောင်း ၁၊ ဗညားစုက္ကလက ရွှေညောင်ရွက် ၅၊ ရွှေဆည်း လည်း ၂၃ (အချိန် ၆၀) လှူ။

၉၇၀(၁၆၀၈) – ငလျင်လှုပ်၊ ရွှေတိဂုံထီး မြေခ၊ အထက်ပိုင်းပြိုကျ။

၉၇၄(၁၆၁၂) – အနောက်ဘက်လွန်မင်းသည် သူပုန်လူ ၂၄၂ ကို ရွှေတိဂုံဘုရား ကျွန်အဖြစ်လှူ။ ဘုရားလုံးတော်ပြည့်ရွှေချ။ ကျောက်ဆီမီးခွက် တိုင် ၄၄ လှူ၊ ရွှေဆိုင်း ၁၀၀၀၀ နှစ်စဉ်လှူ။ ရတနာ ရွှေထီး တော်တင်လှူ။ မြကောင်း ၁ လုံး၊ ပတ္တမြားလုံးရေ ၂၀၀၀ (အချိန် ၂၀ သား) လှူ။

၉၇၉(၁၆၁၇) – ငလျင်ကြီးလှုပ်၊ ရွှေတိဂုံပစ္စယာအတွင်းပျက်၊ အနောက်ဘက် လွန်မင်းပြုပြင်။

၉၈၁(၁၆၁၉) – ရွှေထီး၊ ရွှေတံခွန် ငွေထီး ငွေတံခွန်များလှူ။

၉၉၁(၁၆၂၉) – သာလွန်မင်း ရွှေတိဂုံကို ရွှေထီး ရောင်လျှံလှူ။

၉၉၇(၁၆၃၅) – ဗညားဒလလက်ထက် လေမုန်တိုင်းကြောင့် ဘုရားပြို၊ ပြုပြင် ထီးတင်။

၁၀၀၀(၁၆၃၈) – ဗညားဒလမင်းဖြစ်၊ ရွှေချိန်ကိုယ်လေး ခွက် ၅၀ မျက်ပါးခတ် ရွှေတိဂုံကို ရွှေချ။

ဤသည်တို့မှာ ကုန်းဘောင်ခေတ်မတိုင်မီ ရွှေတိဂုံစေတီတော်နှင့် ပတ်သက်သော သမိုင်းအထောက်အထားများတည်း။ သတိထားမိသည်မှာ သမိုင်းအထောက်အထား များ (ခေတ်ပြိုင်မှတ်တမ်းများ)ကို ပုဂံလွန်ခေတ်ထက်စော၍ မတွေ့ရသေးခြင်းပင် တည်း။ အနိရုဒ္ဓမင်း ရွှေတိဂုံမှ ဆံတော်ပင့်ရန်လာကြောင်း အဆိုရှိသော်လည်း ခေတ် ပြိုင်အထောက်အထား မတွေ့ရသေးချေ။

mgyoe.com

mgyoe.com


## အလောင်းမင်းတရားကြီးနှင့် ရွှေတိဂုံစေတီတော်

အလောင်းမင်းတရားကြီးသည် ရန်ကုန်သို့ အကြိမ်ကြိမ်ရောက်ခဲ့သော်လည်း စစ်ရေးများကြောင့် ရွှေတိဂုံစေတီတော်ကြီးကို အတော်နှင့်မဖူးမြော်နိုင်ခဲ့ဟု ထင်သည်။ ဖူးမြော်နိုင်သောအခါ ဝတ်လဲတော်များကို မုခ်လေးမျက်နှာတွင် ဆင်းတုတော် ပြုလုပ်လှူဒါန်းပူဇော်ခဲ့သည်။ ဘုရားဖူးပြည်သူတို့ သက်သောင့်သက်သာ နားနေဖူးမြော်နိုင်ကြရန် လိုအပ်သော တန်ဆောင်းများ၊ ဇရပ်များကို ဆောက်လုပ်ကုသိုလ်ပြုခဲ့သည်။ ကုသိုလ်တော် ဇရပ်တန်ဆောင်း သုံးဆောင်ဆောက်ခဲ့ပြီး ယင်းတို့ကို ရွှေပိန်းချလှူခဲ့ကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် မှတ်တမ်းရှိသည်။ စေတီတော်ကြီး ခံ့ညားသပ္ပာယ်စေရန်အတွက်လည်း ထီးတော်မှသည် မြေတိုင်အောင် ရွှေသင်္ကန်းကပ်လှူခဲ့သည်။ မွန်မင်းတို့ကုသိုလ် ကောင်းမှုတော်ကို ဆက်လက်တာဝန်ယူထိန်းသိမ်းတည်ထွန်းစေခဲ့သည်။ သာမန်လူက မင်းဖြစ်လာခဲ့သောကြောင့် အလောင်းမင်းတရားကြီးသည် အောက်သက်ကျေခဲ့သည်။ ရွှေ ဒီ သားကို ရွှေဆိုင်းပြင်လျှင် မည်မျှရရှိမည်ကို ကောင်းစွာသိသည်။ ရရှိအောင်လည်း လက်တွေ့ခတ်စေခဲ့ဖူးသည်။

ဒဂုံကို သိမ်းပိုက်ပြီးနောက် ရန်အပေါင်းကုန်ပြီ နိမိတ်ယူလျက် ဒဂုံကို ရန်ကုန်ဟု သမုတ်ခဲ့သည်။ နန်းသက် ၈ နှစ်တာကာလအတွင်း ဖရိုဖရဲဖြစ်နေသောနိုင်ငံကို မူလအနေအထားရောက်အောင် ပြန်လည်စည်းရုံးနိုင်ခဲ့သဖြင့် ဂုဏ်ယူလောက်ပေသည်။ မင်းကြီးသည် ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ရသောအခါ ဖူးမဝဖြစ်ခဲ့ရဟန်ရှိသည်။ တန်ဆောင်းနှင့်ဇရပ်များ ဆောက်လုပ်လှူဒါန်းရုံမျှမက ရွှေပိန်းပင် ချခဲ့သောကြောင့် ဘုရား၏ထည်ဝါမှု၊ ခံ့ညားမှု၊ ကြည်ညိုဖွယ်ဖြစ်မှုတို့ကို ပိုမိုလေးနက် စေခဲ့သည်။

## မြေဒူးမင်းနှင့် ရွှေတိဂုံစေတီတော်

မြေဒူးမင်းသည် အလောင်းမင်းတရားကြီး၏ ဒုတိယသားတော်ကြီးဖြစ်သည်။ နောင်တော်ကြီး ဒီပဲယင်းမင်းသည် ၁၇၆၃ တွင် ရုတ်တရက် နတ်ရွာစံသွားသောအခါ မြေဒူးမင်း နန်းတက်လာခဲ့သည်။ မြေဒူးမင်းက ရွှေတိဂုံစေတီတော်ကို ယနေ့ပုံတော်ရောက်အောင် ပြုပြင်တည်ဆောက်ခဲ့သော မင်းဖြစ်သည်။ ယင်းလက်ထက် ငလျင်နှစ်ကြိမ် လှုပ်ခဲ့သည်။ ၃၁ မတ် ၁၇၆၈ နေ့ ငလျင်ကြောင့် ပုဂံရွှေစည်းခုံ ထီးတော်ပြိုပျက်ခဲ့သည်။ မင်းကြီးသည် ရွှေစည်းခုံကို ပြုပြင်၍ ရွှေထီး တင်လှူတော်မူခဲ့သည်။

mgyoe.com

mgyoe.com

နောက်တစ်ကြိမ် ထိုနှစ်ထဲမှာပင် အကြောင်းတိုက်ဆိုင်သည်က ရွှေတိဂုံစေတီတော်သည် ၁၂ ဇွန် ၁၇၆၈ နေ့တွင် လှုပ်သောငလျင်ကြောင့် ဆပ်သွားဖူးမှသည် ပထမဖောင်းရစ်တိုင် ပြိုပျက်ခဲ့ရသည်။

ရန်ကုန်မြို့တော်ဝန် လျှောက်ထားလာသဖြင့် သိရသောအခါ ရန်ကုန်မြို့တော်ဝန်နှင့် အရာရှိတို့ကို ရွှေတိဂုံစေတီတော်ပြင်ဆင်ရန် တာဝန်ပေးခဲ့သည်။ ရန်ကုန်နေအရာရှိများ ကြီးကြပ်လျက် ပြုလုပ်ပြင်ဆင်ခဲ့ရသည်ကို ဖော်ပြရလျှင် ဤသို့တွေ့ရသည်။

ပျက်စီးနေသော မူလပစ္စယာပန်းတင်ဟောင်းရာတွင် စတုရန်းသံတောင် ၉၀၀ (ကိုးရာ)ဖွင့်ပြီးလျှင် ကောင်းမွန်အောင်လုပ်ဆောင်ကြရသည်။ သပိတ်မှောက်အထက်ပထမဖောင်းကစပြီး ဌာပနာသွင်းထားသည်။ ထိုအထဲတွင် မူလစေတီတော် အပြိုထဲကရသည့်

ရွှေဆင်းတုဆူရေ ၆၂၅
ငွေဆင်းတုဆူရေ ၇၇၄၆

ထို့အပြင် မြေဒူးမင်းကုသိုလ်တော် ရွှေဆင်းတု ငွေဆင်းတုများကိုရောလျက် ထားရှိခဲ့သည်။ ရွှေစေတီ ငွေစေတီများတွင် ဌာပနာတော်မူသောအခါ ဓာတ်တော်များကို ပတ္တမြားကြုတ်နှင့်ထည့်ပြီး ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေထီး၊ ငွေထီး၊ ရွှေတံခွန်၊ ငွေတံခွန်တို့နှင့် ဌာပနာခဲ့သည်။

စေတီတော်ကိုပြုပြင်သောအခါ မူလစေတီတော် သပိတ်မှောက်မှအထက် ပြန်လည်တည်ဆောက်ပုံကိုလည်း အသေးစိတ်ဖော်ပြခဲ့သည်။ သပိတ်မှောက်အထက်သံတောင် ၈၇ တောင် ၂ မိုက်ကို ပြန်လည်တည်ဆောက်သောအခါ မူလစေတီဟောင်းကပါရှိသော

| | |
|---|---|
| ကမ္ဗည်းပါကြေးအုတ် | ၁၄၆ ချပ် |
| | (အချိန် ၆၅၉ ပိဿာ ၅ဝိ) |
| ကမ္ဗည်းမပါ | ၆၅၈ ချပ် |
| | (အချိန် ၄၂၇ ပိဿာ ၁ဝိ) |
| ၂ စု ကြေးအုတ်ချပ် | ၈၀၄ ချပ် |
| | (အချိန် ၁၀၈၆ ပိဿာ ၆ဝိ) |

mgyoe.com

mgyoe.com


တို့အပြင် မင်းကြီးကသိုလ်တော် ရွှေအုတ်ချပ်ရေ ၃၅၃၈ ချပ်၊ ငွေအုတ်ချပ်ရေ ၅၀၀၀ တို့ဖြင့် ပြန်လည်တည်ဆောက်ခဲ့သည်။ စေတီတော် အရှည်ခိုင်ခံ့စေရန်အတွက်လည်း ကြေးတစ်သိန်း၊ သံတစ်သိန်းတို့ဖြင့် ကွပ်လျက် ကြေးမှို၊ သံမှိုစွဲပြီးလျှင် နည်းနာသစ်များဖြင့် တည်ဆောက်ခဲ့သည်။ စေတီတော်မြတ်ကြီးကိုလည်း စေတီရံ ၃၀၀၊ ခြင်္သေ့ ၂၈ စီးတို့ဖြင့် ဝန်းရံတည်ဆောက်ခဲ့သောကြောင့် သာလွန်တင့်တယ် ကြည်ညိုဖွယ် ဖြစ်စေခဲ့သည်။ အုတ်ချပ်ရေ သန်းနှင့်ချီ၍ ကုန်ခဲ့ကြောင်းလည်း ဆိုသည်။ စေတီတော် မည်မျှထုထည်ကြီးမားကြောင်း မြင်သာပေသည်။

ရွှေတိဂုံစေတီတော်ပြုပြင် ပြင်ဆင်ပြီးသောအခါ ထီးတော်တင်ရန် မြေဒူးမင်းသည် ရန်ကုန်သို့ ကြွချီတော်မူလာခဲ့သည်။ အဦးအစ ရွှေကိုယ်တော်လေး(မင်းကြီးကိုယ်တော်အလေးချိန်နှင့် တူညီသော ရွှေသားချိန်)ရွှေစင် ၄၇ ပိဿာ ၃၅ ကျပ်(ပေါင်ချိန် ၁၇၀.၄၆)[၁]ကို ရွှေပြားခတ်လျက် စေတီတော်လုံးတော်ပြည့် ရွှေချလှူဒါန်းခဲ့သည်။

သံတစ်ထပ်၊ ကြေးတစ်ထပ်တွင် ကြေးမှိုသံမှိုစွဲကပ်သော ထီးတော်သစ်လည်း တင်ခဲ့သည်။ ထီးတော်ဘုံခုနစ် ၇ ဆင့်တွင် ပြုလုပ်စဉ်က မင်းအသုံးအဆောင်များကိုဖျက်၍ ထည့်လှူခဲ့သော ရွှေသားပိဿာချိန် ၂၇၀ (ပေါင်ချိန် ၉၇၂.၀)ရှိသည်။ ယင်းကို ရွှေပုစွန်ခွံမွမ်းပြီး ကျောက်သံပတ္တမြား ၁၅၀၃၈ လုံးစီ ခြယ်ခဲ့သည်။ ရွှေဆည်းလည်း ငွေဆည်းလည်းများကိုလည်း သွန်းလုပ်လှူဒါန်းသည်။ အဟောင်းအသစ် ဆည်းလည်းပေါင်းမှာ –

| | |
|---|---|
| **ရွှေဆည်းလည်း** | ၁၄ |
| **ငွေဆည်းလည်း** | ၃၄၁ |
| **ပဉ္စလောဟာဆည်းလည်း** | ၃၅၆ |

တို့ပါသည်။ မူလစေတီတော်ဟောင်းမှပါသော ရွှေငွေဆည်းလည်းပေါင်း ပိဿာ ၂၀၀ ရှိကြောင်းလည်း သိရသည်။ ရွှေမည်မျှ ငွေမည်မျှဟု ခွဲခြားမသိရချေ။ ရွှေဆည်းလည်းတို့အလေးချိန်ကိုလည်း မဖော်ပြခဲ့ချေ။ မင်းတရားကြီး ကိုယ်တော်တိုင် ရန်ကုန်သို့ ကြွချီတော်မူလျက် ထီးတင်လှူတော်မူခဲ့သည်။

မည်သို့ပင်ဖြစ်စေ မြေဒူးမင်းသည် ရွှေတိဂုံ[၁]စေတီတော်မြတ်အတွက် ရွှေသားချည်း

---

၁။ ထိုရွှေကို ယနေ့ရွှေဈေး ဒီ သားလျှင် ၈၀၀,၀၀၀ ဖြင့်တွက်ကြည့်လျှင်
၂၅၀ ပိဿာ × ၈၀၀,၀၀၀ = ၂၀,၀၀၀,၀၀၀,၀၀၀ ရသည်။

mgyoe.com

mgyoe.com


ပိဿာချိန် ၂၅၀(ပေါင် ၉၀၀)အနည်းဆုံး အကုန်အကျခံခဲ့သည်ကို တွေ့ရသည်။ ထိုရွှေသားတန်ဖိုးကို ယနေ့ငွေဖြင့် တွက်ကြည့်လျှင် ၂၀,၀၀၀,၀၀၀,၀၀၀ သန်းပေါင်း ၂၀,၀၀၀ ရှိသည်ကို တွေ့ရသည်။ ကျပ်ငွေ ဘီလီယံ ၂၀ ရှိသည်ဟု ဆိုနိုင်သည်။ ကျောက်မျက်များတန်ဖိုးကို မဖော်ပြသဖြင့် ထည့်သွင်းတွက်ချက်မထားချေ။ ထို့ပြင် အခြားသော သတ္တုမျိုးဖြစ်သည့် ငွေသားတန်ဖိုးများ၊ ကြေးတန်ဖိုးများ၊ သံတန်ဖိုးများနှင့် အုတ်ဖိုး၊ အင်္ဂတေဖိုးများ၊ လုပ်အားခ ကုန်ကျငွေများ မပါသေးချေ။ ယင်းတို့ပါ ထည့်ပေါင်းလျှင် ၂၅ ဘီလီယံလောက် အနည်းဆုံးရှိနိုင်ပေမည်။

## စဉ့်ကူးမင်းနှင့် ရွှေတိဂုံစေတီတော်

စဉ့်ကူးမင်းသည် မြေဒူးမင်းသားတော်ဖြစ်သည်။ ထိုမင်းသည် ခမည်းတော် စစ်ချီစဉ်က ရန်ကုန်သို့ရောက်ရှိ သွန်းလုပ်လှူဒါန်းခဲ့ဟန်ရှိသော ခေါင်းလောင်းကြီးတစ်လုံး ရွှေတိဂုံရင်ပြင်ထက်တွင် ယနေ့တိုင် တွေ့မြင်နိုင်သည်။ မဟာဃဏ္ဍာခေါင်းလောင်းတော်ကြီးဟု ကမ္ပည်းပါရှိသည်။ ယနေ့ရွှေတိဂုံကုန်းတော်ပေါ်တွင်ရှိသမျှ ခေါင်းလောင်းများအနက် အကြီးဆုံးဖြစ်သည်။ ထိုခေါင်းလောင်းကြီးကို စဉ့်ကူးမင်း မည်သည့်အချိန်က သွန်းလုပ်တင်လှူခဲ့ပါသနည်း။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကျမ်းပြု မှန်နန်းရာဇဝင်ဆရာတို့ မေ့ကျန်ခဲ့သည်မှာ အံ့သြစရာဖြစ်သည်။ ကုန်းဘောင်မင်းဆက်တွင် သွန်းလုပ်ခဲ့သမျှသော ခေါင်းလောင်းတို့အနက် မင်းကွန်းခေါင်းလောင်းကြီး၊ ဗဒုံမင်းသားတော် အိမ်ရှေ့မင်း(ရွှေတောင်မင်း)ကောင်းမှုခေါင်းလောင်းတော် ကြီး (မဟာမုနိအတွင်း)ပြီးလျှင် တတိယအကြီးဆုံးဖြစ်သည်။

အင်္ဂလိပ်တို့က စစ်နိုင်အထိမ်းအမှတ်အဖြစ် ထိုစဉ့်ကူးမင်းခေါင်းလောင်းတော်ကြီးကို အကောင်းပကတိအတိုင်း အောက်သို့ချကာ လှိုင်မြစ်မှသည် အိန္ဒိယသို့သယ်ယူရန် ကြိုးပမ်းခဲ့ကြဖူးသည်။ သို့သော် ခေါင်းလောင်းတော်ကြီးသည် မည်သို့သော အခြေအနေကြောင့်ဟုမသိ။ လှိုင်မြစ်အတွင်း ကျမြုပ်သွားခဲ့သည်။ အင်္ဂလိပ်တို့ အကြိမ်ကြိမ် ဆယ်ယူခဲ့ကြသော်လည်း မအောင်မြင်ခဲ့ချေ။ ယင်းတို့မဆယ်နိုင်ဘဲရှိသည်ဟု ဗုဒ္ဓဘာသာ ကရင် ဗမာ မွန် စသည့် တိုင်းရင်းသားတို့က အခွင့်ကောင်းယူလျက် ယင်းတို့ပညာဖြင့်ဆယ်ယူ၍ မူလနေရာ ပြန်ထားလိုကြောင်း အင်္ဂလိပ်အစိုးရသို့ လျှောက်ထားတောင်းဆိုခဲ့သည်။ မြန်မာတို့ ဆယ်နိုင်မည်မဟုတ်ဟု ယုံကြည်သဖြင့် အင်္ဂလိပ်အစိုးရက ခွင့်ပြုခဲ့သည်။ ထိုအခါ မြန်မာတို့က ရိုးရာအတတ်ပညာဖြင့်ဖင်

mgyoe.com

mgyoe.com

ပြန်လည်ဆယ်ယူပြနိုင်သဖြင့် ယနေ့ရွှေတိဂုံရင်ပြင်တွင် ထိုခေါင်းလောင်းတော်ကြီးကို ယနေ့ ပြန်လည်တွေ့မြင်နေရခြင်းဖြစ်သည်။

ခေတ်မီစက်ယန္တရားများပိုင်ရှင် အင်္ဂလိပ်တို့ကို ရိုးရာအသိပညာဖြင့် ခေါင်းလောင်းတော်ကြီးဆယ်ယူရာတွင် အနိုင်ယူလိုက်နိုင်သောအခါ ရာဇဝင်ထဲတွင်ပျောက်ဆုံးနေသော ဓမ္မစေတီမင်း ခေါင်းလောင်းတော်ကြီးကို အချို့ရာဇဝင်စိတ်ဝင်စားသူတို့ ပြန်လည်အမှတ်ရမိလာခဲ့ကြသည်။ သမိုင်းအထင်အရှား ဘာမျှမသိရသော ထိုခေါင်းလောင်းကြီး ရွှေတိဂုံကုန်းတော်ပေါ်တွင် မတွေ့ရသည်ကို နယ်ချဲ့သမား ဇေင်ကာ သိမ်းယူသွားပြီး မြစ်ထဲနစ်ကျလေဟန် ဘာသာရေး အမျိုးသားရေးဖြင့် စဉ်းစားလာခဲ့ကြသည်။

## ဓမ္မစေတီမင်းခေါင်းလောင်းဇာတ်လမ်းအစ

စဉ့်ကူးမင်း ခေါင်းလောင်းတော်ကြီးကို ပြန်လည်ဆယ်ယူပြီး ရွှေတိဂုံကုန်းတော်ပေါ်ရှိ မူလနေရာသို့ ပြန်ပို့လိုက်နိုင်သောအခါ ရန်ကုန်သူ ရန်ကုန်သားတို့ ဂုဏ်ယူမဆုံး ဝမ်းသာပျော်ရွှင်ကြရသည်။ ထိုအခါ အတွေးသစ်တစ်ခု စဉ့်ကူးမင်းခေါင်းလောင်းကြီး ဆယ်ယူသူတို့ခေါင်းတွင်းသို့ ဝင်ရောက်လာခဲ့ဟန်ရှိသည်။ ဓမ္မစေတီခေါင်းလောင်းတော်ကြီး ဘယ်ရောက်သွားသနည်းဟူသော အတွေးနှင့်အမေး ဖြစ်သည်။

ဓမ္မစေတီမင်းကြီးသည် အကြီးဆုံးခေါင်းလောင်းတော်ကြီးတစ်လုံးသွန်းခဲ့ကြောင်း ခေတ်ပြိုင် မှတ်တမ်းရှိသည်။ မူလက ရွှေတိဂုံကုန်းတော်ပေါ်မှာဟု ယုံကြည်ထားခဲ့ကြသည်။ ဘယ်မှာ သွန်းလောင်းသည်မသိ။ ရွှေတိဂုံရင်ပြင်တွင် ဘယ်နေရာမှာ ခေါင်းလောင်းကြီး ချိတ်ဆွဲလှူထားသည်မသိ။ အတိအကျမှတ်တမ်းမရှိ။ ကုန်းတော်ပေါ်မသွန်းလျှင် ထိုခေါင်းလောင်းတော်ကြီး ဘယ်လိုတင်မည်လဲမသိ။ ခေါင်းလောင်းကြီးအကြောင်းက မသိတာတွေချည်းများသည်။ ခေတ်ပြိုင်မှတ်တမ်းကိုလည်း ပြည့်စုံအောင် မတွေ့ရဖူးချေ။ သို့သော် ရွှေတိဂုံပေါ်မှာဟုပင် လက်ခံယုံကြည်ထားခဲ့ကြသည်။ ဇေင်ကာဖြုတ်ယူသွားခဲ့သည်ဟု ဆိုသည်။

ထို့ကြောင့် ခေါင်းလောင်းကြီး ရာဇဝင်ကို ဖော်မည်ဆိုလျှင် ကုလားဇေင်ကာနှင့် ဆက်စပ်နေသည်။ ထိုနယ်ချဲ့သမားသည် လူအင်အားမရှိသော်လည်း သေနတ်လက်နက်ရှိသဖြင့် တန်ခိုးကြီးနေသည်။ ရာဇဝင်ကျမ်းများတွင် သံလျင်နေ "နိယတမိစ္ဆာဒိဋ္ဌိ" ကုလားဇေင်ကာသည် ဘုရားများဖျက်ဆီး၊ ဥာပနာများဖောက်၊ ကြေးသတ္တုများ
mgyoe.com

mgyoe.com


ယူကြောင်းလောက်သာ ဖော်ပြသည်။ ထိုသို့ဆိုလျှင် ဇာတ်လမ်းရပြီ။ ရွှေတိဂုံမှ ခေါင်းလောင်းများ သူပင်ယူသူဖြစ်ရမည်။ ဘယ်နှလုံးယူသွားကြောင်း မသိ။ သို့သော် ဓမ္မစေတီမင်းခေါင်းလောင်း သူပင်ယူမည်။ ရွှေတိဂုံဘုရား၏ တန်ခိုးတော်ကြောင့် တစ်ကြောင်း၊ ခေါင်းလောင်းတော်ကြီးက ကြီးလွန်းသောကြောင့် တစ်ကြောင်း၊ မသယ်နိုင်ဘဲ ဒေါပုံမြစ်ဝတွင် ကျရောက်နစ်မြုပ်နေကြောင်းကို ၁၈၂၆–၂၇ လောက်တွင် စဥ့်ကူမင်းခေါင်းလောင်း ဆယ်ယူနိုင်ခဲ့ရာမှ တိုးချဲ့အတွေးဖြင့် စတင်လုပ်ဇာတ်လမ်းပေါ်ပေါက်လာခဲ့မည်ဟု တွေးစရာဖြစ်လာခဲ့သည်။ ထို့ထက်စောသော ကာလက ထိုအပြောမျိုး၊ ယုံကြည်မှုမျိုး မတွေ့ရဖူးချေ။

ထိုဇာတ်လမ်းကို စတင်ပြောကြားလာခဲ့သူမှာ ၁၈၇၀ လွန်ကာလများက ရန်ကုန်မြို့နေ ကျောက်တော်ကြီး ဘုရားဒါယကာဦးနေထွန်းဖြစ်သည်။ စဥ့်ကူမင်းခေါင်းလောင်း ဆယ်ယူစဉ်က ဦးဆောင်ပါဝင်ခဲ့ကြသော ယင်း၏အဘိုးအဘွားတို့က ပြောခဲ့ခြင်းဟု သူကဆိုသည်။ ဦးနေထွန်းက ထိုခေါင်းလောင်းကြီးကိုလည်း ဆယ်ယူချင်ကြောင်း သူကပြောခဲ့ဖူးသည်။ သို့သော် အဘယ်ကြောင့်မသိ၊ အကောင်အထည်မပေါ်ခဲ့ချေ။

**သာယာဝတီမင်း(ရွှေဘိုမင်း)ခေါင်းလောင်း**

သာယာဝတီ(ရွှေဘို)မင်းက တပ်တောင်တာဗိုလ်ထုနှင့် ရွှေတိဂုံခြေတော်ရင်းတွင် ယာယီတဲနန်းထိုးကာ စံမြန်းရင်း စေတီတော်မြတ်ကြီးကို အားပါးတရ ဖူးမြော်ခဲ့သည်။ ခေါင်းလောင်းတော်ကြီး တစ်လုံးကိုလည်း သွန်းလုပ်ပူဇော်ခဲ့သေးသည်။ ၂၄ စက်တင်ဘာ ၁၈၄၁ ခေါင်းလောင်းတော်ကြီး သွန်းလုပ်ရန် မြေဖြင့်စတင်ပုံဆောင်ကိုင်ခဲ့သည်။

| | |
|---|---|
| ခေါင်းလောင်းရပ် | ၉ တောင် ၁ မိုက် ၃ သစ် |
| အနားလုံးပတ် | ၁၅ တောင် |
| ခါးစည်းလုံးပတ် | ၁၃ တောင် ၁ မိုက် ၄ သစ် |
| ကြေးချိန်ဝန် | ၂၅၉၄၀ ပိဿာ ၄၉ ကျပ် |
| ကြေးသွန်း | မင်းကြီး မဟာစည်သူ(ဝန်ထောက်)၊ မင်းကြီး မဟာမင်းကျော်သခ်ယာ (ပန်းတဉ်းဝန်၊ လက်နက်တိုက်ဝန်) |

mgyoe.com

mgyoe.com


ယခုအခါ ရွှေတိဂုံကုန်းတော်ပေါ်တွင် ကုန်းဘောင်ခေတ်ထက်စောသော ခေါင်းလောင်းများ မတွေ့မြင်ရတော့ချေ။ ကြေးကို လူသတ်လက်နက်လုပ်နေကြချိန်တွင် မြန်မာတို့က ငြိမ်းချမ်းရေးခေါင်းလောင်းများ အင်တိုက်အားတိုက် သွန်းလုပ်ကာဗုဒ္ဓစေတီတော်များ၊ ကျောင်းများတွင် ချိတ်ဆွဲလှူဒါန်းနေကြသည်မှာ ငြိမ်းချမ်းရေးကို မည်မျှဆာလောင်မွတ်သိပ်နေကြောင်း သာဓကဖြစ်၏။ သို့သော်လည်း နိုင်ငံကားခေတ်အဆက်ဆက် မငြိမ်းချမ်းခဲ့သည်မှာ မည်သူ့တွင် တာဝန်ရှိပါသနည်း။ အခြေအနေက အလွန်ဝမ်းနည်းစရာ ကောင်းလှသည်။

## မင်းတုန်းမင်းနှင့် ရွှေတိဂုံ

မင်းတုန်းမင်းတရားကြီးလက်ထက်တွင် အောက်မြန်မာပြည်သည် ကိုလိုနီအောက်ကျရောက်သွားခဲ့ရသည်။ ၁၁၃၆ ခုနှစ်က မြေဒူးမင်းတင်လှူခဲ့သော ထီးတော်ကြီးသည် ၁၂၃၃ ခုသို့ ရောက်သောအခါ အနှစ် ၉၅ နှစ် ကျော်လာပြီဖြစ်သည်။ ဗြိတိသျှကိုလိုနီအောက် ကျရောက်နေပြီဖြစ်သော ရန်ကုန်မြို့သူ မြို့သားတို့သည် ထီးတော်အသစ် ပြန်လည်တင်လိုကြသည်။ သူတို့ချည်း တင်သဖြင့် မစွမ်းနိုင်ဟု ယုံကြည်နေကြသည်။ ကိုလိုနီအစိုးရကလည်း မျိုးခြား ဘာသာခြား အစိုးရဖြစ်သောကြောင့် အားကိုး၍ရနိုင်စရာမရှိချေ။ ထို့ကြောင့် ရန်ကုန်နေ ကိုလိုနီအစိုးရအောက်ရောက် မြန်မာပြည်သူတို့က မင်းတုန်းမင်းကြီးထံသို့ သံတော်ဦးတင်လွှာပို့ဆက်၍ ကူညီပေးပါရန် လျှောက်ထားတောင်းခံခဲ့ကြသည်။ ဤတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် ထီးတော်သစ်တင်လှူရန် မင်းတုန်းမင်းတရားကြီးက ဝမ်းမြောက်စွာလက်ခံခဲ့သည်။

ထို့ကြောင့် ရွှေတိဂုံစေတီတော်ကြီးအတွက် ထီးတော်ကြီးကို သံချက်ဝန် ပညာသိဒ္ဓိကျော်သူကို ကြီးမှူးစေလျက် ရွှေနန်းတော်အတွင်းမှပင် သွန်းလုပ်ကြရသည်။ ထီးတော်ကို ဘုံခုနစ်ဆင့်ဖြင့် ပြုလုပ်ခဲ့သည်။ ထီးရပ် တစ်ဆယ့်လေး(၁၄)တောင်၊ ခုနစ်(၇)သစ်၊ ကလပ်၊ ဆပ်သွားဖူး၊ ငှက်မြတ်နား၊ စိန်ထွတ်ထိ ရှစ်(၈)တောင် တစ်(၁)သစ်၊ ထီးတော်လုပ်ရာတွင်–

| | |
|---|---|
| ရွှေသားချိန် | ၂၀၂၉ ကျပ် ၄ မူး |
| ကျောက်မျက်ပေါင်း | ၃၆၄၁ လုံး |
| ချရန်ရွှေဆိုင်းပေါင်း | ၂၇၆၈၄ ဆိုင်း |

တို့ကို ၂ အောက်တိုဘာ ၁၈၇၁ တွင် ရေစက်သွန်းချလှူတော်မူသည်။ ကျောက်မျက်

mgyoe.com

mgyoe.com


ဆိုသည်များတွင် အလုံးကြီး၊ လတ်၊ သေး သုံးမျိုးပါရှိသည်။ အမည်ဖြင့်ဆိုရသော် ကျောက်နီ၊ ကြောင်၊ ဂေါ်မိတ်၊ စိန်၊ နီလာ၊ ပုလဲ၊ မြ၊ သန္တာ၊ ဥဿဖရား ကျောက်များ ဖြစ်သည်။ ထိုကျောက်များဖြင့် ထီးတော်ကို စီခြယ်ထားသည်။ ထို့နောက် ပုပ္ပားဝန်ထောက်ကို ကြီးမှူးစေပြီး ရန်ကုန်ရောက် ရေနန်းစကြာသင်္ဘောတော်ဖြင့် ထီးတော်ပို့ကြရသည်။

လိုက်ပါခဲ့ကြသော အဖွဲ့ဝင်များမှာ –

မင်းကြီးမဟာမင်းကျော်မင်းထင် (ပုပ္ပားဝန်ထောက်)

မင်းလှသီရိကျော်သူ(လွှတ်တော်စာရေးကြီး)

နေမျိုးသီရိ(စာရေးတော်ကြီး)

မင်းလှမင်းထင်ရာဇာ (ရွှေတိုက်စိုး)

နေမျိုးရာဇသီရိ(သံတော်ဆင့်)

ပညာသိဒ္ဓိကျော်သူ(သံချက်ဝန်)

သီရိဘောဂရာဇာ(သူဌေး)

ခုနစ်ဦးအဖွဲ့ ဖြစ်သည်။

ထီးတော်ကြီးကို ပင့်ဆောင်လာရာ လမ်းတစ်လျှောက်တွင်လည်း မြို့တိုင်းရွာတိုင်းက ရေဝတီကမ်းလုံးညွတ်မျှ ပြည်သူတို့ပူဇော်ကြသည်။ ရန်ကုန်မြို့တွင်လည်း ရောက်ကတည်းက ကမ်းနားတွင် မဏ္ဍပ်ထိုးထားရှိကာ တစ်လပြည့်အောင် မြို့လုံးကျွတ်ပူဇော်ကြသည်။ ရွှေတိဂုံကုန်းတော်သို့ ပင့်ရန်ရှိသောအခါလည်း မြို့ရပ်ကွက်အသီးသီးတို့က ထီးတော်ဘုံအဆင့်ဆင့်ကို မဲကျရာပင့်ဆောင်ကြသည်။ ပါဝင်ကြသည်တို့မှာ–

ရန်ကုန်အရှေ့ပိုင်း

ရန်ကုန်အနောက်ပိုင်း

ဗိုလ်တထောင်

ကြည့်မြင်တိုင်

ပုဇွန်တောင်

တို့အမည်များကို တွေ့ကြရသည်။ အလယ်တောရဆရာတော်ဦးပြားက ထီးတော်ကြီးအပိုင်းလိုက် ရွှေတိဂုံကုန်းတော်ပေါ်သို့ ရပ်ကွက်များကမဲကျရာ ပင့်ဆောင်ရန် မဲချပေးသည်။ ကုန်သေးတန်းအသင်းက ငှက်မြတ်နားဘုံကို ပင့်ဆောင်ခွင့်ရသဖြင့် ထမ်းဆောင်ပင့်သွားရာတွင် "ကုသိုလ်ကောင်းလို့ အကြောင်းဆုံ၊ ငှက်မြတ်နားဘုံ ရတဲ့

mgyoe.com

mgyoe.com


ရပ်သား” ဟူ၍ သံချပ်ထိုးကြသည်။ သံချပ်သမိုင်း၏အစဟူ၍ ဆိုနိုင်သည်။

ထီးတော်ကုန်ဝင်ငွေကိုလည်း ရာဇဝင်ဆရာတို့က မှတ်တမ်းထားရှိခဲ့သည်။ အထက်တွင် တင်ပြခဲ့ပြီးဖြစ်သော်လည်း အသုံးပြုသောရွှေနှင့် ရတနာတို့ သာဆိုခြင်းဖြစ်သည်။ ခေတ်အလိုက်ကုန် ကျငွေကိုဖော်ပြခဲ့ခြင်းမဟုတ်ချေ။ ခေတ်အခါအလိုက် ကုန်ကျငွေကို ဖော်ပြသည်မှာ–

| | | |
|---|---|---|
| **ထီးတော်ကုန်ကျငွေ** | - | ၉၄၁၄၅၂ ကျပ် ၆ မူး |
| **ထီးတော်ဟောင်းမှပြန်ရတန်ဖိုး** | - | ၁၁၆၃၂၈ ကျပ် ၅ မူး ၁ ပဲ |
| **ပြည်သူတို့အလှူငွေ** | - | ၃၃၂၆၈၉ ကျပ် ၇ မူး ၁ ပဲ |
| **စုစုပေါင်းတန်ဖိုး** | - | ၁၄၀၀၄၇၉ ကျပ် |

ကုန်ကျကြောင်း သိရသည်။

**ကင်းဝန်မင်းကြီးဦးကောင်း ရွှေတိဂုံအလှူ**

ထီးတင်ပွဲအပြီး ရောက်ရှိသွားသော ကင်းဝန်မင်းကြီး၏ အင်္ဂလန်အသွား ရန်ကုန်ဝင်ရောက် ရွှေတိဂုံလှူတန်းခဲ့သည့်မှတ်တမ်းကိုလည်း ပြန်လည်ဖောက်သည်ချလိုပါသေးသည်။

ထီးတော်တင်လှူပြီးစတွင်ပင် ကင်းဝန်မင်းကြီး လန်ဒန်သွားခရီးနှင့် ကြုံကြိုက်ခဲ့သည်။ မင်းကြီးက လန်ဒန်သွားမှတ်တမ်းတွင် ထီးတော်တင်ပြီးစ ရန်ကုန်ရောက် ရွှေတိဂုံဖူးမှတ်တမ်းကို ပြုစုထားခဲ့သည်။ မင်းကြီးသည် ၁၂၃၃ ခု တပေါင်းလပြည့်ကျော် ၉ ရက်နေ့မှစပြီး နေ့စဉ်မှတ်တမ်းများ ရေးသားခဲ့သည်။ ကင်းဝန်မင်းကြီးတို့ ရန်ကုန်သို့ ၁၂၃၃ ခု နှောင်းတန်ခူးလဆန်း ၅ ဗုဒ္ဓဟူးနေ့ ရန်ကုန်ရောက်။ မည်သူမျှ လာမကြို။ နောက်တစ်နေ့ (ကြာသပတေးနေ့) ကင်းဝန်မင်းကြီးနှင့်အဖွဲ့ ရွှေတိဂုံဘုရား ဆွမ်းကပ်ရန် ငွေ ဒီ သုံးဒင်္ဂါးများကောက်ခွဲ။ ထည့်ဝင်ကြသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| **ကင်းဝန်မင်းကြီး** | ၁၉၂ ပြား(ကျပ်) |
| **ဝန်ထောက်တော်မင်း ၂ ဦး** | ၆၀ (၁ဦး ၃၀)ပြား |
| **စာရေးတော်ကြီးမင်း** | ၁၅ ပြား |

စသည်ဖြင့် ကောက်ခံရာ ဒင်္ဂါး ၃၅၀ ရရှိ။ ယင်းငွေများကို သူဌေးမဟာသီရိ ဘောဂသာရ ထံအပ်ကာ အလှူတော် ပွဲများပြင်စေခဲ့သည်။ နောက်တစ်နေ့ (သောကြာ)တွင်

mgyoe.com

mgyoe.com


ပြင်ဆင်ထားသည်မှာ ဆွမ်းတော်ပွဲ ၁၂ ပွဲ၊ ဆွမ်းတော်တစ်ပွဲလျှင် ဟင်းလျာစုံ၊ မုန့်မျိုးစုံ၊ ယိုမျိုးစုံ၊ အချိုအချဉ်မျိုးစုံ ပန်းကန်ပြား ၁၂ ချပ်စီဖြင့် (ပေါင်း ၁၄၄ ချပ်) စေတီတော်မြောက်မျက်နှာဇရပ်ကြီးအတွင်း ပန်း၊ ဆီမီး၊ သောက်တော်ရေဖန်ခွက် ဖန်တကောင်းများဖြင့် လှပစွာပြင်ဆင်ထား။

မင်းကြီးနှင့်အဖွဲ့သည် မြင်းရထားစီး၍ လာရောက်ကြပြီး စေတီတော်သို့ တောင်ဘက်လှေကားမှ တက်ခဲ့ကြသည်။ ရင်ပြင်ထက်တွင် ဆွမ်းတော်ကြီးကပ်သည်။ မင်းလှ နို့ဗှာန်ဆိပ်ဦး တောရဆရာတော်ကို ပင့်ဖိတ်၍ ငါးပါးသီလခံယူ တရားနာခဲ့ကြသည်။ ဘုရားပေါ်ရှိ ဒုက္ခိတများအားလုံး မရမရှိစေရပေးကမ်းကြသည်။ ရင်ပြင်တော်အနှံ့ လှည့်လည်ကြည့်ရှုကြသည်။ ဘုရားသို့ငွေလှူခြင်း၊ ရွှေသင်္ကန်းကပ်ခြင်းများလည်း ပြုလုပ်ခဲ့ကြသည်။ ကင်းဝန်မင်းကြီး၏ စိတ်ဝင်စားစရာမှတ်တမ်းကိုလည်း ဤသို့ ဖတ်ရှုရသည်။

"ဘုရားရင်ပြင်တော်သို့ တောင်မျက်နှာစောင်းတန်းကတက်သည်။ ၎င်းအထက် အရှေ့ဘက်က ယိုးဒယားမင်း ဆောက်လုပ်သည့်ဆင်ရုပ်၊ ယိုးဒယားတံဆိပ်တင်သော ဇရပ်ကိုလည်း တွေ့မြင်ရသည်။ . . . စဉ့်ကူးမင်း ခေါင်းလောင်းတော်၊ ခမည်းတော် မင်းတရားကြီး (သာယာဝတီမင်း) လှူတော်မူသည့် ခေါင်းလောင်းတော်များကိုလည်း တန်ဆောင်း မိုးကာလျက် တွေ့မြင်ခဲ့သည်။ (ကင်းလန်ဒန်သွား နေ့စဉ်မှတ်တမ်း၊ ၁၉၅၃၊ ပ၊ ၁၆)

ယိုးဒယားမင်း ချူလာလောန်ကွန် ရန်ကုန်သို့ ဗြိတိသျှဧည့်သည်တော်အဖြစ် ကြွရောက်လာခဲ့စဉ်က ရွှေတိဂုံသို့ဖူးမြော်ကြောင်း ပြုပြင်မှုတစ်ရပ်ပြုပြင်လိုကြောင်း ပြောကြားခဲ့သည်ကို တွေ့ရသော်လည်း မည်သည်ကို ပြုပြင်တည်ဆောက်ခဲ့ကြောင်း မသိရချေ။ ကင်းဝန်မင်းကြီး မှတ်တမ်းအရ ထိုင်းဘုရင် ချူလာလောန်ကွန်သည် ဆင်တစ်စီးနှင့် ဇရပ်ကြီးတစ်ဆောင် ဆောက်ခဲ့သည်ကို သူတွေ့မြင်ခဲ့ရကြောင်း မှတ်တမ်းတင်ခဲ့သည်။ ယနေ့ ဆင်ရောဇရပ်ပါ မတွေ့ရတော့ချေ။ မည်သည့်နေရာဟုပင် မပြောနိုင်သေးရှိရသည်။ မည်သည့်ခေတ်က ဖျက်ခဲ့ပါသနည်း။ ဘာကြောင့် ဖျက်ခဲ့ပါသနည်း။

ရွှေတိဂုံဘုရားသည် မြန်မာနိုင်ငံတွင်ရှိသမျှ စေတီပုထိုးများတွင် သမိုင်းဝါ အရင့်ဆုံးဖြစ်သည်။ သိန်းသောင်းမကသော မြန်မာနိုင်ငံရှိ စေတီပုထိုးများထဲတွင် ပြိုင်ဘက်ကင်း အထင်ရှားဆုံးဖြစ်သည်။ မြန်မာနိုင်ငံ၏ သင်္ကေတအသက်ဝိညာဉ်ဟုလည်း

mgyoe.com

mgyoe.com


ဆိုနိုင်သည်။ ရွှေတိဂုံစေတီတော်ကို ဖူးမြော်ရသူတို့တွင် လောဘများ ကွာကျသွားနိုင်သည်။ ဒေါသများ ကင်းစင်သွားနိုင်သည်။ မောဟများ ခေါင်းပါးကွယ်ပျောက်သွားနိုင်သည်။ သို့ဆိုလျှင် ငြိမ်းချမ်းရေးမရနိုင်ပြီလော။ လူသားတို့၌ လောဘ၊ ဒေါသ၊ မောဟတရားများ လွှမ်းမိုးနေသေးသဖြင့် ရွှေတိဂုံစေတီတော်ကြီး ရှိနေရဦးမည် ဖြစ်သတည်း။

❖

mgyoe.com

mgyoe.com

# မြေဒူးမင်း ရွှေတိဂုံစေတီတော်ကို ဓာတ်ပုံဖြင့် ပူဇော်ခွင့်ရခြင်း

ရွှေတိဂုံစေတီတော်၏ ရှေးသမိုင်း သိဒ္ဓတ္ထဂေါတမမင်းသား ဘုရားဖြစ်တော်မူစ သတ္တသတ္တာဟ စံနေတော်မူသည်က စခဲ့သည်။ လင်းလွန်းပင်ရင်းမှာ ရှိနေစဉ်ရောက်ရှိလာခဲ့သော ကုန်သည်ညီနောင်ကို ဆံတော် ၂ ဆူချီးမြှင့်ခဲ့ရာမှ ဥက္ကလာပ(ရန်ကုန်) သို့ ပြန်ရောက်သောအခါ ဥက္ကလာပမင်းကြီး၏ဦးဆောင်မှုဖြင့် ဆံတော်ရှင်စေတီတော်တည်ထားခဲ့သည်။ ထိုစေတီတော် အကြောင်းကို ပုဂံမင်းများသိခဲ့ကြပုံမပေါ်ချေ။ ပုဂံကျောက်စာတို့တွင် ထိုဆံတော်ရှင် စေတီတော်မြတ်အကြောင်း အသံမျှမကြားခဲ့ကြရဖူးချေ။ သထုံမှကြွလာတော်မူသော ရှင်အရဟံနှင့် သာသနာပြု အနိရုဒ္ဓမင်းကြီးတို့လည်း ရွှေတိဂုံစေတီတော်မြတ်အကြောင်း ပြောဆိုခဲ့ကြဟန်မတူချေ။ သထုံစစ်ချီစဉ်က ဒဂုံရှိဆံတော်ရှင်စေတီအကြောင်း သတင်း စကား ကြားနိုင်လောက်ပါသည်။ သို့သော် မသိကြားခဲ့ကြသောကြောင့် ပုဂံတစ်ခေတ်လုံး ရွှေတိဂုံစေတီတော်ကို မြန်မာမင်းတို့သိခွင့်၊ ဖူးခွင့်မရခဲ့ကြဟု ထင်မိရပါသည်။

မြန်မာသမိုင်းတွင် ရွှေတိဂုံစေတီတော်ကို ထင်ရှားလာအောင် လုပ်ဆောင်ခဲ့သော အဦးအစမင်းများမှာ ရာဇာဓိရာဇ်နှင့် အနွယ်တော် မွန်မင်းများဖြစ်သည်။ အထူးသဖြင့် ဘုရင်မကြီး ရှင်စောပုနှင့် ရာမာဓိပတိ(ဓမ္မစေတီ)တို့သည် ရွှေတိဂုံစေတီတော်မြတ် လွှမ်းပတ်ကမ္ဘာကျော်အောင် စွမ်းဆောင်ခဲ့သော ရွှေတိဂုံဘုရား၏ ဒါယကာ၊ ဒါယိကာ

mgyoe.com

mgyoe.com


မများဖြစ်သည်။ တောင်ငူမင်းတို့ထဲက ဘုရင့်နောင်မင်းတရားကြီးကလည်း ရွှေတိဂုံစေတီတော် ကြီးကျယ်ထင်ရှားလာအောင် ဆောင်ရွက်ခဲ့ပါသေးသည်။ ကုန်းဘောင်မင်းတို့ထဲက အလောင်းမင်းတရားမှအစပြုကာ မြေဒူးမင်း၊ ဗဒုံမင်းနှင့် မင်းတုန်းမင်းတို့သည် ဘုရားကိုပြုပြင်စောင့်ရှောက်ခဲ့ကြသည့် ထင်ရှားသောဘုရားဒါယကာမင်းများဖြစ်ကြသည်။ သာယာဝတီမင်းကမူ ရွှေတိဂုံဘုရားအနောက်တောင်ဘက်တွင် ယာယီနန်းဆောက်ပြီးစံမြန်းကာ ရွှေတိဂုံကိုအေးအေးဆေးဆေးပင် ဖူးမြော်ခဲ့သည်။

ထိုမင်းများထဲမှ မြေဒူးမင်း(ဆင်ဖြူရှင်)ထီးတင်တော်မူခဲ့သည့် မှတ်တမ်းကလေးကို တင်ပြချင်ပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင်လည်း ပါရှိပြီးဖြစ်ပါသည်။ သို့သော် ယခုမှတ်တမ်းကို ပြန်လည်ဖော်ပြခြင်းမှာ တွေးစရာ၊ ကြည်ညိုစရာနှင့် မြန်မာ့ဓလေ့မှ သိရှိနားလည်စရာများကို စာရှုသူတို့သိမြင်စေလိုခြင်းကြောင့်ဖြစ်ပေသည်။ မှတ်တမ်းတွင် သမိုင်းမှတ်ပုံအဆင့်နှစ်ခု ပါဝင်သဖြင့် စိတ်ဝင်စားစရာကောင်းသည်ဆိုလျှင်လည်း မှန်ပါမည်။ မြန်မာတို့ သမိုင်းမှတ်ပုံဓလေ့တစ်ခုဟုလည်း ဆိုနိုင်ပါသည်။ ဥပမာ လှည်းဝင်ရိုးသံတည်ည် ပုဂံဘုရားပေါင်း၊ ဥသြအော်မြည် ကုန်းဘောင်တည်၊ အောင်ကျော်ချမ်းအေး မန္တလေးတည်၊ မင်းဖြူမှန်မှန်ပြော မင်းကွန်းခေါင်းလောင်းအလေးချိန် -- စသည်မျိုးများဖြစ်သည်။ သမိုင်းကို မြန်မာတို့ဤသို့ပင် မှတ်ခဲ့ကြသည်။

မြေဒူးမင်းကလည်း ရွှေတိဂုံစေတီတော်မြတ်ကြီးကို ထီးတင်လှူခဲ့သည်။ ယင်းလက်ထက် ရွှေတိဂုံစေတီတော်ယိုယွင်းသဖြင့် အဦးအစ ပြန်လည်ပြုပြင်ကြရသည်။ ပြုပြင်ပြီးသောအခါ ရွှေစင် ၄၇ ပိဿာ ၃၅ ကျပ်သားကို မျက်ပါးခတ်၍ လုံးတော်ပြည့် ရွှေချခဲ့သည်။ မှန်နန်းရာဇဝင်ဆရာက မြေဒူးမင်း၏ထီးတော် မှန်နန်းတွင် ဖော်ပြထားသည်မှာ -

"ထီးတော်ကို သံတစ်ထပ်၊ ကြေးတစ်ထပ်ကို ကြေးမှိုသံမှိုစွဲ၍ သေချာခိုင်ခံ့ကောင်းမွန်အောင် လုပ်ဆောင်ရသည်။ ထီးတော်ပထမဘုံ အချင်းကိုးတောင် နှစ်မိုက်၊ ဘုံခုနစ်ဆင့်နှင့် ဆပ်သွားဖူး၊ စိန်ပျံ၊ ငှက်မြတ်နားများကို မယ်တော်ဘုရား သုံးဆောင်တော်မူသော ခြသေ့ံခံရတနာကွမ်းခွက်၊ ကွမ်းလောင်းကြုတ်ခွက်အစုံ၊ ဘဝရှင်မင်းတရားကြီးဘုရား မင်္ဂလာခမ်းကြီးနားကြီးများတွင် ဆင်ယင်သုံးဆောင်တော်မူသော အဖိုးအနဂ္ဃထိုက်သော ဖောင်းတော်ဖြူ၊ ဖောင်းတော်နီ၊ ဖောင်းတော်စိမ်း၊ ရွှေသားဖောင်းတော်၊ အဖိုးအနဂ္ဃထိုက်သော နဝရတ်ကိုးပါးစီခြယ်သော ရတနာဟသ်ာရုပ်

mgyoe.com

mgyoe.com


ကွမ်းအုပ်တော်၊ ရေအုပ်တော်၊ လက်ဖက်အုပ်တော်၊ နှမတော်ဘုရားသုံးဆောင်မူသော ရတနာကွမ်းအုပ်တော်၊ သန္ဓေးဖလားကြုတ်ခွက်အစုံ အစုစုရွှေချိန်ပိဿာ ၂၇၀ ကို ပုဒ္ဒန်ခွံအတိခတ်လုပ်မွမ်းမံပြီးမှ ပတ္တမြားစသော နဝရတ်ကိုးပါး ကျောက်လုံးရေ တစ်သောင်းငါးထောင်သုံးဆယ့်ရှစ်လုံး(၁၅၀၃၈)တို့ဖြင့် စီခြယ်၍ ရွှေဆည်းလည်း ငွေဆည်းလည်း အချိန်ပိဿာ နှစ်ရာ(၂၀၀)၊ စေတီတော်ပြုသည်တွင်ရသော ငွေဆည်းလည်းလုံးရေ သုံးရာလေးဆယ့်တစ်(၃၄၁)၊ ရွှေဆည်းလည်းလုံးရေ တစ်ဆယ့်လေး(၁၄)၊ ပဥ္စလောဟာဆည်းလည်းရေ တစ်(၁)ပေါင်း သုံးရာငါးဆယ့်ခြောက်(၃၅၆)တို့ဖြင့် မင်းမိဖုရား၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်တို့က ကုသိုလ်တော်ဝင်သည့် ရွှေဆည်းလည်း ငွေဆည်းလည်းမှစ၍ ထီးတော်ရောင်လျှံတိုင် နှစ်ဆယ့်ငါးတောင် နှစ်မိုက်လေးသစ် (ကဘဆ၊ ၂၀၀၄၊ ပ၊ ၃၅၈–၅၉)"

ဟု ဖော်ပြထားသည်။ ရွှေတိဂုံဘုရားသို့လှူသော ရွှေသားချည်းသက်န်းကပ် ၄၇ ပိဿာ ၃၅ ကျပ်သားတစ်ကြိမ်၊ ထီးတော်တွက် ၂၇၀ (၂၇)ပိဿာ တစ်ကြိမ်၊ ထိုနှစ်ကြိမ်အတွက် ရွှေ ၃၁၇ ပိဿာ ၃၅(၇၄၃၅ ပိဿာ)ကျပ်သားရှိသည်။ ထို့အတူ ကျောက်မျက်ရတနာ ၁၅၀၃၈ လုံးတန်ဖိုးမပါသေးချေ။ ဤကား (မှန်နန်းရာဇဝင်တော်) ကုန်းဘောင်ဆက်တွင်ပါသော အဆိုတည်း။ အခြားတွေ့ရသော ပုရပိုက်မှတ်တမ်းတွင်တွေ့ရှိရသည်ကိုလည်း ယှဉ်ကြည့်နိုင်ရန် ဖော်ပြပေးပါဦးမည်။

## မှတ်တမ်းထဲကရွှေတိဂုံ

ရွှေတိဂုံထီးတော် မည်မျှကြီးမား၍ မည်မျှတန်ဖိုးကြီးပါသနည်း၊ သိချင်စရာကောင်းပါသည်။ သိစေချင်အောင်လည်း မှတ်တမ်းအဆိုလေး ပြုထားခဲ့ပါသည်။ မည်သူက ပြုလုပ်ခဲ့သည်ဟု မတွေ့မှတ်ရပေ။ သို့သော် ထိုမှတ်တမ်းရေးသူပင် ထိုမှတ်တမ်းစာလေးကို ပြုလုပ်ခဲ့မည်ဟု ဆိုနိုင်ပါသည်။ စာပိုဒ်လေးက ဤသို့ဖော်ပြထားသည်။

"ဥဩဩောင်သီး ဘုရားထီး"ပါတဲ့၊ ပေးချင်သည့် သတင်းစကားက ၁၁၃၆(ခရစ်နှစ် ၁၇၇၄) တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ မြေဒူးမင်းထီးတင်ကြောင်းပင်။ ထီး ၁၉(တောင်) ၂(မိုက်) ၄(လက်သစ်) ခန့်ရှိသော ထီးတော်ကို ရွှေ၊ ငွေ၊ ကြေး၊ ကျောက်သံပတ္တမြားတို့ဖြင့် များစွာကြီးကျယ်ခမ်းနား သပ္ပာယ်ထည်ဝါအောင် လုပ်ဆောင်ခဲ့

mgyoe.com

mgyoe.com


သည်။ ပါဝင်သုံးစွဲခဲ့သည့် ရွှေငွေကျောက်သံပတ္တမြားတို့စာရင်းကိုလည်း မှတ်တမ်းတင်ထားရှိသည်။

| | | |
|---|---|---|
| – ဗြဟ္မာရွှေချိန် | ၁၁ဝိ | |
| – ရွဲလုံးပေါင်း | ၃၇ဝ | |
| – ရွဲ ၁ လုံးလျှင် ပတ္တမြားကျောက် | ၇ | ပွင့် |
| – ၁ ပွင့်လျှင် ပတ္တမြားကျောက်ပေါင်း | ၈၇၁၆၁၇ | လုံး |
| – မြကြီးလုံးပေါင်း | ၆၇၁၉၃၆ | လုံး |
| – စိန်လုံးရေ | ၇၆၇၁၇၅ | လုံး |
| – သဒါ(သန္တာ)လုံးရေ | ၆ဝ | လုံး |
| – ကျောက်နီလာလုံးရေ | ၆၇၆ဝ | လုံး |
| – ဂေါ်မုတ်လုံးရေ | ၆၇၆ဝ | လုံး |
| – ဥဿဖရားလုံးရေ | ၆ဝ | လုံး |
| – ရွှေဆည်းလည်းလုံးရေ | ၅၆ | လုံး |
| – ငွေဆည်းလည်းလုံးရေ | ၁၁၈ဝ | လုံး |
| – ကြေးဆည်းလည်းလုံးရေ | ၆၇၁၇ဝ | လုံး |
| – မိုးကြိုးဆည်းလည်းလုံးရေ | ၁၄ | လုံး |
| – ရွှေညောင်ရွက် | ၄၃ | ရွက် |
| – ငွေညောင်ရွက် | ၅၂၉ | ရွက် |

တို့ဖြင့် တန်ဆာဆင်ထားသော ထီးတော်ကြီးဖြစ်သည်။ အသုံးချရွှေချိန်ကွာခြားသည်ကို တွေ့ရသည်။ ထိုထီးတော်ကြီးတန်ဖိုး မည်မျှကျပါမည်နည်း။ အစုစုတန်ဖိုးကို မှတ်တမ်းတင်ခဲ့သူက "မိမင်းသာ ပြောလိမ့်မည်"ပါတဲ့။ နံသင့်အက္ခရာဖြင့် တန်ဖိုးကောက်သော် ၅၅၆၅၄၅ ကျပ် ကုန်ကျသည်ဆိုလိုပါသည်။

သို့သော် မှတ်တမ်းတွင် ၅၆၅၄၅ိ ဟု ဖော်ပြထားသည်။ ရှေ့မှကောက်ရမည့် "မ"တစ်လုံး ကျကျန်နေခဲ့ဟန်ရှိသည်။ "ရတနာ ၉ ပါး၏ တောက်လောင်ထိန်ညီးထီးတော်ကြီးကို ပြီးစီးအောင်တင်တော်မူသည်"ဟုဆိုသည်။ ရတနာ ၉ ကိုးပါးဟုဆိုသဖြင့် ရေတွက်သောအခါ "ကြေး၊ ဂေါ်မုတ်၊ ငွေ၊ စိန်၊ နီလာ၊ ပတ္တမြား၊ မိုးကြိုး၊ မြ၊ သန္တာ၊ ဥဿဖရား" တို့ကိုတွေ့ရသောကြောင့် ကျောက်နှင့်သတ္တု ၁၁ မျိုးရပေသည်။ ရွှေ၊ စိန်၊ မြနှင့် ပတ္တမြားတို့ကို အများဆုံးသုံးခဲ့သည်။ စိန်နှင့်မိုးကြိုးဘို့ကို ကြေးအစား

mgyoe.com

ထည့်လျှင် ၉ မျိုးပြည့်မည်ဖြစ်ပြီး ကြေးကိုဖယ်ရမည်ဖြစ်ပေသည်။

**ဘုရားစနစ်တော်**

မှတ်တမ်းက ရွှေတိဂုံနှင့်ဆိုင်ရာသမျှကို အတော်လေးအသေးစိတ် မှတ်တမ်းတင်ပေးခဲ့သည်။ ကုန်းတော်အမြင့်သည် အရပ်သံတောင် ၅၀ ရှိသည်။ အရှေ့အနောက် ၄၃၁ တောင်၊ တောင်မြောက် ၄၆၁ တောင် ၁ မိုက်ရှိသည်။ ရင်ပြင်တော်သည် စည်မျက်နှာကဲ့သို့ ညီညာသည်။

စေတီတော်ဖိနပ် အရှေ့အနောက် ၂၄၀၊ တောင်မြောက် ၂၄၀ ရှိသည်။ ထိုအပေါ်တွင် စေတီရံပတ်လည်ပေါင်း ၆၄ ဆူရှိသည်။ တစ်ဖက်လျှင် (၁၆)ဆူရှိသည့်သဘောဖြစ်သည်။ မုခ်စေတီလေးဆူလည်း ပါရှိသည်။

- စေတီတော်အမြင့်သည် မြေမှသည် ပလ္လင်အမြင့် ၁၃ တောင် ၆ လက်မ
- ပထမပစ္စယာသည် ၃၆ တောင် ၁၃ လက်မ
- ဒုတိယပစ္စယာသည် ၂၀ တောင် ၁၄ လက်မ
- ၎င်းကသည် ကြေးပိုင်းအဆုံး ၅ ဆင့်
  ၁၄ တောင်၊ ၁၄ လက်မ

စေတီတော်ကြီး ပလ္လင်ကစ၍ ငှက်ပျောဖူးအဆုံး၊ ထီးတော်ကြီးအောက် အတွင်းထိ ၂၁၈ တောင်၊ ၉ လက်မ၊ ထီးအမြင့် အရပ်တော် ၂၆ တောင် ၁၄ လက်မ၊ ပလ္လင်ကစ ထီးတော်ဖျားအဆုံး ၂၄၇ တောင် ၅ လက်မ၊ ငှက်မြတ်နားအဆုံး စိန်ဖူးအဆုံးသည် ရွှေတိဂုံစေတီတော်အရပ်ဖြစ်သည်။ မြေဒူးမင်းလက် ထက်ကစနစ်တော်ဖြစ်သည်။

မှတ်တမ်းတွင် ပြဿနာတစ်ခုရှိသည်။ အဦးအစတွင် ထီးကို ၁၉ ႁ ၄ ဟုဖော်ပြပြီး နောက်ပိုင်းပြီးခါနီးတွင် ထီးအမြင့် အရပ်တော် ၂၆ တောင် ၁၄ လက်မဟု ပြသဖြင့် ထီးတော်တင်ပြီး စိန်ဖူးတော်အထိကို ဆိုလိုလေသလောဟု တွေးမိရသည်။ မှန်နန်းရာဇဝင်တော်ကြီး ကုန်းဘောင်ဆက်တွင် ထီးတော်နှစ်ဆယ့်ငါးတောင်နှစ်မိုက်လေးသစ်ဟု ဆိုသဖြင့် ကွာသယောင်ရှိပါသည်။ သို့သော် ယူပုံမျှသာဖြစ်သောကြောင့် မကွာဟုဆိုနိုင်ပါသည်။

mgyoe.com

mgyoe.com


**နယ်ချဲ့သမားမှတ်တမ်းထဲက ရွှေတိဂုံ**

ဒုတိယအင်္ဂလိပ်မြန်မာစစ်အပြီး ၁၈၅၅ ခုနှစ်က ဗြိတိသျှစစ်တပ်မှ ဓာတ်ပုံဆရာ တစ်ဦး ရိုက်ယူထားသည့် မြန်မာနိုင်ငံဆိုင်ရာဓာတ်ပုံပေါင်း ၁၂၀ ထဲမှာ ရွှေတိဂုံဘုရား ပုံတော်များလည်း ပါရှိသည်။ တစ်ပုံတည်းမဟုတ်၊ ထောင့်မျိုးစုံမှ ရိုက်ကူးထားသောပုံ တစ်ဒါဇင်လောက်ရှိသည်။ ရင်ပြင်တော်ပေါ်ရှိ အခြားသာသနိကပစ္စည်းများကိုလည်း မလွတ်ရအောင်မှတ်တမ်းတင်ခဲ့သည်။ မှတ်တမ်းတင်ခဲ့သူ ဓာတ်ပုံဆရာသည် ဟင်နရီ ယူးလ်(Henry Yule)သံအဖွဲ့နှင့် မြန်မာနိုင်ငံသို့ ၁၈၅၅ က ပါလာခဲ့သူတစ်ဦးဖြစ် သည်။ ယင်းသည် ရန်ကုန်မှအမရပူရမြို့တော်အရောက် လာရာလမ်းတွင် သမိုင်းဝင် အဆောက်အဦပေါင်းများစွာကို မြန်မာ့ပိသုကာစနစ်နှင့်တကွ မြင်သာအောင် ဓာတ်ပုံ ရိုက်ယူသွားခဲ့သည်။ ရှုခင်းပုံများအပြင် မြန်မာ့မြို့ပြအသွင်သဏ္ဌာန်နှင့် လူနေမှုသဘော



ကိုလည်း ပေါ်အောင် ရိုက်ကူးနိုင်ခဲ့သူဖြစ်သည်။ ထိုမှတ်တမ်းဓာတ်ပုံများထဲမှ ရွှေတိ ဂုံဘုရားပုံတော်များကို ထုတ်နုတ်လျက် ယနေ့ အနေအထားနှင့် နှိုင်းယှဉ်ကြည့်နိုင်ရန် တင်ပြပေးလိုပါသည်။

ရှေးဦးစွာ ဓာတ်ပုံမှတ်တမ်းဆရာကိုလည်း သိရသလောက် ဖော်ပြပေးရပါဦး မည်။ အမည်က လင်နေယပ်ထရိုက်(Linnaeus Tripe 1822-1902)ဖြစ်သည်။ သူက အိန္ဒိယပြည်တောင်ပိုင်းတွင် အခြေစိုက်သော အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ စစ်တပ်ထဲသို့ ၁၈၃၈ တွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ ဝင်ရောက်ပြီး ၂ နှစ်အကြာ ၁၈၄၀ တွင် ဗိုလ်ဖြစ်လာခဲ့သည်။ တပ်မှခွင့်ဖြင့် ၁၈၅၀ တွင် အင်္ဂလန်သို့ပြန်လာခဲ့ ချိန် နေထိုင်မကောင်းသဖြင့် ကျန်းမာရေးဆေးခွင့်ဖြင့် ဆက်လက်နေထိုင်စဉ်အတွင်း

mgyoe.com

mgyoe.com

ဓာတ်ပုံပညာကိုလေ့လာစမ်းသပ်လုပ်ဆောင်ခဲ့သည်။ နောက် ၁၈၅၄ တွင် အိန္ဒိယပြည် ဘန်ဂလိုမြို့သို့ ဗိုလ်ကြီးအဆင့်ဖြင့် ပြန်ရောက်ခဲ့သည်။ ထိုနှစ် ဒီဇင်ဘာလထဲမှာပင် သူ့ဓာတ်ပုံပညာဖြင့် အိန္ဒိယမှပုံများကို ရိုက်ယူမှတ်တမ်းတင်ခဲ့သည်။ အိန္ဒိယပြည် တောင်ပိုင်း မဒရပ်ကုန်ထုတ်လုပ်မှု ကုန်စည်ပြပွဲတွင် သူရိုက်ကူးထားသော ဓာတ်ပုံ ပေါင်း ၆၈ ပုံကိုလည်း ပြသခဲ့သည်တွင် အကောင်းဆုံးပြသနိုင်မှုအဖြစ် ကြေညာ အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။

သူသည် မြန်မာနိုင်ငံသို့ ဗြိတိသျှသံကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်သော အခါ ထိုသံအဖွဲ့တွင် မြန်မာနိုင်ငံမှ ဗိသုကာပညာဆိုင်ရာ အဆောက်အဦများ၊ ရှုခင်း များကို ဓာတ်ပုံရိုက်မှတ်တမ်းတင်လာခဲ့ရန် အဖွဲ့ဝင်အဖြစ် တာဝန်ပေးခြင်း ခံရသည်။ သို့ဖြင့် ယခုဖော်ပြမည့် မြန်မာနိုင်ငံက ရှုခင်းများ၊ အဆောက်အအုံပုံများထဲမှ ရွှေတိဂုံ ပုံတော်များကို အစောဆုံးဓာတ်ပုံမှတ်တမ်းဖြင့် တွေ့ရခြင်းဖြစ်သည်။ ယနေ့အခြေအနေ နှင့် မည်မျှကွဲပြားသည်ကို စာရှုသူတို့ နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ထိုဓာတ်ပုံများ



ရွှေတိဂုံဘုရား တောင်ဘက်မြေပြင်မုခ်အဝင်ဝ မြင်ကွင်း

ရိုက်ကူးနေစဉ်အခါက ရွှေတိဂုံစေတီတော်ကြီးသည် အင်္ဂလိပ်စစ်တပ်များ သိမ်းပိုက် တပ်စခန်းချထားချိန်ဖြစ်ပါသည်။

ဗိုလ်ကြီးထရိုက်၏ ပထမဆုံးရိုက်ခဲ့သော ရွှေတိဂုံစေတီတော်မြတ်ပုံဖြစ်ပါသည်။ ထိုပုံကို ဓာတ်ပုံဆရာထရိုက်သည် ၁၈၅၅ က ရိုက်ကူးခဲ့သည်။ အမှတ်စဉ် ၁၀၇ ဟု ဖော်ပြထားသည်။ အောက်မြန်မာပြည်ကို အင်္ဂလိပ်တို့သိမ်းယူပြီး ၃ နှစ်အကြာတွင် ရိုက်ယူထားခြင်းဖြစ်သည်။ ဘုရား၏အနောက်မြောက်ထောင့်တစ်နေရာမှ ရိုက်ယူထား

mgyoe.com

mgyoe.com


ကြောင်း ဖော်ပြသည်။

စေတီတော်ကြီးရွှေချရန် ဝါးငြမ်းဆင်ထားသည်ကိုလည်း တွေ့ရသည်။ ကိုလိုနီဘဝရောက်နေသော်လည်း အောက်မြန်မာပြည်သူတစ်ရပ်လုံးက ဘုရားတရားကိုမမေ့ကြသဖြင့် ဘာသာသာသနာပေါ် အခြေတည်သော မျိုးချစ်စိတ်၊ ဘာသာချစ်စိတ်၊ သာသနာတော်ချစ်စိတ် ရှင်သန်နေဆဲဖြစ်သည်ကို တွေ့ရသဖြင့် နောင်တွင် ထိုမှတစ်ဆင့်တက်ကာ အမျိုးသားစိတ်ဓာတ်သို့ ပြောင်းရွှေ့လာဦးမည်ကို မြင်ယောင်မိ



ရွှေတိဂုံမြောက်ဘက်မုခ်အတက်



ရွှေတိဂုံဘုရားတောင်ဘက်
အာရုံခံတန်ဆောင်းပုံ

mgyoe.com

mgyoe.com



သည်။ ထိုနှစ်က ဘုရားကိုရွှေချသော ကုန်ကျငွေမှာ ဗြိတိသျှ ပေါင်စတာလင်ငွေအား ဖြင့် တွက်လျှင် ၁၅၀၀၀ ဖိုးလောက်ရှိသည်ဟု ဓာတ်ပုံဆရာထရိုက်က ဆိုသည်။

ရွှေတိဂုံဘုရားကိုလည်း ဝန်းကျင်မှ သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းနှင့် ဖူးတွေ့နေရသည်။ ထိုမှတ်တမ်းတင်ခဲ့သူကို ကျွန်တော်တို့ မမြင်နိုင်သောကာလမှ ရွှေတိဂုံကို ယနေ့ကျွန်တော်တို့ လေ့လာဖူးမြော်နိုင်အောင် မှတ်တမ်းတင်ပေးခဲ့သည့်အတွက် နယ်ချဲ့သမားပင်ဖြစ်သော်လည်း ကျေးဇူးတင်ရပါသည်။

ထို ၁၈၅၅ မှတ်တမ်းပုံများအရ ယနေ့မြင်ရသော ရွှေတိဂုံရှုခင်းနှင့် များစွာကွာခြားနေပေပြီ။ ဘုရားသို့ချဉ်းကပ်လမ်းမှာလည်း သာမန်လူသွားလမ်းသာဖြစ်သည်။ သို့သော် သွားဖန်များ၍ လမ်းဖြစ်နေသည်မျိုးမဟုတ်ဘဲ ကောင်းစွာဖောက်ထားသော လမ်းမျိုးဖြစ်သည်။ ညာဘက်တွင် စစ်သားများနေသော ဘန်ကာလိုမျိုးအုတ်အကာအရံများလည်း တွေ့နေရသည်။ ဗြိတိသျှစစ်အစောင့်တဲဖြစ်ဟန်ရှိသည်။ ကုန်းမြေ၊ ပစ္စယံတို့ပေါ်တွင်လည်း မတ်ရပ်သေနတ်တင်ပစ်ခတ်နိုင်သော အနေအထားအတွက် အုတ်တံတိုင်းခတ်ထားသည်များကို ပီပြင်စွာမြင်နေရသည်။ စေတီတော်ကြီးသည် မြို့ပြနှင့် မဆက်စပ်သေးဘဲ သီးခြားတည်ရှိနေသည်ကို သတိပြုမိနိုင်ပေသေးသည်။(အထက်ပုံ)

အထက်ပါပုံသည် ၁၈၅၅ က ရွှေတိဂုံစေတီတော်၏ တောင်ဘက်စောင်းတန်း အဝင်ဝမုခ်ဦးပုံဖြစ်သည်။ စောင်းတန်းပြာသာဒ်ပုံကလည်း ယနေ့အနေအထားနှင့် မတူချေ။ ခံတပ်တစ်ခု၏အဝင်ဝကဲ့သို့ ဆောက်လုပ်ထားသည်ကို တွေ့မြင်နေရသည်။ အမှန်လည်း ခံတပ်ပြုလုပ်ထားခြင်းဖြစ်ပါသည်။ ပုံ၏ လက်ယာဘက် မြေသားပစ္စယံ အနားတစ်လျှောက်တွင်လည်း အုတ်ရိုးများ ကာရံထားလေသည်။ ထို့ကြောင့် အောက်မြန်မာပြည်ကိုသိမ်းပြီးစ ဗြိတိသျှတို့သည် ရွှေတိဂုံစေတီတော်နှင့်ကုန်းတော်ကို စစ်စခန်းအဖြစ် ပြုပြင်ထားရုံမျှမက ခံကတုတ်များအဖြစ်ဖြင့်လည်း ပြင်ဆင်ထားခဲ့သည်ကို တွေ့မြင်နိုင်ပေသည်။ (အောက်ပုံ)

mgyoe.com



အရှေ့ဘက်အာရုံခံတန်ဆောင်း
(ဘေးတိုင်မြင်)


ရွှေတိဂုံစေတီတော် မြောက်ဘက်ကုန်းရိုးတွင်လည်း သစ်တပ်ဟောင်းအဆင့်ဆင့်ကိုတွေ့ရသည်။ မြန်မာတပ်များတည်ဆောက်ထားခဲ့သော နေရာဟောင်းဟု တွက်ဆနိုင်ပါသည်။ အကြောင်းမှာ သစ်တပ်တည်ဆောက်ခြင်းသည် မြန်မာတို့ စစ်အတတ်ဖြစ်သကဲ့သို့ ပုံများကိုကြည့်ရသည်မှာလည်း အသစ်မဟုတ်ဘဲ အချို့ယိုင်လဲနေသည်ကို တွေ့မြင်ရသောကြောင့်တစ်ကြောင်း၊ စွန့်ပစ်ထားသော နေရာဟောင်းအသွင်ဆောင်နေသည်ကို တွေ့ရသောကြောင့်တစ်ကြောင်းဖြစ်သည်။ နောင်တော်ကြီးစေတီတော်ကိုလည်း ဘယ်ဘက်ယွန်းယွန်းတွင် တွေ့နေရသောကြောင့် ယနေ့ အာဇာနည်ကုန်းနှင့် မျက်နှာချင်းဆိုင်လောက်တွင် ဖြစ်နိုင်စရာရှိပေသည်။ သစ်တပ်ထဲတွင် စေတီငယ်တစ်ဆူကိုလည်း ဖူးမြင်ရသည်။ မြင်ရသော နောင်တော်ကြီးဘုရားရှေ့တွင်လည်း အာရုံခံတန်ဆောင်းတစ်ဆောင် ရှိနေသည်။



အရှေ့ဘက်တန်ဆောင်းနှင့် ဟင်္သာရုပ်တံခွန်တိုင်များ

mgyoe.com

ရွှေတိဂုံစေတီတော်၏ တောင်ဘက်မှ အာရုံခံတန်ဆောင်းပုံဖြစ်သည်။ လည်ပေါ် အမိုးသုံးထပ်ရှိသော ပြာသာဒ်ပုံမျိုးဖြစ်သည်။ စုလစ်မွမ်းချွန်တို့ဖြင့် လှပစွာတည် ဆောက်ထားသည်။ အဝင်ဘက်မှ အဖီဦးစွန်း ရှေ့ထုတ်ထားပြီး ပျားစွဲ၊ ပန်းဘောင်နှင့် စုလစ်မွမ်းချွန်များဖြင့် ဆင်ယင်ထားသည်။ နောက်မှ ရွှေတိဂုံစေတီတော်ကြီးကို ဝါးငြမ်း ဆင်ထားသည်ကိုလည်း အနီးကပ်မြင်နေရသည်။ ယနေ့တိုင် ထိုသို့သော ဝါးငြမ်းဆင် ကာ ဘုရားကို ရွှေချနေရဆဲဖြစ်သည်။ နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်သော်လည်း ဝါးငြမ်းကို အသုံးပြုနေဆဲဖြစ်သောကြောင့် ထိုဓလေ့က မပြောင်းလဲသေးသည်ကို တွေ့နေရသည်။ အကုန်အကျလည်းများပေသည်။ (အောက်ပုံ)



စဥ့်ကူးမင်းဓါင်းလောင်းကြီးရှိရာနေရာ

အရှေ့ဘက် အာရုံခံတန်ဆောင်းသည်လည်း တောင်ဘက်မှပုံစံအတိုင်းပင် ဆောက်လုပ်ထားသည်ကို တွေ့ရသည်။ လည်ပေါ်သုံးထပ်ပြာသာဒ်ပုံပင်ဖြစ်သည်။ တောင်ဘက်မှာကဲ့သို့ပင် အာရုံခံနှင့် စေတီတော်မကြီးကြားမှာ စေတီငယ်တစ်ဆူရှိ သည်။ ယနေ့ မြင်တွေ့နေရသကဲ့သို့ စေတီတော်၏ ပထမပစ္စယံအုတ်ခုံပေါ်တွင် အရံစေတီငယ်များမရှိသေးသည်ကို တွေ့ရသည်။ ရှေ့တွင် ခြသေ့်သုံးကောင်နှင့် အုတ် ပလ္လင်ခုံသုံးခုကိုလည်း တွေ့နေရသည်။ ပထမပစ္စယံပေါ်တွင် ပလ္လင်တံကဲထိပ်ပိုင်းကဲ့ သို့ တန်ဆာဆင်ထားသည်ကိုလည်း မြင်တွေ့ရသည်။ ကျယ်ပြန့်သော ပစ္စယံကို

mgyoe.com

mgyoe.com



စေတီငယ်များ တည်ထားခြင်းမပြုသေးသောကြောင့် ပကတိကြည်ညိုဖွယ်ရာအတိုင်းသာ ရှိနေသေးသည်။ သို့သော် စောင့်ရှောက်မှုနည်းပါးနေသောပုံမျိုးဟု သတိထားမိသည်။ နယ်ချဲ့စစ်တပ် သိမ်းပိုက်ထားသဖြင့် ဘုရားဖူးများလည်း ကြောက်ရွံ့သောကြောင့် အပေါက်အရောက်နည်းနေကြောင်း ထင်ရှားသည်။ ဓာတ်ပုံဆရာကတော့ ထိုနေ့ သည် ဘုရားပွဲနေ့ဖြစ်သောကြောင့် ဝတ်ကောင်းစားလှများဖြင့် စည်ကားကြောင်း မှတ် တမ်းတင်ထားသော်လည်း သူ့ဓာတ်ပုံများတွင် လူရိပ်လူရောင် မတွေ့ရချေ။



Votive Tree ပဒေသာပင်

ရွှေတိဂုံစေတီတော်၏အရှေ့ဘက် ဟသ်ာရုပ် တံခွန်တိုင်များကို တွေ့ရသည်။ ထို့အတူ စေတီငယ်သုံးဆူကိုလည်း ဖူးတွေ့ရသည်။ မူလက ဆေးများဖြင့် လှပစွာ ရေးခြယ်ထားကြောင်း၊ နောက်ရွှေချသဖြင့် အောက်ခံဆေးအခြယ်အသများ ပျက်ကုန်ရကြောင်းဖြင့်လည်း ဓာတ်ပုံဆရာက ဆိုသည်။ ဘုရားရှိလျှင် များသောအားဖြင့် တံခွန်တိုင်ရှိမြဲ ဖြစ်ပေသည်။


စဥ့်ကူးမင်း၏ ခေါင်းလောင်းကြီးကို ရှေ့တည့်တည့် ညာဘက်ယွန်းယွန်းတဲကြီး အတွင်းတွင် တွေ့မြင်နိုင်သည်။ ဘုရား၏ မြောက်ဘက်မှလှမ်း၍ ရိုက်ကူးထားပုံဖြစ်သည်။ သာမန်ဇရပ်တစ်ဆောင် အောက်တွင်ထားသည်မျိုး တွေ့ရသည်။ ရှေ့တွင်လည်း ကြီးမားသောသစ်ပင်ကြီးဖြင့် အရိပ်အာဝါသ ကောင်းလှပေသည်။ ထိုအချိန်က စဥ့်ကူးမင်း၏ ခေါင်းလောင်းတော်ကြီးသည် ရွှေတိဂုံကုန်းတော်ပေါ်တွင် အကြီး ဆုံး ခေါင်းလောင်းကြီးတစ်လုံးဖြစ်ပေသည်။ ထိုအပေါ်တွင် ကမ္ပည်းစာများလည်း ပါရှိသည်။ ထိုအကြောင်းများကို သမိုင်းပညာရှင်များက စာတမ်းများ ရေးသားခဲ့ကြပြီးလည်း ရှိသည်။ မြန်မာ့သမိုင်းအဖွဲ့မှ ရေးသားပြီးဖြစ်ပါသည်။

mgyoe.com

mgyoe.com




ရွှေတိဂုံဘုရား အနောက်ဘက်မှမြင်ပုံ




ရွှေတိဂုံဘုရား အနောက်ဘက်မှမြင်ပုံ

ရွှေတိဂုံစေတီတော်ကြီး၏ ထောင့်စွန်းတစ်နေရာဖြစ်ပြီး ပထမပစ္စယာပေါ်မှ ရိုက်ကူးထားပုံဖြစ်သည်။ ကျယ်ပြန့်သော ပစ္စယံရင်ပြင်ကို တွေ့ရသည်။ ထောင့်တွင် ခြင်္သေ့သုံးကောင်ခါးတိုင်မြုပ်နေပုံကိုလည်း မြင်ရသည်။ မည်သည့်ဘက်ဖြစ်နိုင်မည်ကို မသိရချေ။ သို့သော် ဘုရားကြီးတွင် စောင့်ရှောက်သူမရှိသကဲ့သို့ ဟောင်းနွမ်းနေပုံ ပေါက်နေသည်။ အင်္ဂလိပ်စစ်တပ်ချရပ်နေသဖြင့် ဘုရားဖူးပြည်သူတို့ စည်စည်ကား

mgyoe.com

ကား မရောက်နိုင်သောကြောင့်ဟုလည်း ထင်မြင်စရာရှိသည်။ ဓာတ်ပုံဆရာက ဘုရားပွဲတော်ရှိသဖြင့် ဝတ်ကောင်းစားလှပိုးဖဲကတ္တီပါတို့ကို ဝတ်ဆင်လျက် အလှူပွဲများဖြင့် စည်ကားလျက် ရှိနေကြောင်းဆိုသော်လည်း လူရိပ်လူရောင်ပင် မတွေ့ရချေ။



ရွှေတိဂုံအနောက်ဘက်ဝင်ပေါက် မြေပြင်မုခ်ဦး

အထက်ပါစေတီတော်ကိုကြည့်လျှင် ဌာပနာဖောက်ထားသည့် အသွင်လက္ခဏာကို တွေ့မြင်ရသည်။ အင်္ဂလိပ်စစ်တပ်ချရပ်ပြီးနေက် အဖြစ်အပျက်လော၊ မရောက်မီက ဖြစ်သော အဖြစ်အပျက်လောဟု ခွဲခြားမသိရပေ။ သို့သော် ဘုရားများကို မပြုပြင် မစောင့်ရှောက်နိုင်သည်မှာကား အမှန်ဖြစ်သည်။

ဓာတ်ပုံဆရာသည် အရှေ့ဘက်မုခ်ဦးကို မဖော်ပြခဲ့ချေ။ မရှိသေးသောကြောင့်မူ မဖြစ်နိုင်ချေ။ အဘယ်ကြောင့် မဖော်ပြခဲ့သည်ကိုကား စဉ်းစားစရာဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ သူမှတ်တမ်းတင်ခဲ့သောကြောင့် ရွှေတိဂုံစေတီတော်ကို ဓာတ်ပုံဖြင့် အဦးအစ ဖူးမြော်နိုင်ခဲ့သောကြောင့် ဓာတ်ပုံဆရာထရိုက်ကို ကျေးဇူးတင်ရမည်ဖြစ်ပါသည်။ ယနေ့ ရွှေတိဂုံစေတီတော် တိုးတက်လာမှုသမိုင်းကို ပြုစုကြလျှင် ထိုပုံများသည်လည်းကောင်း၊ ထရိုက်၏ မှတ်တမ်းများသည်လည်းကောင်း အရေးပါသော အခန်းကဏ္ဍမှပါရမည်ဖြစ်ပါသည်။

❖

mgyoe.com

# အခန်း(၃)
# လယ်ကိုင်းကျောင်းတော်ရာစေတီမှသည် ရွှေတိဂုံသို့ မျှော်ကြည့်ခြင်း

ရွှေတိဂုံစေတီတော်သည် ဗုဒ္ဓရှင်တော်မြတ် သဗ္ဗညုတ ရွှေဉာဏ်တော်ရရှိပြီး ဘုရားဖြစ်စတွင် ဥက္ကလာပမြို့သား ကုန်သည် တဖုဿနှင့် ဘလ္လိကညီနောင်တို့ ရောက်ရှိဖူးမြော်ကြရ၍ ဒွေဝါစိက သရဏဂုံတည်ခဲ့ကြသော ပထမဆုံး ဥပါသကာများ ဖြစ်ခဲ့ကြသည်။ ယင်းတို့အပြန် ဆံတော်ဓာတ်ကို ချီးမြှင့်တော်မူခဲ့သဖြင့် ရွှေတိဂုံစေတီတော်ကြီး ဖြစ်လာခဲ့ကြောင်း သာသနာဝင်သမိုင်းရှိသည်။ လယ်ကိုင်းကျောင်းတော်ရာ စေတီတော်လည်း ဘုရားရှင် ကိုယ်တော်တိုင် ကြွတော်မူလာပြီး ညအိပ်ကိန်းဝပ်တော်မူခဲ့သောနေရာဖြစ်သည်။ စက်တော်ရာနှစ်ဆူလည်း သစ္စဗန္ဓကတောင်တွင် ချထားပေးတော်မူခဲ့သဖြင့် ဘုရားရှင် အမွန်အစ ကြွရောက်လာရာအရပ်အဖြစ် သာသနာဝင်ကျမ်းများက ဆိုသည်။ မွန်တို့နေရာ ရာမညသည်လည်းကောင်း၊ ပျူဗမာတို့နေရာ မြန်မာပြည်အလယ်ပိုင်းသည်လည်းကောင်း သာသနာတော် ရောက်ရှိခဲ့ကြကြောင်းကို အပြိုင်ဆိုခဲ့ကြသည်။ အပြန်အလှန်လည်း လက်ခံခဲ့ကြသည်။ ရခိုင်တွင်လည်း ဘုရားရှင်ရောက်ရှိခဲ့သဖြင့် အမွန်အစ ရုပ်ပွားတော်ပုံတူ မဟာမုနိကို သွန်းလုပ်နိုင်ခဲ့ရုံမျှမက ရင်ငွေ့ပင်လှုံပေးခဲ့သဖြင့် ရခိုင်ကလည်း အဦးအစကိုယ်ပွားတော် သွန်းလုပ်နိုင်ခဲ့၍ ဂုဏ်ယူခဲ့ပြန်သည်။ ထိုသို့ ယဉ်ကျေးမှုနှင့် သာသနာတော်ကြည်ညိုမှုပြိုင်ခဲ့ကြခြင်းသည် ငြိမ်းချမ်းသောပြိုင်ခြင်း ဖြစ်သကဲ့သို့ အညီအညွတ် အပြန်အလှန်

mgyoe.com

mgyoe.com


လည်း လက်ခံခဲ့ကြသည်မှာ ဂုဏ်ယူစရာဖြစ်သည်။

ထိုဂုဏ်ယူဖွယ် ဖြစ်ကြသည်တို့မှ လယ်ကိုင်းသမိုင်းကြောင်းကို တင်ပြလိုပါသည်။ သာသနာတော်ကို အရင်းတည်ဖော်ပြခြင်း မဟုတ်သော်လည်း ဘုရားရှင်ကြွလာတော်မူခဲ့ရာဒေသ၏ နှောင်းကာလများတွင် ထိုဒေသမည်သို့မည်ပုံ တိုးတက်ပြောင်းလဲလာခဲ့သည်ကို ရှုမြင်နိုင်ရန်ဖြစ်ပါသည်။

လယ်ကိုင်းသည် (မင်းဘူး) ခြောက်ခရိုင်တွင် ရှိသည်ဟုနောက်နှောင်းကာလလူတို့ကဆိုကြသော်လည်း ပုဂံခေတ်က ကိုင်းသည်ခရိုင် အဆင့်နှင့်တွေ့ရပြီး[၁] မင်းဘူးသည်ထိုလယ်ကိုင်းခရိုင်ထဲမှ ရွာတစ်ရွာမျှသာဖြစ်ခဲ့သည်။ လယ်ကိုင်းသည် အစဉ်အလာအရ ဘုရားရှင်လက်ထက်ကတည်းက ရှိခဲ့သည်ဆိုသည်။ သမိုင်းအနေဖြင့် ခေတ်ပြိုင်မှတ်တမ်းကိုပုဂံခေတ်ထက်စော၍ မတွေ့ရသေးချေ။ ပုဂံခေတ်ထိုး ကျောက်စာများတွင် လယ်ကိုင်းကို မကြာခဏတွေ့ရှိရသောကြောင့် ထိုခေတ်ကတည်းက ထင်ရှားသောဒေသတစ်ခု ဖြစ်နေခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ပြုရာနေရာဌာနတစ်ခုလည်းဖြစ်ခဲ့သည်။ မြတ်စွာဘုရားသခင် ခြေတော်ရာချထားခဲ့သည်ဆိုသော ရွှေစက်တော်နှင့် တွဲ၍အသိများကြသည်။ အကြောင်းမှာ မြတ်စွာဘုရားသခင်သည် ထိုဒေသသို့ ကြွချီလာခဲ့စဉ်က လယ်ကိုင်းတွင် ခုနစ်ရက် သီတင်းသုံးသွားခဲ့သည်ဟု ယုံကြည်ထားကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် လယ်ကိုင်းဆိုလျှင် ဘုရားရှင် ခေတ္တကိန်းဝပ်စံမြန်းခဲ့ရာ စန္ဒကူးကျောင်းတော်ရာနှင့်လည်း တွဲသိထားကြသည်။

မြန်မာသမိုင်းတွင် လယ်ကိုင်းထင်ရှားလာခဲ့ရသည်မှာ ပျူတို့နေရာ ဒေသတစ်ခုဖြစ်ခဲ့သောကြောင့်လည်းပါသည်။ သမိုင်းတွင် ဧရာဝတီ အရှေ့ဘက်ရိုးသည် ပိုမိုအရေးပါသကဲ့သို့သော အနေအထားကို တွေ့ရသည်။ ဧရာဝတီအနောက်ဘက်ကမ်းကို ရှေးက သုနာပရန္တတိုင်းဟု ခေါ်ခဲ့ကြသည်မှာ ပုဂံလွန်ခေတ်တွင်မှ ထင်ရှားလာခဲ့သည်ဟု ထင်ပါသည်။ ပျူတို့၏နေရာများသည်လည်း ဧရာဝတီအရှေ့ဘက်ကမ်းတွင်သာ အဓိကဖြစ်ခဲ့သည်ကို ယင်းတို့၏ မြို့တော်ကြီးများဖြစ်သော ပင်လယ်၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့ကို ကြည့်ခြင်းအားဖြင့် သိသာထင်ရှားပေသည်။ အနောက်ဘက်

၁။ သက္ကရာဇ် ၅၈၂ ခုထိုး "နားတောင်းများမင်းကြီးကျောက်စာ"၊ ဦးငြိမ်းမောင်၊ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ၊ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ၁၉၇၂၊ မျက် ၁၂၉–၃၀၊ ကြောင်းရေ ၁၃။

mgyoe.com

ကမ်း ပျူမြို့တော်မှာ ဟံလင်းတစ်မြို့ကိုသာ တွေ့ရသည်။ သို့သော် လူနေကား ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင်လည်း ရှိခဲ့ပေသည်။ ထင်ရှားသည်မှာ လယ်ကိုင်း ဘက်ဒေသတွင်ဖြစ်ပါသည်။ လယ်ကိုင်းပျူဟု ဒေသအစွဲပြုခေါ်ခဲ့ကြသည်။ မည်သည့် အချိန်ကစပြီး ပျူဒေသဖြစ်ခဲ့သည်ကို ကွဲကွဲပြားပြားမသိရှိရသေးသော်လည်း ပျူတို့ ဒေသဖြစ်ခဲ့ဖူးသည်ကိုမူ အထောက်အထားများအရ သိရှိခဲ့ရပါသည်။ မင်းဘူးနယ် ရေပုတ်ရွာမှ ပျူအရိုးအိုးများ၊ သီရိဝစ္ဆပုံပါသော ဒင်္ဂါးများ၊ ရွှေလက်ကောက်များ တွေ့ရှိရဖူးသောကြောင့် တစ်ဆက်တည်းဖြစ်သော လယ်ကိုင်းသည်လည်း ပျူတို့ဒေသ ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ထိုဒေသနေ ပျူတို့အကြောင်းကို ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ဖြစ်လောက်အောင် မပြောဆိုနိုင်သေးခြင်းကမူ စိန်ခေါ်ချက်တစ်ရပ် ဖြစ်နေ ပေသည်။

လယ်ကိုင်းကို မပင်းစရနှင့်တွဲလျက် ပုဂံခေတ်ထိုးများတွင် တွေ့ရသည်။[၁] ထိုနယ် မှ အများဆုံးတွေ့ရသော မြို့မည်တို့မှာ စကု[၂]၊ စလင်း[၃]၊ ဘောင်လင်း[၄]၊ မပင်းစရ[၅]၊ လယ်ကိုင်း တို့ဖြစ်သည်။ ထိုမြို့ရွာတို့သည် တစ်နယ်တည်းတွင် တည်ရှိကြပြီး စိုက်ပျိုး ရေးကောင်းသဖြင့် လူနေထိုင်မှုကောင်းသော ဒေသများ ဖြစ်ခဲ့ကြသဖြင့် သမိုင်းတွင် ထင်ရှားလာခဲ့ရသည်။

လယ်ကိုင်းသည် စကု စလင်းတို့နှင့် နယ်နိမိတ်စပ်လျက် ရှိသည်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် ပုဂံခေတ်ကတည်းက ထင်ရှားလာခဲ့သောမြို့ရွာများ ဖြစ်ကြ သည်။ ညောင်ရမ်းမင်းတို့လက်ထက် စလင်းစစ်တမ်းတွင် အရှေ့တောင်တာ ၇၈၀၀ ကွာ လယ်ကိုင်းနှင့်အစပ်ဟု ပါသည်။ ပေနှင့်တွက်သော် ပေပေါင်း ၈၁၉၀၀ ပေ ရသည်။ မိုင်အားဖြင့် ၁၅.၅ မိုင်တွင် နယ်နိမိတ်စပ်သည်ဆိုလိုရာရောက်ပါသည်။

---

၁။ သက္ကရာဇ် ၅၆၀ ဝါဆိုလဆန်း ၅( )၊ သက္ကရာဇ် ၅၈၂ ခုထိုး "နားတောင်းများမင်းကြီးကျောက် စာ" ဦးမ်း(၁၉၇၂) ပ၊ မျက် ၁၂၉၊ ကြောင်းရေ ၁၂–၁၃။

၂။ ဦးမ်း၊ ၁၉၇၂၊ ပ၊ ၇၆း၁၈၊ ၂၈၆း၃၊ ၃၆၀း၂၃၊ အတွဲ ၂၊ မျက် ၂၈း၂၀၊ ၂၂။ ၅၀း၁၅။ ၆၆ ၁၁။ ၆၈း၃

၃။ ဦးမ်း၊ ၁၉၇၂၊ ပ၊ မျက် ၈၄း၁၁၊ ၉၄း၁၁။ ၁၁၂း၃၊ ၁၅။ ၁၂၉း၉၊ ၁၄၀း၃။ ၁၉၆း၈၊ ၂၁၆း၃။ ၂၂၅း၁၅။ ၃၂၁း၁၁၊ ၃၂၄၊ ၃၅၇း၆၈။

၄။ ဦးမ်း၊ ၁၉၇၂၊ ပ၊ ၃၅၈း၁၈

၅။ ဦးမ်း၊ ၁၉၇၂။

mgyoe.com

mgyoe.com


တောင်တွင်လည်း တာပေါင်း ၇၇၀၀ တွင် နယ်နိမိတ်ထိစပ်သည်ဆိုသဖြင့် ၁၅.၃ မိုင်အကွာတွင် နယ်နိမိတ် ဆက်စပ်နေကြောင်း သိရသည်။[7] သို့သော် စကုသည် လယ်ကိုင်းနှင့်ကပ်နေသော်လည်း လယ်ကိုင်းနှင့် နယ်နိမိတ် ဆက်စပ်မှုဖော်ပြခဲ့သည် ကို မတွေ့ရချေ။ လယ်ကိုင်းသည် စကုမြို့နယ် အဝင်အပါဖြစ်သည်ဟု ဆိုလိုသော ကြောင့် ဖြစ်နိုင်ပါသည်။

ကျပင်း၊ စကု၊ ဘောင်လင်း၊ မပင်းစရ၊ လယ်ကိုင်းတို့သည် သမိုင်းတွင်ပုဂံခေတ် ကတည်းက ထင်ရှားစပြုလာခဲ့ပြီ ဖြစ်ပါသည်။ ထိုမြို့များသည် ရုံဖန်ရံခါ တွဲ၍လည်း တွေ့ရှိရတတ်ပါသည်။ တစ်နယ်တည်းဖြစ်ခြင်းကြောင့် ဖြစ်နိုင်သကဲ့သို့ လယ်ကိုင်းတွင် ရုံးထိုင်သောမြို့ဝန်၏ အုပ်ချုပ်ရေးနယ်တစ်ခုအတွင်း၌ ရှိနေသောကြောင့်လည်း ဖြစ်နိုင် ပါသည်။ နီးစပ်စွာတည်ရှိကြသည် ဖြစ်သော်လည်း များသောအားဖြင့် မုန်းချောင်း၊ မန်းချောင်းကဲ့သို့သော ချောင်းများက ခြားလျက်ရှိနေကြသည်ကို တွေ့ရပါသည်။ စပါးစိုက်ပျိုးဖြစ်ထွန်းသော အရပ်များဖြစ်ပါသည်။ ကျောက်ဆည်နှင့်အပြိုင် ဖြစ်ခဲ့ ပါသည်။ ပုဂံ၏ကျောထောက်နောက်ခံနယ်ဟုလည်း ဆိုနိုင်ပါသည်။ မုန်းချောင်း မန်းချောင်းတို့ စီးဆင်းရာရပ်ဝန်းလည်း ဖြစ်သောကြောင့် ဆည်မြောင်းစနစ်လည်း ပျူတို့ကောင်းစားစဉ်ကတည်းက ရှိနှင့်နေသော ဆည်ရေသောက် စိုက်ပျိုးရေးစနစ် ထွန်းကားရာ ဖြစ်ခဲ့ဟန်ရှိပါသည်။ လယ်ကိုင်းကို ပါဠိအမည်အားဖြင့် ကောသမ္ဘီဟု ဆိုသည်။ မြန်မာတို့က လယ်ယာကိုင်းကျွန်း စိုက်ပျိုးဖြစ်ထွန်းသောကြောင့် "လယ်+ ကိုင်း" ဟု ရိုးရှင်းစွာ ခေါ်ဆိုခဲ့ကြသည်။ အထောက်အထားတို့တွင်လည်း ထိုသဘော ကို တွေ့ရပါသည်။

လယ်ကိုင်းတွင် ဗုဒ္ဓဘာသာဝင်တို့အတွက် စန္ဒကူးကျောင်းတော်ရာ နေရာဟု လည်း ပြစရာရှိသကဲ့သို့ ကျောင်းတော်ရာစေတီ ဘုရားဟူ၍လည်း ရှိပေသည်။ နှစ်စဉ် ဘုရားဖူးတို့ရောက်ရှိရာ အရပ်တစ်ခုလည်း ဖြစ်ပေသည်။ လယ်ကိုင်း ကျောင်းတော် ရာစေတီသည် ဘုရားရှင်လက်ထက်တော်ကတည်းက တည်ထားကိုးကွယ်ခဲ့ကြကြောင်း သမိုင်းဟောင်းများက ဆိုသည်။ လယ်ကိုင်းကို ဝါဏိဇဂါမ(ကူးသန်းရောင်းဝယ်ရေး ရွာ) ဟုလည်း ခေါ်ဆိုခဲ့ကြသည်။ မဟာပုဏ္ဏမထေရ်နှင့်လယ်ကိုင်းသားတို့ ဘုရားကို ရည်မျှော်ကာ စန္ဒကူးကျောင်းဆောက်လုပ်ခဲ့ကြသည်။ ဘုရားရှင်ကြွလာတော်မူပြီး ခုနစ် ရက်တာ သီတင်းသုံးသွားခဲ့သည်။

ထိုဒေသသို့ အလောင်းစည်သူမင်းကြီးရောက်တော်မူလာသောအခါ မပင်းစယ
mgyoe.com

mgyoe.com


ဆည်ကို ပြင်ဆင် ဆည်ဖို့တော်မူခဲ့သည်။ မြောင်းတာများလည်း ပြုပြင်တည်ဆောက်ခဲ့သည်။ မြောင်းတာတစ်သောင်းအဆုံးတွင် နွယ်မြက်သစ်ပင်တို့ ဖုံးနေသည်ကို ရှင်းလင်းရာ မဟာပုဏ္ဏမထေရ် ရေးထိုးခဲ့သော ကျောက်စာကိုတွေ့ရသည်။ ဘုရားရှင်ကိုကြည်ညိုတော်မူသော အလောင်းစည်သူမင်းကြီးသည် စေတီတော်၊ ကျောင်းတော်၊ သိမ်တော်နှင့် စကြံတော်တို့ကို တည်ဆောက်လှူဒါန်းခဲ့သည်။ နောက်မင်းအပေါင်းတို့လည်း ကြုံသလိုပြုပြင်ထိန်းသိမ်းခဲ့ကြသည်တွင် ၁၂၃၈ ခု တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့ ငလျင်ကြောင့် ကျောင်းတော်ရာစေတီဘုရား ပြိုပျက်ခဲ့သည်။ မင်းတုန်းမင်းကြီးက လယ်ကိုင်းမြို့စား ကင်းဝန်မင်းကြီးဦးကောင်းကို ကြီးကြပ်စေလျက်ပြန်လည်ပြုပြင် တည်ဆောက်စေခဲ့သည်။ မပြီးမီနတ်ရွာစံသဖြင့် သီပေါမင်းက လက်စသိမ်းရသည်။ စေတီတော်အမြင့် ၉၂ တောင်၊ စေတီရံ ၁၀၄ ဆူ၊ မုခ်ဘုရားလေးဆူနှင့်သော် ၁၀၈ ဆူ ရှိသည်။ ယနေ့ ဖူးမြင်နေရသော ကျောင်းတော်ရာစေတီတော်သည် မင်းတုန်းမင်းလက်ထက် ပြုပြင်တည်ဆောက်ခဲ့သော စေတီတော်ဖြစ်သည်။ (စွယ်စုံကျမ်း၊ အတွဲ ၁၂၊ စာပေဗိမာန်၊ ၁၉၇၂၊ နှာ ၁၁၄–၁၅)[၁]

လယ်ကိုင်းသည် ကုန်းဘောင်ခေတ်နောက် ပိုင်းသမိုင်းတွင် မြို့ဝန်ရုံးစိုက်ရာမြို့ဖြစ်ခဲ့သော်လည်း စကုနှင့် တွဲနေသောကြောင့် မြို့ဝန်ရုံးသည် စကုတွင် ရှိပေသည်။ နောက်ပိုင်း ရတနာပုံခေတ်တွင် ကင်းဝန်မင်းကြီးဦးကောင်းသည် လယ်ကိုင်းကို စားရသဖြင့် ပိုမိုထင်ရှားလာခဲ့သည်ဟု ထင်ပါသည်။ ကင်းဝန်မင်းကြီးသည် မင်းတုန်းမင်းကြီးက ချီးမြှင့်သော သက်တော်ရှည်ဘွဲ့လည်း ရရှိသူ ဖြစ်သကဲ့သို့ မှူးမတ်တို့၏ အကြီးအချုပ်လည်း ဖြစ်ခဲ့သည့်အပြင် စာပေဓမ္မသတ်လည်း တတ်ကျွမ်းသော ပညာရှင်တစ်ဦးဖြစ်ခဲ့သည်။ ထင်ရှားသော သံတမန်ကြီးလည်း ဖြစ်သည်။

ကိုလိုနီခေတ်ရောက်သောအခါ စကုသည်လည်းကောင်း၊ လယ်ကိုင်းသည်လည်းကောင်း၊ မြို့အဆင့်မှ ရွာကြီးအဆင့်သို့ ရောက်ရှိသွားခဲ့သည်။ ကိုလိုနီအစိုးရသည် မြန်မာမင်းများလက်ထက်က ထင်ရှားခဲ့သောမြို့များကို ဆက်လက်အသိအမှတ်မပြုဘဲ မြို့သစ်များ ဖော်ဆောင်ခဲ့သည်မှာ အကြောင်းနှစ်ချက်ကြောင့်ဟုထင်ပါသည်။ ဆက်သွယ်ရေးကောင်းရာကိုရွေးပြီး အချက်အချာကျခြင်းနှင့် တစ်ဖက်က အမျိုးသား

---

၁။ သက္ကရာဇ် ၉၉၉ ခု အရပ်ရပ်မြို့ရွာစာရင်းတော် စစ်သိမ်းသည့်စာတမ်း"၊ အမည်ပြောင်း "ရှေးခေတ်မြန်မာနိုင်ငံ မြို့ရွာနယ်ပယ်သမိုင်း"၊ ရှေးဟောင်းစာပေသုတေသီတစ်ဦး လက်နှိပ်စက်မူမူပွား၊ မျက် ၄၉(ရှေးဟောင်းသုတေသန ၄၈၅ နှင့် တဗစ ၆၉၀၉ တို့နှင့် တိုက်ကြည့်ရန်)

mgyoe.com

mgyoe.com


ရေးလက္ခဏာတို့ဖြင့် ပြည့်စုံနေသော မြန်မာမြို့များကို နံနိမ်လိုခြင်းသဘောများလည်း ပါမည်ဟု တွေးဆရသည်။ ဥပမာ စကုနေရာတွင် မင်းဘူးကို အစားထိုးခဲ့သည်။ မင်းဘူးက မြစ်ကမ်းထိပ်တွင်ရှိသောကြောင့် ဆက်သွယ်ရေးသဘောစဉ်းစားလျှင် မှန်ကန်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် လယ်ကိုင်းနေရာတွင် ပွင့်ဖြူကို အစားထိုးသောအခါ ပထဝီအနေအထားအရ မင်းဘူးမှာကဲ့သို့ စဉ်းစားရန်မဖြစ်တော့ချေ။ ထို့ကြောင့် မြန်မာမင်းများလက်ထက် နိုင်ငံရေးအရ ကြီးကျယ်ခဲ့ခြင်း၊ ဗုဒ္ဓသာသနာတော်အရ ထင်ရှားခဲ့ခြင်းတို့ကို သိမ်ငယ်သွားအောင် ပြုလုပ်ခဲ့ခြင်းဟု ယူဆနိုင်စရာဖြစ်ပေသည်။ နိုင်ငံရေးနိုးကြားမှု မရှိလေရအောင် ကြိုတင်အကွက်ချ စီမံပိတ်ပင်ထားခဲ့ခြင်းဟု ယူဆနိုင်စရာ ဖြစ်ပေသည်။ နိုင်ငံရေးနိုးကြားမှု မရှိလေရအောင် ကြိုတင်အကွက်ချ စီမံပိတ်ပင်ထားခဲ့ခြင်းဟု ယူဆနိုင်စရာဖြစ်ပေသည်။ နိုင်ငံရေးနိုးကြားမှု မရှိလေရအောင် ကြိုတင်အကွက်ချစီမံပိတ်ပင်ထားခဲ့ခြင်းသဘော မြင်တွေ့ရသည်။ လယ်ကိုင်းသည် ဗုဒ္ဓရှင်တော်ဘုရား ကြွချီရောက်ရှိစံနေခဲ့သော အရပ်ဒေသဖြစ်သောကြောင့် ထိုအပေါ် အခြေတည်သော အမျိုးသားစိတ် တစ်နေ့တစ်ချိန်တွင် ကိန်းအောင်းပေါ်ပေါက်လာနိုင်သည်ကို မြင်မိသောကြောင့် မကြီးကျယ်လာအောင် လုပ်ဆောင်နံနိမ်ထားခြင်းဟု ထင်မြင်နိုင်စရာရှိပေသည်။

## အုပ်ချုပ်ရေး

လယ်ကိုင်းနယ်တွင် အစုအငန်းကြီးများ မရှိသလောက်ပင်ဖြစ်သည်။ အများစုမှာ အခွန်တော်ဆောင်ပေးကြရသောလူလွတ် (မင်းမှုထမ်း မဟုတ်သူ) အသည်အလာဝင်နေကပ္ပားတို့ ဖြစ်ကြသည်။ ကျွန်ရွာဟူ၍လည်းမတွေ့ရချေ။ အကြီးအကဲတို့မှာ ရိုးရာအုပ်ချုပ်ကြသူများဖြစ်သည်။ မြို့ဝန်သည် နေပြည်တော်မှ ခန့်ထားသော အကြီးဆုံးအာဏာပိုင်ဖြစ်သည်။ မြို့ဝန်တွင် စာရေးနှင့် စစ်ကဲများရှိသော်လည်း စစ်ကဲရာထူးကို မတွေ့ရချေ။ အိုးစားကြီး ဆိုသည်ကိုမူ တွေ့ရသည်။ မြို့ဝန်အောက်တွင် မြို့သူကြီးနှင့် ရုံးအဖွဲ့ရှိသည်။ ကျန်သည်တို့မှာ ရပ်ရွာ ရိုးရာအကြီးအကဲများ ဖြစ်ကြသည်။

အုပ်ချုပ်ရေးတွင် လုံခြုံရေး၊ အခွန်တော်ကောက်ခံရေးအပြင် နေ့စဉ်လိုကြုံရတတ်သည်တို့မှာ တရားတပေါင်အမှုအခင်းများသာ ဖြစ်သည်။ အထူးသဖြင့် စိုက်ပျိုးရေးနယ်မြေ၊ စိုက်ပျိုးလူမှုအဖွဲ့အစည်းတွင် ဖြစ်လေ့ဖြစ်ထရှိသော လယ်ယာမြေမှုများပင်ဖြစ်သည်။ အမှုများ စစ်ဆေးသောအခါလည်း ရှေ့နေရှေ့ရပ်များဖြင့် စွပ်စွဲချေပသော

mgyoe.com

mgyoe.com


နည်း(Litigation) မျိုးမဟုတ်ဘဲ တရားသူကြီး ခုံသမာဓိတို့က ဖျန်ဖြေပေးခြင်း (Arbitration) မျိုးဖြင့်သာ အမှုများပြီး ပြတ်တတ်ကြပေသည်။ အမှုဖြစ်လျှင် ကုန်ကျစားစရိတ်များကိုလည်း မှတ်သားထားလေ့ရှိသည်။ ထိုအမှတ်အသားများသည် လူမှုစီးပွားသမိုင်း လေ့လာလိုသူတို့အတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အကူပြုပါသည်။ ခေတ်အခြေအနေဆိုင်ရာ သဲလွန်စများအဖြစ် အသုံးပြုနိုင်ပါသည်။

လယ်မှုဖြစ်ကြသောကြောင့် တစ်ဖက်က မှတ်သားထားသော စာရင်းဇယားတစ်ခုကို တွေ့ရသည်။ အခြားတစ်ဖက်ကလည်း ထို့အတူမှတ်သားမည်ပင်ဖြစ်ပါသည်။ သို့သော် များသောအားဖြင့် တစ်ဖက်မှတ်တမ်းကိုသာ ရရှိတတ်ပါသည်။ ယခု ဖော်ပြမည့်မှတ်တမ်းသည် ရက်စွဲမပါသော်လည်း ဆက်စပ်တွေးဆရလျှင် သီပေါမင်းလက်ထက်လောက်က ဖြစ်နိုင်ပါသည်။ ထိုစာရင်းဇယားတွင် လယ်မှုအတွက် ကုန်ကျရသည်များကို အသေးစိတ်မှတ်သားထားသောစာရင်း ဖြစ်သည်။ ငွေလိုသဖြင့် လယ်ကို ပထမပေါင်ခဲ့ရသည်။ နောက် ငွေလိုသဖြင့် ထိုပေါင်လယ်ပေါ်မှ ငွေကို အကြိမ်ကြိမ်ထပ်ယူခဲ့ရသည်။ ထိုသို့ ငွေထပ်ယူသောအခါ ပွဲခပေးရသည်များလည်း မှတ်တမ်းတွင် ဖော်ပြပါရှိသည်။ ထူးဆန်းသည်ဟု ထင်မိသောအချက်မှာ လယ်ကို ပြန်ရွေးရာတွင် ပွဲခပေးရသည်ဟူသောအချက်ပင် ဖြစ်ပါသည်။ အမှုဖြစ်သောကြောင့် ရှေ့နေနှစ်ဦးကို ပေးရငွေကိုလည်း တွေ့ရသည်။

စာရင်းများကို စစ်ဆေးသောအခါတွင်မူကား ဂဏန်းတို့ကမကိုက်ချေ။ အရေးအကူး မှားယွင်းသောကြောင့် ဖြစ်ပါမည်။ စာကူးမှားနိုင်မည်များကိုလည်း သတိထားမိပါသည်။ ယင်းတို့တွင် ၁(တစ်) နှင့် ၀(သုည)၊ ၂(နှစ်) နှင့် ၅(ငါး)တို့ဖြစ်ပါသည်။ စာများက ကြာလာသောအခါ ၃(သုံး)သည်လည်း အောက်ဆွဲပျောက်နေတတ်သဖြင့် ၁(တစ်)နှင့် မှားနိုင်ပါသေးသည်။ မြန်မာလူမှုအဖွဲ့အစည်းတွင် ဖြစ်တတ်သော အမှုများစွာထဲက အများဆုံးဖြစ်တတ်သည်တို့မှာ လယ်ယာမြေပိုင်ဆိုင်မှု အငြင်းပွားခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ကျေးလက်ပြည်သူတစ်ရပ်လုံးသည် မြေယာပေါ်အခြေတည်နေထိုင်ကြရသောကြောင့် ဖြစ်သည်။ အမှုတစ်ခုဖြစ်လျှင် ငွေကုန်ရခြင်းအပြင် လူပင်ပန်းရသည်။ အချိန်များလည်း ကုန်ပေသည်။ မြေမှုတို့တွင် အမွေမှုလည်းဖြစ်နိုင်သကဲ့သို့ မြီရှင် မြီစားတို့ကြား ဖြစ်ပွားကြသည်များလည်း တွေ့ရတတ်သည်။ တွေ့ရသော စာရင်းကို အုပ်ချုပ်ရေးအတွက်သာမက လူမှုစီးပွားဓလေ့ကိုလည်း သိမြင်နိုင်သဖြင့် ဖော်ပြပေးလိုက်ပါသည်။

mgyoe.com

mgyoe.com


လယ်ယာမှုခင်းတွက်သုံးကုန်စာရင်း

| လယ်တွက်နှင့်သုံးကုန်စာရင်း | ငွေ | |
|---|---|---|
| | ကျပ် | မူး |
| ငင်းလယ်ရွေးကာလ ပွဲခပေးရငွေ | ၁၀ | ၅ |
| လယ်ကိုရောင်းရာ ပွဲခပေးရငွေ | ၈ | – |
| ငင်းလယ်ထပ်ရာ ပွဲခပေးရငွေ | ၃ | ၅ |
| ငင်းလယ်ထပ်ရာ ပွဲခပေးရငွေ | ၂ | – |
| မောင်ဝိုက်ပေးငွေ | ၁ | – |
| ငင်းလယ်ကိုရောင်းရာ တိုင်တွက်ဆောင်ငွေ | ၉၀ | – |
| မနု ကိုလျော့ာ်တို့ထံ ရွေးရင်းငွေ | ၃၇ | ၅ |
| မောင်သာအုပ်ကိုပေးငွေ | ၅ | – |
| ရှေ့နေကိုကျော်ထွန်းကို ပေးရငွေ | ၈ | – |
| ရှေ့နေကိုလွန်းပြေကို ပေးရငွေ | ၅ | – |
| ငင်းလယ်ကိုပြရာ အရပ်ရပ်ကုန်ငွေ | ၆၀ | – |
| ပေါင်း | ၂၄၈ | |

## လယ်ကိုင်းမင်းနွယ်စာစု

ရိုးရာမှုလည်းရှိသည်။ ရိုးရာမှုဆိုသည်မှာ သူကြီးကဲ့သို့သော အကြီးအကဲအရာကို လုဆိုမှုဖြစ်သည်။ များသောအားဖြင့် ဆွေမျိုးသားချင်းများအတွင်း ဖြစ်တတ်ကြသကဲ့သို့ မင်းပြောင်း မင်းလွှဲကာလတွင် ငွေဖြင့်လာဘ်ထိုးရယူထားတတ်ကြသဖြင့် ဖြစ်ပေါ်လာခြင်းမျိုးလည်း တွေ့ရသည်။ မြေစကျင်းတွင် ထိုအမှုမျိုးတွေ့ရသည်။ အမှုဖြစ်သောအခါ ၄၅ ခု စစ်တမ်းစာရင်းကို လက်ကိုင်ထားတတ်ကြသည်။ တစ်နှစ်တည်းတွင်နှစ်ဦး စစ်တမ်းပေးကြရာ ပထမပေးသူ သူကြီးက အရိုးသားမြေးမှန်ကန်ကြောင်း ဆိုသော်လည်း အထက်ဆွေမျိုးစာရင်းကို မတင်ပြနိုင်ချေ။ မင်းတုန်းမင်းလက်ထက်တွင်မှ အကြောင်းတစ်ခုကြောင့် သူကြီးအရာ ရရှိလာခဲ့ဟန်ရှိသည်။ ဒုတိယတင်

mgyoe.com

mgyoe.com


သူကမူ ဆွေစဉ်မျိုးဆက်စာရင်းကို အတိအကျတင်ပြနိုင်သည်ကို တွေ့ရသည်။[၁]

လယ်ကိုင်းမြို့နယ် မြီးပြန်းရွာ သူကြီးရိုးရာ လုဆိုမှုတစ်ခုကို သီပေါမင်းလက်ထက် ၁၂၄၄(၁၈၈၂)က တွေ့ရှိရသည်။ ထိုလုဆိုမှုတွင် လူ ၇ ဦးပါဝင်ပတ်သက်နေကြသည်။ ယင်းတို့ကို ဖော်ပြရသော ငကွမ်းရေ၊ ငခိုင်၊ ငဆယ်၊ ငထုံပေ၊ ငထွန်းအေး၊ ငရွှေကျွန်း၊ ငရွှေရွန်းတို့ဖြစ်သည်။ ထုံးစံအတိုင်း တရားခုံက ၁၁၄၅ ခု၊ ၁၁၆၄ ခု စစ်တမ်းစာရင်းများတင်ရန် တောင်းဆိုသဖြင့် တင်ကြသောအခါ ၄၅ ခု စစ်တမ်းစာရင်းအရ ဆက်ခံခဲ့ကြသူများစာရင်းမှာ အောက်ပါအတိုင်းတွေ့ရသည် –

(၁) ငကျိုးပေး

(၂) သား ငစလို

(၃) သား ငဘော်

(၄) သား ငစံခိုင်

(၅) သား ငအုပ်ကျော်

(၆) သား ငကွမ်းရေ ၄

တို့ကို တွေ့ရသည်။ ငကွမ်းရေဘိုး ငစံခိုင်ကို အပြစ်မရှိ ဆက်ခံထိုက်သူဟုတ် မဟုတ်ကို စစ်ဆေးသောအခါ ငကွမ်းရေ ငဆယ်တို့ကလွဲလျှင် ကျန် ငါးဦးတို့က အမှတ် ၄ ပါ သား ငစံခိုင်ကို အဘအဘော်က စွန့်ပစ်သားဖြစ်ကြောင်း ဆိုကြသည်။ ထိုအချက် မှန် မမှန်ကို မြီးပြန်းရွာမှ သိမီသူတို့ကို ရဟန်းသံဃာတို့ရှေ့ မေးမြန်းရန် ညွှန်ကြားခဲ့သည်။ စကုလယ်ကိုင်း ၂ မြို့ဝန်ကလည်း လယ်ကိုင်းမြို့သူကြီးနှင့် သွားရောက်ကာ သိမီသူတို့ကို မေးမြန်းပြီး လွှတ်တော်သို့တင်ပို့ရန် ညွှန်ကြားခဲ့သည်။[၂]

မြေယာပိုင်ဆိုင်မှု အငြင်းပွားသောအမှုကိုလည်း ၁၂၄၄ ခုက တွေ့ရသည်။ ခင်တဲရွာသူကြီးက ယင်းနှမ်းခင်းကို ပြည်လုံးကျော်ရွာနေ ငရွှေမှဲ့က ဖျက်ဆီးကြောင်း တိုင်သည့်အမှုဖြစ်သည်။ ပြည်လုံးကျော်ရွာမှ ငရွှေမှဲ့က ယင်းတို့ထောင်ကဲအစုအတွက် ခြ်မြေကိုသာ လုပ်ကိုင်ခြင်းသာဖြစ်ကြောင်းနှင့် ချေသည်။ သို့သော် ထိုအမှုကို ပြီးဆုံး

---

၁။ ၁၂၄၅ ခု၊ လင်းဆန်း ၅ ( ) နေ့ မောင်ချမ်းအစစ်ခံချက်၊ ၁၂၄၅ ခု၊ လင်းဆန်း ၇ ( ) နေ့ ငအောင်ချင်းတင်အစစ်တမ်း။

၂။ တော်စိန်ခို၊ လွှတ်တော်မှတ်တမ်း(အမှတ်အသား)၊ ရန်ကုန်အစိုးရပုံနှိပ်တိုက်၊ ၁၉၆၀၊ မျက် ၁၄၅–၄၆။

mgyoe.com

mgyoe.com


အောင် မဆုံးဖြတ်နိုင်ခဲ့ကြောင်း သိရသည်။[၁]

အုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး နောက်ဆုံးတင်ပြလိုသောအချက်မှာ နယ်မြေလုံခြုံရေးနှင့် စစ်မှုရေးရာများအကြောင်း တွေ့ရှိရသည့် အထောက်အထားတို့မှ တင်ပြရန်ဖြစ်ပါသည်။ အစဉ်အလာအုပ်ချုပ်ရေးတွင် မြို့သူကြီးအောက် ကျေးရွာသူကြီးများရှိကြသည်။ မြို့သူကြီးအထက်တွင် မြို့စား မြို့ဝန်တို့ရှိသည်။ ဗဟိုနှင့် ရိုးရာသူကြီးတို့အကြားတွင် မြို့ဝန် မြို့စားများက ကြားဝင်ဆောင်ရွက်ပေးကြရသည်။ သီပေါမင်းလက်ထက် နောက်ပိုင်းအခြေအနေတို့က တစ်စတစ်စ ဆိုးရွားလာသည်။ ၁၂၄၅ ခုနှစ်က ပြည်လုံးကျော်နယ်တွင် သေနတ်၊ ဓား၊ လှံ လက်နက်များကို စာရင်းများကောက်ယူ တင်ပေးကြရသည်။ အဘယ်ကြောင့် လက်နက်များ ပြန်လည်အပ်နှံခိုင်းသည်ကို အဖြေရှာရန်လိုပါသည်။ အင်္ဂလိပ်–မြန်မာ တတိယစစ်မဖြစ်မီ နှစ်နှစ်အလိုတွင်ဖြစ်သည်။ အဘယ်ကြောင့် သေနတ်လက်နက်များကို သိမ်းဆည်းရသည်အကြောင်း မသိရချေ။ နယ်ကိုမယုံကြည်သဖြင့်လော၊ အင်္ဂလိပ်ရန်အတွက် ကြိုတင်ပြင်ဆင်ပြီလောဟူ၍ စဉ်းစားရန်ရှိပါသည်။ လက်နက်အမျိုးအစား သုံးမျိုးဖော်ပြသည်။ ထိုလက်နက်တို့မှာ သေနတ်၊ ဓားနှင့် လှံတို့ဖြစ်သည်။ ပြည်လုံးကျော်နယ်ဟုခေါင်းစီးတပ်ထားသည်တွင် ပါဝင်သောရွာတို့မှာ ကျောင်းစုရွာ၊ ခင်တဲရွာ၊ မန်ကျည်းစုရွာ၊ ယာကြီးပြင်ရွာ၊ ရွှေလှေရွာနှင့် အခြားဖတ်မရသောရွာ တစ်ရွာတို့ပါဝင်သည်။ မြင်လွယ်အောင် ဇယားချပြလိုက်ပါသည်။

၁၂၄၅ ခု၊ သေနတ်၊ ဓား၊ လှံ အပ်သည့်စာရင်း

| သေနတ်ဓားလှံအပ်စာရင်း | သေနတ် | ဓား | လှံ |
|---|---|---|---|
| ပြည်လုံးကျော်ရွာအပ် | ၈ | ၁၁ | ၄ |
| ခင်တဲရွာအပ် | ၂ | ၂ | ၂ |
| ထန်းကွဲရွာအပ် | ၁ | ၁ | ၁ |
| ရွှေလှေရွာအပ် | ၂ | ၂ | ၂ |
| ယာကြီးပြင်ရွာအပ် | ၂ | ၂ | ၂ |

၁။ လယ်ကိုင်းမြို့ ဖားဝပ်ကျောင်းစာစု။

mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| မန်ကျည်းရွာအပ်<br>ကျောင်းစုရွာအပ် | | ၁<br>၁ | ၁<br>၁ |
| ပေါင်း | ၁၅ | ၂၀ | ၁၃ |

### လယ်ကိုင်းဟားဝပ်ကျောင်းစု

မည်သည့်အတွက် လက်နက်များအပ်ကြရပါသနည်း၊ စဉ်းစားစရာဖြစ်ပါသည်။ နယ်ပယ်တို့မှ ပုန်ကန်မည်ကို စိုးရိမ်သောကြောင့်လော၊ နယ်ချဲ့အင်္ဂလိပ်နီးကပ်လာပြီမို့ ကြိုတင်ပြင်ဆင်ထားလို၍လော ခွဲခြားမသိပါ။ နေပြည်တော်ဝန်းကျင်မှ လက်နက်များအပ်နှံကြရသည်တို့ကိုလည်း တွေ့ရဖူးသည်။ အုပ်ချုပ်ရေးတွင် အရေးကြီးသောအမှုတစ်ရပ်မှာ ငွေကြေးသုံးစွဲမှုဖြစ်သည်။ ထိုငွေကြေးသုံးစွဲမှုကို စနစ်တကျစာရင်းမပြုစုတတ်၊ မထားသိုတတ်လျှင် အလွဲသုံးစားမှုဖြစ်နိုင်သဖြင့် ရာဇဝတ်သင့်တတ်ပေသည်။ ထို့ကြောင့် သေနတ်ကိစ္စနှင့် အခြားအရပ်ရပ် သုံးငွေစာရင်းကို ဖော်ပြထားပါသည်။ ရွှေမြို့တက်သွား အရာရှိတစ်ဦးအတွက် စုခံပေးလိုက်ကြရသောငွေများ ဖြစ်ပါသည်။

### စီးပွားရေး

မြေဒူးမင်းနှင့် ဗဒုံမင်းတို့လက်ထက် ၁၁၂၇၊ ၁၁၄၅ နှင့် ၁၁၆၄ ခုနှစ်များအတွင်းက ကောက်ခံခဲ့သော စစ်တမ်းများတွင် လယ်ကိုင်းမြို့ စစ်တမ်းကို မတွေ့ရသေးသောကြောင့် ကုန်းဘောင်ခေတ် လယ်ကိုင်းမြို့နယ်အကျယ် မည်မျှရှိသည်ကို မသိရချေ။ သာလွန်မင်းလက်ထက် သက္ကရာဇ် ၉၉၉ ခုက ကောက်ခံခဲ့သော အထောက်အထားကိုမူ ဇမ္ဗူ့ဒီပ ဥဆောင်းကျမ်းတွင် အောက်ပါအတိုင်းတွေ့ရသည် –

"လယ်ကိုင်းမြို့နယ်ကား အရှေ့ကိုလားသော် ဧရာဝတီ၊ တောင်ကိုလားသော် ယုန်စည်တောရွာ အနောက်ကိုလားသော် သနတောင် အလွန်တောင်သုံးဆင့်၊ မြောက်ကိုလားသော် မုန်းချောင်း၊ ဘုရားသခင် တန့် စန္ဒကူးကျောင်းတော်ရာအပါ ၎င်းအတွင်း ရွာပေါင်း ၂၀၊ ဘုရား နှစ်ဆူ၊ ကန်ကြီး တစ်ကန်ရှိသည်။"[၁] ဟု ပြသည်။ လယ်ကိုင်းနယ်နိမိတ်အတွင်း ညောင်ရမ်းခေတ်က ရွာပေါင်း ၂၀ သာရှိကြောင်း ဆိုသဖြင့် လူနေ

၁။ သတိုးသီရိသုဓမ္မ ဒေါက်တာ ရှေအက်စ်–ဖာနီဗဲလ်နှင့် ဒေါက်တာဖေမောင်တင်၊ ဇမ္ဗူ့ဒီပ ဥဆောင်းကျမ်း၊ ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း။ ၁၉၆၀၊ မျက် ၁၁–၁၂။

mgyoe.com

mgyoe.com


ကျဲပါးလှပေသည်။ ဘုရားကြီးနှစ်ဆူတွင် တစ်ဆူက ကျောင်းတော်ရာ ဘုရားဖြစ်နိုင်သည်။ သို့သော် အခြားစေတီတော်ကိုကား မသိရချေ။ ကန်ကြီးတစ်ကန်ကိုလည်း မလေ့လာရသေးသဖြင့် လယ်ကိုင်းနယ်ပြည်သူတို့၏ လူမှုစီးပွားကဏ္ဍတွင် ထိုကန်ကြီး၏အရေးပါပုံကို မပြောနိုင်သေးပေ။ ထို့အပြင် သမိုင်းထင်ရှားသော စကု၊ စလင်းတို့နှင့်လည်း လယ်ကိုင်းသည် နယ်နိမိတ်ဆက်စပ်လျက်ရှိလေသည်။ ထိုပထဝီဝင်အနေအထားတို့ကြောင့် လယ်ကိုင်းသည် ဆန်စပါး စိုက်ပျိုးရေးနှင့် ကိုင်းကျွန်း စိုက်ပျိုးရေးထွန်းကားခဲ့ခြင်း ဖြစ်ပါသည်။

ရှေးမင်းတို့လက်ထက်တော် အဆက်ဆက် လယ်ကိုင်းတွင် လူနေအိမ်ခြေမည်မျှရှိကြောင်း အထောက်အထား မတွေ့ရှိရဖူးသေးချေ။ နေထိုင်ခဲ့ကြသူတို့သည် စိုက်ပျိုးရေးတွင် အားထားခဲ့ကြပြီး စပါးစိုက်သည်ကို အများဆုံး တွေ့ရသကဲ့သို့ ငရုတ်[၁]၊ ဆေး[၂]၊ ငှက်ပျော[၃] စိုက်ပျိုးခဲ့ကြသည်များကိုလည်း တွေ့ရသည်။ စိုက်ပျိုးသော စပါးမျိုးစုံရှိသည့်အနက်က ထိုနယ်တွင် ကောက်ကြီး[၄] တစ်မျိုးကိုသာ မှတ်တမ်းဖြင့် တွေ့ရဖူးသည်။ အခြားမျိုးကွဲများမစိုက်ဟု ဆိုလိုသည်ကား မဟုတ်ပါ။ ရောင်းကုန်ထုတ်လုပ်စိုက်ပျိုးခြင်းမျိုးမဟုတ်သောကြောင့် မျိုးစေ့ရရာ၊ မိမိတို့အဆင်ပြေရာ အထွက်ကောင်းရာ စပါးမျိုးကိုသာ စိုက်ပျိုးကြမည်ဖြစ်ပါသည်။ မည်သည့် လယ်သမားကမျှ မည်သည့်မျိုးစပါးကိုစိုက်ပါသည်ဟု လယ်ယာပေါင်သက္ကရာဇ်များတွင် ပြောလေ့မရှိချေ။ လယ်ကိုင်းဆိုသည့်အတိုင်း လယ်ပြီးလျှင် ကိုင်းသည် အရေးပါပေသည်။ ကိုင်းစိုက်ပျိုးရာတွင် ဆေးရွက်ကြီး အတော်စိုက်ပျိုးသည်ကို တွေ့ရသည်။ အထောက်အထားဆယ်ကြိမ်ကျော် တွေ့ရသည်။ ယာစိုက်ပျိုးသီးနှံတို့တွင် နှမ်းတစ်မျိုးကိုသာ တွေ့ရပါသည်။[၅] ပြောင်းနှင့် ဝါတို့ကိုလည်း စိုက်ပျိုးနိုင်ပါမည်။ ကိုင်းသီးနှံတွင်လည်း

---

၁။ ၁၁၈၃ ခု၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်(၂၇ စက်တင်ဘာ ၁၈၂၁)နေ့ မောင် ရွှေပုံ လယ်ပေါင်ထပ်ဖြည့်ပေး၊ မင်းနွယ်စာစု။

၂။ ၁၇၉၃ မောင်မြတ်ညိုနှင့် ဆရာမောင်ရတို့ ဆေးရွက်ကြီးသွင်းစာချုပ်၊ လယ်ကိုင်းဆင်တဲကျောင်းစာစု စုစုပေါင်း ၁၅ စောင်။

၃။ ၁၂၄၂ ခု ပြာသိုလဆန်း ၆ ရက် (၅ ဇန်နဝါရီ ၁၈၈၁)နေ့ ငှက်ပျောစိုက် ကိုင်းယာမြေအပေါင်ခံ၊ မင်းနွယ်စာစု။

၄။ ၁၁၈၄ ခု နယုန်လဆန်း ၁၄ (၃ ဇွန် ၁၉၂၂) လယ်ပေါင်၊ လယ်ကိုင်း၊ မင်းနွယ်စာစု။

၅။ ၁၂၄၄ ခု လင်းဆုတ် ၁၄ ခင်တဲရွာသူကြီးစောင်း အစစ်ခံချက်၊ ဖားဝပ်ကျောင်းစာစု။

mgyoe.com

mgyoe.com


ဆေးပြီးလျှင် ငရုတ်တစ်မျိုးသာ တွေ့ရသော်လည်း ပဲအမျိုးမျိုး စိုက်ပျိုးမည်ကို မှန်းဆကြည့်၍ ရပါသည်။ ဆေးရွက်ကြီးဈေးနှုန်းမှာ အချိန် ၁၀၀ လျှင် ငွေ ၁ဝ နှုန်းရှိသည်။[၁]

ခေတ်ပြိုင် မှတ်တမ်းအထောက်အထားများအရ ဒေသ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာကိုင်းကျွန်းသည်သာ အများဆုံးဖြစ်သည်။ ငရုတ်နှင့် ငှက်ပျောစိုက်ပျိုးခဲ့ကြသည်ကို တစ်ကြိမ်စီသာ တွေ့ရသော်လည်း ကိုင်းကျွန်းနှင့် ဥယျာဉ်လုပ်ငန်းဖြစ်ထွန်းကြောင်း တွေးဆယူနိုင်ပါသည်။ လယ်ယာမြေကို လူတိုင်းလောက် ပိုင်ဆိုင်လုပ်ကိုင်ကြသည်ဟု ထင်ပါသည်။ သို့သော် အများဆုံးပိုင်ဆိုင်သူတို့မှာ ကျောင်းဘုရားတို့ဖြစ်ပါမည်။ ကျောင်းတော်ရာ ဘုရားပိုင်မြေကို ကျောက်တိုင်စိုက်မှတ်ပြသောအခါ လွန်စွာကျယ်ဝန်းသည်ကို သတိထားမိသည်။ လယ်ပယ်ပေါင်း ရာဂဏန်းနှင့်ချီပြီး ရှိနိုင်မည်ဟု မှန်းဆရပါသည်။ ဘုရားကျောက်တိုင်အတွင်းရှိ မြေယာတို့ကို အနီးဝန်းကျင်မှလူများက သီးစား လယ်ယာသမားအဖြစ်ဖြင့် လုပ်ကိုင်ကြမည်ဟုလည်း ယုံကြည်ရပါသည်။ ပုဂံခေတ်ကတည်းကပင် လယ်ယာအများဆုံးပိုင်သူများမှာ မင်းမှူးမတ်တို့အပြင် ကျောင်းဘုရားတို့သည် အကြီးဆုံးမြေရှင်များဖြစ်ခဲ့ကြပါသည်။ ထို့ကြောင့်လည်း ကျောင်းဘုရားများ ယနေ့တိုင် ဖူးမြင်နေကြရပြီး သာသနာတော် ပွင့်လင်းနေခြင်းဖြစ်ပါသည်။

ယခုစာတမ်း ရေးသားရာတွင် သက္ကရာဇ် စာချုပ် ၈၀ လောက်ကိုသာ စုဆောင်းရရှိ လေ့လာတင်ပြနေခြင်းဖြစ်ပါသည်။ လယ်ယာမြေ အရောင်းအပေါင် အများဆုံးလုပ်သော ကာလကိုလည်း သတိထားမိပါသည်။ တစ်နှစ်တွင် ဖေဖော်ဝါရီလမှ ဇူလိုင်လအထိသည် အပေါင်အနှံအများဆုံးကာလဖြစ်သည်။ ထိုအထဲမှ ယခုစစ်တမ်းအထောက်အထားအရ ဧပြီလသည် အပေါင်အနှံအများဆုံးလအဖြစ် တွေ့ရသည်။ စိုက်ပျိုးချိန်မဝင်မီ လိုအပ်သည်များ ဝယ်ယူစုဆောင်းထားရန်အတွက် သို့မဟုတ် အလှူအတန်းများလုပ်ရန်အတွက်တို့ကြောင့်ဟု သာမန်အားဖြင့် မှန်းဆရပါသည်။ ထိုအချိန်သည် ကျေးလက်တွင် ဘုရားပွဲများရှိတတ်သော အချိန်ဖြစ်ပါသည်။

အထက်ပါအထောက်အထားအရ မင်းသုံးပါးလက်ထက်တွင် အပေါင်အနှံများသည်ကို တွေ့ရသည်။ အပေါင်အနှံနည်းပါးသောမင်းတို့မှာ ဗဒုံမင်း၊ သာယာဝတီ

---

၁။ ၁၁၅၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ( ) မောင်မိန်က ဆရာမောင်ရထံ ငွေချေးဆေးသွင်း၊ ဆင်တဲကျောင်း၊ လယ်ကိုင်းစာစု။

mgyoe.com

mgyoe.com


မင်းနှင့် ပုဂံမင်းတို့ဖြစ်သည်။

**မင်းအလိုက်လယ်ယာပေါင် တွေ့ကြိမ်နှုန်း**
(ပြောင်းလဲနိုင်ပါသည်)

| မင်း | နန်းစံ | တွေ့ကြိမ် | ၁နှစ် ပျမ်းမျှ | ပျမ်းမျှထက် လျော့/ပို |
|---|---|---|---|---|
| ဗဒုံမင်း | ၃၇ | ၁၉ | ၀.၅ | –၀.၃ လျော့ |
| စစ်ကိုင်းမင်း | ၁၈ | ၂၅ | ၁.၃ | +၀.၅ ပို |
| သာယာဝတီ | ၉ | ၁ | ၀.၁ | –၀.၇ လျော့ |
| ပုဂံမင်း | ၆ | ၁ | ၀.၂ | –၀.၆ လျော့ |
| မင်းတုန်းမင်း | ၂၅ | ၂၄ | ၁.၀ | +၀.၂ ပို |
| သီပေါမင်း | ၇ | ၈ | ၁.၁ | +၀.၃ ပို |
| ပေါင်း | ၁၀၂ | ၇၈ | ၀.၈ | |

စစ်ကိုင်းမင်း +၀.၅
သီပေါမင်း +၀.၃
မင်းတုန်းမင်း +၀.၂
ပျမ်းမျှအထက် ၀.၈ အောက်
၀.၇ – သာယာဝတီ
၀.၆ – ပုဂံမင်း
၀.၃ – ဗဒုံမင်း

လယ်ကိုင်းဒေသသည် ကျောက်ဆည်နယ် စလင်းနယ်တို့နှင့် မတူသည်မှာ အမှုထမ်းတို့ကို များစွာ မချထားခြင်းပင်ဖြစ်သည်။ ထို့အတူ မင်းမြေ မတွေ့ရသကဲ့သို့ သာသနိကမြေယာများလည်း ကျောက်ဆည်၊ စလင်းတို့နှင့်စာလျှင် များစွာ နည်းပါးပေသည်။ လယ်ကိုင်းသည် မင်းဘူးခြောက်ခရိုင်တွင် ပါသောကြောင့် ဆန်စပါးစိုက်ပျိုးရေး ဖြစ်ထွန်းသည်။ တွေ့ရသမျှ အထောက်အထားများ၌ ထိုဒေသတွင် ဆည်ကြီးများကို မတွေ့ရချေ။ ဆည်မှလာသော ရေပေးမြောင်းများကိုကား တွေ့ရသည်။ ထို့ပြင်

mgyoe.com

mgyoe.com


ဆည်အမှုထမ်း အနည်းငယ်ကိုလည်း တွေ့ရသည်။ မှတ်တမ်းတစ်ခုအရ ဆည်ကြီး (၁၈၃၄)ရာထူးလည်း ထိုဒေသတွင်ရှိခဲ့သည်။ ဆည်ကို တစ်ကြိမ်မျှ မတွေ့ရချေ။ မြောင်းအမည်များနှင့် အမှုထမ်းအချို့ကိုသာ တွေ့ရသည်။ စကုလက်တွင် ကန်ကုလား ဆည်တော်နှင့် လယ်တော်များကိုမူ တွေ့ရဖူးသည်။ လယ်ကိုင်းနယ်တွင် တွေ့ရသော မြောင်းအမည်တို့မှာ–

ထရုန်မြောင်း[၁]

ပေါင်းလောင်းမြောင်း[၂]

မထီးမြောင်း[၃]

မင်္ဂလာမြောင်း[၄]

ရှမ်းမြောင်း[၅]

ရွှေမြောင်း[၆]

တို့ဖြစ်သည်။ အခြားမြောင်းများလည်း ရှိနိုင်ကောင်းမည်ထင်ရသော်လည်း အထောက် အထားတို့တွင်မူ ဖော်ပြပါ မြောင်းများကိုသာ တွေ့ရှိရပါသည်။ မြောင်းမဟုတ်ဘဲ "သာမွေချောင်းရေသော်" လယ်ကိုလည်း တွေ့ရဖူးသည်။[၇] ဖော်ပြခဲ့သည့် ချောင်း မြောင်းများကို အသုံးချစိုက်ပျိုးနိုင်သောကြောင့် လယ်ကိုင်းဒေသသည် အခြားသော အရပ်တို့နှင့်စာလျှင် လူမှုစီးပွားဖြစ်ထွန်းတိုးတက်ခဲ့သည်ကို တွေ့ရသည်။ အကြောင်း

---

၁။ ၁၁၈၉ ခု၊ တန်ခူးလဆုတ် ၅ (၄ မေ ၁၈၂၈) လယ်ပေါင်စာချုပ်၊ လယ်ကိုင်းမင်းနွယ် စာစု။

၂။ ၁၂၀၅ ခု တန်ခူးလဆန်း ၅ (၂၃ မတ် ၁၈၄၄) လယ်ပေါင်စာချုပ်၊ လယ်ကိုင်းမင်းနွယ် စာစု။

၃။ ၁၂၁၈ ခု တန်ခူးဆုတ် ၅ (၂၃ မတ် ၁၈၄၄) လယ်ပေါင်စာချုပ်၊ လယ်ကိုင်းမင်းနွယ် စာစု။

၄။ ၁၂၄၇ ခု ပဆိုဆုတ် ၁၅ (၁၁ ဇူလိုင် ၁၈၈၅) လယ်ပေါင်စာချုပ်၊ လယ်ကိုင်းမင်းနွယ် စာစု။

၅။ ၁၂၃၈ ခု တန်ခူးလဆန်း ၉ (၂၂ မတ် ၁၈၇၇) လယ်ပေါင်စာချုပ်၊ လယ်ကိုင်းမင်းနွယ် စာစု။

၆။ ၁၁၇၅ ခု တပေါင်းလဆုတ် ၁၂(၁၇ မတ် ၁၈၁၄) လယ်ပေါင်စာချုပ်၊ လယ်ကိုင်း မင်းနွယ်စာစု။

၇။ ၁၂၂၃ တပို့တွဲဆုတ် ၁၂(၂၅ ဖေဖော်ဝါရီ ၁၈၆၂)၊ လယ်ပေါင်စာချုပ်၊ လယ်ကိုင်းမင်း နွယ်စာစု။

mgyoe.com

က လယ်အတွက် ဆည်ရေသောက်ရရှိခြင်း၊ ကုန်းယာများလည်း စိုက်ပျိုးနိုင်ခြင်း၊ ကိုင်းကျွန်းစိုက်ပျိုးရေးလည်း ဖြစ်ထွန်းသောကြောင့်ဟု ဆိုနိုင်ပါသည်။

စာရင်းအထောက်အထားအရ လယ်ယာမြေအများဆုံးကို ကျောင်းတော်ရာဘုရားက ပိုင်ဆိုင်ပါသည်။ ကျောင်းတော်ရာဘုရားကို ရှေးမင်းများက ဝတ်တော်မြေများ လှူခဲ့ကြသည်။ ထိုသို့ လှူဒါန်းခဲ့သည်တို့ကို မြေနယ်နိမိတ်ကျောက်တိုင် စိုက်ကာ သတ်မှတ်ထားရှိသည်။ ကျောက်တိုင်များ စိုက်သောအခါ အချို့တွင် အခြားသူတို့ ပိုင်မြေများ ပါဝင်နေသဖြင့် ကျောက်တိုင်မစိုက်နိုင်ဘဲ ဖြစ်ခဲ့ရသည်များလည်း တွေ့ရသည်။ မည်ရွေ့မည်မျှ ကျောက်တိုင် စိုက်ပြီးခဲ့သည်၊ မစိုက်ရသေးဘဲ မြေမှု ရှိနေသောကြောင့် တိုးလိုးတန်းလန်း ရှိနေသည် ကိုလည်း တွေ့ရသည်။ စာရင်းဇယား တွင် ချို့တဲ့ချက်မှာ "ကျောင်းတော်ရာဘုရားကို ကျောက်တိုင်စိုက်မှတ် လှူဒါန်း တော်မူသည့် ဝတ်တော်နယ်မြေ ကြိုးဝန်းတာရ အတို ကောက်" ခေါင်းစီးပါသော် လည်း ဇယားထိပ်စည်းတွင် အတိုင်းအတာဖော်ပြချက် မပါရှိချေ။ ဆိုချင်သည်က ကျောက်တိုင်ပေါင်း မည်မျှ အကွာတွင်စိုက်ကြောင်း၊ တာပေါင်း မည်မျှရကြောင်းတို့ပင် ဖြစ်သည်။ ထို့ကြောင့် ပြင်ဆင်ဖြည့်စွက်လျက် ဖော်ပြပေးလိုက်ပါသည်။ ဖြည့်သည်များကိုသိရန် လက်သည်းကွင်းဖြင့် ဖော်ပြပေး ထားပါသည်။

ကျောက်တိုင်များကို အရပ်ရှစ်မျက်နှာတိုင်းတာစိုက်ခဲ့ကြောင်း တွေ့ရသည်။ ကျောက်တိုင်တစ်တိုင်နှင့်တစ်တိုင်ကြား ?တာ ၂၅ အကွာထား စိုက်ထူခဲ့သည်ဟု တွက်ရသည်။ အတိုင်းအတာကို ပြောပြသောအခါ အတောင်ဖြင့်ပြောသည် မဟုတ်ဘဲ တာဖြင့်ပြောသည်ဟု ယုံကြည်ရသည်။ ခုနစ်တောင်တစ်တာထား တွက်လျှင် ပေအား ဖြင့် ကျောက်တိုင် တစ်တိုင်နှင့်တစ်တိုင် အကွာသည် ၂၆၂.၅ ပေ ခြားသည်။ ပတ်လည် တာပေါင်း ၁၁၅၇၅ တာအတွက် ပေပေါင်း ၁၂၁၅၃၇.၅ ပေ ရသည်။ ထိုသို့ တာ ကြိုးများတိုင်းမှတ် ကျောက်တိုင်စိုက်ရာတွင် ပြဿနာဖြစ်ပေါ်ခဲ့ရသည်ကိုလည်း တွေ့ရ သည်။ ဘုရားအရှေ့ဘက် နယ်နိမိတ်နှင့် အရှေ့တောင်နယ်နိမိတ်တို့တွင် ချောမော စွာ တိုင်းတာစိုက်မှတ်နိုင်ခဲ့သော်လည်း ဘုရားတောင်ဘက် နယ်နိမိတ် တိုင်းတာစိုက် ရာတွင်မူ ကန့်ကွက်သူရှိလာခဲ့သည်။ တားဆီးခဲ့သူမှာ လှေတော်ပဲ့နင်းဖြစ်သည်။ တောင်ဘက်နှင့် အနောက်တောင်ဘက် နယ်နိမိတ်နှစ်ရပ်တွင် မစိုက်နိုင်ခဲ့ချေ။ သို့သော် ထိုမြေနယ် အငြင်းပွားမှု မည်သို့ပြီးသည်ကို သိလိုသော်လည်း အခြားအစအန သဲလွန် စမတွေ့ရသောကြောင့် မပြောနိုင်ရှိရသည်။ ထိုအမှုသည် ကိုလိုနီခေတ်တိုင် ရောက်ရှိ

mgyoe.com


သွားနိုင်မည်ထင်ပါသည်။ သာမန်သဘောသဘာဝအားဖြင့် ကိုလိုနီအစိုးရသည် အစဉ်အလာအရ အခွန်တော်မပေးရသော ဘုရားပိုင်မြေထက် ပုဂ္ဂလိကမြေမျိုးကို လက်ခံလိုမည်ဖြစ်ပေသည်။ ထို့ပြင် အမှုထမ်းဟောင်းတို့ကို ကျေနပ်မှုပေးရမည်ဟုလည်း ခံယူထားနိုင်သည်။ အကြောင်းမှာ တော်လှန်ပုန်ကန် နေကြသူများတွင် အများစုသည် အမှုထမ်းဟောင်းများ ဖြစ်ကြပေသည်။ ဘုရားပိုင်မြေသည် ထိုတိုင်းတာချက်အရ အလွန်ကျယ်ဝန်းသည်ကို တွေ့ရသည်။

ဇယားအစတွင် အတိုင်းအတာကို ပြောမထားခဲ့သော်လည်း ဇယားအောက် မှတ်ချက်တွင်မူ အပြည့်အစုံပါပေသည်။ ထိုအခါ အရပ်လေးမျက်နှာအနေအထားဖြင့်သာ ဖော်ပြခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရသည်–

| မှတ်ဝအလယ်ချက် ၄ မျက်နှာအကျာ | ကြိုး | ပြန် | တာရ |
|---|---|---|---|
| ဘုရားအရှေ့မျက်နှာ ကမ်းဖြူရွာတောင်ကုန်းအခိုက် | ၁ | ၄၃ | ၁၁၇၅ |
| တောင်မျက်နှာတော်လီမြောင်းကမ်းထိပ်ရောက် | ၁ | ၂၄ | ၆၀၀ |
| အနော်မျက်နှာမီးပျန်းအနောက် မုန်းကမ်းထိပ်ရော် | ၁ | ၁၂၆ | ၃၁၅၀ |
| မြော်မျက်နှာမုန်းတောင်က မီးထိပ်ကွမ်းဆော်ရွာထိ | ၁ | ၈၁ | ၂၀၂၅ |

ဟုပြပေသည်။ ကျောက်တိုင် ရှစ်တိုင်အနက် ၂ တိုင် မစိုက်နိုင်သဖြင့် ခြောက်တိုင်သာစိုက်ပြီးကြောင်း အစီရင်ခံတင်ပြထားသည်ကိုလည်း တွေ့ရသည်။ ထိုကျောက်တိုင်များ ယခုအခါ ရှိနိုင်တော့ရန် မမြင်မိချေ။ မည်သို့ပင်ဆိုစေ၊ ထိုအတိုင်းအတာအတွင်း ရှိမြေသည် ဘုရားပိုင်မြေဖြစ်ကြောင်း သိသာပေသည်။ ခေတ်များပြောင်းလာသည်နှင့် အမျှ သာသနာနှင့် သက်ဆိုင်သူများသည် ကျောက်မှတ်ကျောက်သားနှင့် သက်ဆိုင်ကြောင်းပြနေသည့် အထောက်အထားတို့ကို အခွင့်အခါရတိုင်း ဖျက်ဆီးလာခဲ့ကြသည်။ အထူးသဖြင့် လုပ်မြေများကို ပိုင်ဆိုင်ပြီး လွတ်လပ်စွာ လုပ်ကိုင်လိုသောကြောင့် ဖြစ်ပါသည်။ ပုဂံခေတ်ကလို မဟုတ်တော့ဘဲ လူမှုဆက်ဆံရေးတွင် အနိမ့်ခံ အပယ်ခံလို ဖြစ်လာခဲ့သောကြောင့် တော်လှန်စပြုလာခဲ့ပါသည်။

mgyoe.com

mgyoe.com


## ကျောင်းတော်ရာဘုရားမြေအကျယ်အဝန်းပြဇယား(? တာဖြင့်)

| (အလား) | ကျောက်တိုင် | (တာပေါင်း) | (မှတ်ချက်) |
|---|---|---|---|
| ဘုရားအရှေ့မျက်နှာကမ်းဖြူရွာကသည် ပေါက်ပင်ကြီးကျောက်တိုင် | ၃၄ | ၈၅၀ (၈၉၂၅ပေ) | မှာကျောက်တိုင်စိုက်ပြီ |
| ပေါက်ပင်ကြီး ကျောက်တိုင်ကသည် တောလီကျောင်း(? မြောင်း) ကျောက်တိုင် | ၄၅ | ၁၁၂၅ (၁၁၈၁၂.၅ ပေ) | မှာ ၄င်း |
| တောလည်မြောင်း ကျောက်တိုင်ကသည် ပင်းမြို့ဘုရားပျက်အုတ်ပုံရောက် | ၁၂၆ | ၃၁၅၀ (၃၃၀၇၅ပေ) | မှာ ပုံနှင်းကတားဆီး၍ မစိုက်၊ ကျန် |
| ပင်းမြို့ဘုရားကသည် မီးပြန်းရွာအနောက် မုံးကမ်းထိပ်ရောက် | ၃၅ | ၈၇၅ (၉၁၈၇.၅ပေ) | မှာ ၄င်း |
| မီးပြန်းအနောက် မုံးကသည် မုံးကမ်းကျောက်တိုင် | ၃၆ | ၉၁၀ (၉၅၅၅ ပေ) | မှာ ကျောက်တိုင်စိုက်ပြီ |
| မုံးကမ်းကျောက်တိုင်ကသည် ကွမ်းဆောက်ရွာကျောက်တိုင် | ၄၆ | ၁၁၅၀ (၁၂၀၇၅ ပေ) | မှာ ၄င်း |
| ကွမ်းဆောက်ကျောက်တိုင်ကသည် ပန်းတုန်းရွာကျောက်တိုင် | ၁၀၄ | ၂၆၀၀ (၂၇၃၀၀ ပေ) | မှာ ၄င်း |
| ပင်းတုန်းရွာကျောက်တိုင်ကသည် ကမ်းဖြူရွာကျောက်တိုင် | ၃၇ | ၈၂၅ (၈၆၆၂.၅ပေ) | မှာ ၄င်း |
| ပေါင်း | ၄၆၃ | ၁၁၅၇၅ (၁၂၁၅၃၇.၅ပေ) | |

ပုရပိုက်မူ။ ဦးကျော်ရင်(အလယ်တန်းပြဆရာ) ကျောင်းတော်ရာစာစု

mgyoe.com

mgyoe.com

တစ်ရွာလုံး ဘုရားမြေချည်းရှိသော ရွာလည်းရှိသည်။ ထိုရွာက ဘုရားမြေကို လုပ်ကြရသူများဖြစ်သည်။ သို့သော် ရွာသည် ဘုရားကိုလှူထားသော ရွာမဟုတ်ချေ။ ရွာသားတို့သည် ဘုရားမြေကို သီးစားအဖြစ် လုပ်ကြရသူများဟု ဆိုနိုင်စရာရှိပါသည်။ စစ်တမ်းကောက်ခံစဉ်က သူကြီးက အရာတော်မြေ၊ သူကြီးမြေမရှိကြောင်း အစစ်ခံသည်။ အားလုံးသည် သရက်ခွဲဘုရားနှင့် ကျောင်းတော်ရာဘုရားမြေချည်းဖြစ်ကြောင်း ထွက်ဆိုခဲ့ပါသည်။ ထိုရွာကား မြေစာကျင်းရွာဖြစ်သည်။[၁]

လေ့လာရသော အထောက်အထားများအရ ဒေသနေပြည်သူတို့သည် လယ်ယာသမားများသာဖြစ်ကြသည်။ လယ်ကိုပိုမိုအားထားသည်ဟု ထင်ပါသည်။ ပဓာနထား လေ့လာရသည့် ခေတ်ပြိုင်အထောက်အထားမှတ်တမ်းများမှာ လယ်ပေါင်ယာပေါင်များသာဖြစ်ပါသည်။ ပိုတိကျအောင်ဆိုရလျှင် လယ်ပေါင်စာချုပ်တို့ချည်းဖြစ်ပါသည်။ ထိုသမိုင်းမှတ်တမ်းများကို လယ်ကိုင်းမြို့မှ စာရေးဆရာကြီး မင်းနွယ်စုဆောင်းထားသော ပုရပိုက်များမှ အများဆုံးရရှိပါသည်။ အခြားသော သမိုင်းဆိုင်ရာ မှတ်တမ်းများကို လယ်ကိုင်းမြို့ဖားဝပ်ကျောင်းတွင် အတော်အသင့် တွေ့ရှိလေ့လာရသည်။ ထို့ပြင် ကျောင်းတော်ရာဘုရား ကျောင်းတွင်လည်း များစွာရှိသည်။ သို့သော် စာရေးသူသည် အချိန်မပေးနိုင်သဖြင့် အားလုံးကို မလေ့လာနိုင်ခဲ့ပေ။

လယ်များကို အဘယ်ကြောင့် ပေါင်နှံချေးငှားခဲ့ကြရပါသနည်း။ ထိုမေးခွန်းအတွက် ဖြေရန်သည် မလွယ်လှပါ။ သို့သော် စာချုပ်များတွင် ပါသမျှကိုမူ ပြန်လည်တင်ပြရမည်ဖြစ်ပါသည်။ တွေ့မြင်နေကျအတိုင်းဆိုရလျှင် ငွေအသုံးလိုသောကြောင့် ဖြစ်ပါသည်။[၂] ငွေအသုံးလိုခြင်းသည် ပဓာနမဟုတ်ချေ။ သုံးရမည့်အကြောင်းကသာ ပဓာနဖြစ်သည်။ အပေါင်သက္ကရာဇ် တစ်ခုမှာမူ "လယ်လုပ်ကိုင်ရန်လိုသောကြောင့်" ဟူသောအကြောင်းနှင့် ပေါင်နှံထားသည့်လယ်ကို အခြားငွေရှင်ထံမှ ငွေဖြင့် ရွေးယူကာ ပြန်လည်သီးစားခယူလျက် ပေါင်နှံခြင်းဖြစ်သည်။[၃] "ရင်းနှီးရောင်းဝယ်ရန် ငွေအသုံးလို" သောကြောင့် ပေါင်နှံရသည်လည်း ရှိပေသည်။[၄] မည်သည်ကို ရင်းနှီး

၁။ ၁၂၄၅ ခု၊ မြေစာကျင်းရွာသူကြီး အစစ်ခံချက်၊ ဦးကျော်ရင်၊ အလယ်တန်းပြဆရာ၊ စာစု။
၂။ ၁၂၃၅ ခု ဝါဆိုဆန်း ၁၂ (၂ ဇူလိုင် ၁၈၇၆)နေ့ လယ်ပေါင်၊ လယ်ကိုင်းမင်းနွယ်စာစု။
၃။ ၁၂၄၀ ကဆုန်ဆန်း ၃ (၃ မေ ၁၈၇၈)နေ့ လယ်ပေါင်၊ လယ်ကိုင်းမင်းနွယ်စာစု။
၄။ ၁၁၈၈ ခု တပေါင်းလဆုတ် ၂ (၁၄ မတ် ၁၈၂၇)နေ့ လယ်ပေါင်၊ လယ်ကိုင်းမင်းနွယ် စာစု။

mgyoe.com

mgyoe.com


ရောင်းဝယ်မည်ကိုကား မသိရချေ။ အခြားသက္ကရာဇ်တစ်စောင်တွင် "သဿမေဓ အခွန်တော်ငွေချိန်ပေး ဆောင်ရွက်ရန်" ငွေအသုံးလိုကြောင်းဆိုပါသည်။[၁] ထို့ကြောင့် လယ်ကိုင်းနယ်တွင် တွေ့ရသမျှ အထောက်အထားတို့က မည်သည့်အတွက်ကြောင့် လယ်ယာမြေများကို ပေါင်နှံကြရပါသနည်းဟူသော အမေးအတွက် အဖြေကိုရှာသော အခါ ပဓာနကျသောအကြောင်း သုံးချက်ကိုသာ တွေ့ရသည်။ ထိုအချက်တို့ကား–

၁။ လယ်လုပ်ကိုင်ရန် (၁၈၇၈)

၂။ ရင်းနှီးရောင်းဝယ်ရန် (၁၈၂၇)နှင့်

၃။ သဿမေဓငွေတော်ဆောင်ရန် (၁၈၇၅၊ ၁၈၈၅) တို့ ဖြစ်ပေသည်။ စာချုပ်များတွင် ငွေလိုပုံကို ထိုမျှသာ အတိအကျသိရှိရပေသည်။ လယ်သမားလယ်လုပ်ရန် ပေါင်သည်ကား ဆန်းလှသည်မဟုတ်ချေ။ ပေါင်ထားသောလယ်ကို လယ်လုပ်ခွင့် ပြန်ပေးသော ငွေရှင်ထံ လက်ဆင့်ကမ်းပြန်ပေါင်သဖြင့် ထိုခေတ် လူမှုအဖွဲ့အစည်း တွင် အပြန်အလှန်ငဲ့ညှာမှုများရှိကြောင်း တွေ့ရသည်။ ထို့ပြင် လယ်သမားက လယ် လုပ်ရသည်မှာ ဆင်းရဲလွန်းသဖြင့် လယ်ကိုပေါင်ကာ ရင်းနှီးရောင်းဝယ်ဖို့လုပ်သည် မှာလည်း စဉ်းစားစရာ ရှိပေသည်။ အခွန်တော် လွတ်ငြိမ်းခွင့်ရှိသူမှလွဲ၍ လူတိုင်း အခွန်တော်ဆောင်ရသည်တွင် အခွန်တော် ကောက်ခံချိန်လတ်တလောငွေမလည် သဖြင့် ပေါင်နှံပေးကြရသည်မှာ အဆန်းမဟုတ်ချေ။ ပြည်သူတို့ အကြိမ်ကြိမ်ကြုံရ သော အခက်အခဲတစ်ရပ် ဖြစ်သည်။

ထိုနယ်မှ ကုန်းဘောင်ခေတ်လယ်ယာအပေါင်အနှံများကို လယ်ကိုင်းမင်းနွယ် (စာရေးဆရာ/အလယ်တန်းကျောင်းအုပ်ကြီး၊ ငြိမ်း) ၏ ပုရပိုက်စာစုနှင့် ဖားဝပ် ကျောင်းစာစုများတွင် အများအပြားတွေ့ရှိရသည်။ သို့သော် အားလုံးကို မှတ်တမ်း တင်ကူးယူနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ကူးရသမျှဖြင့်သာ လယ်ကိုင်းသမိုင်းကို ရေးသားရခြင်း ဖြစ်သောကြောင့် မပြည့်စုံနိုင်သည်ကိုကား သိနိုင်ပါသည်။ သို့သော် ရသမျှဖြင့် ထိုနယ် ၏ လူမှုစီးပွားဘဝကို အတော်အသင့်ပုံဖော်ပေးနိုင်မည်ဟု မျှော်လင့်ပါသည်။ သတိ ထားမိသလောက်ဆိုမူ ငွေချေးလယ်ယာအပေါင်ခံငွေရှင်ကြေးရှင်ကြီးကြီးမားမား မတွေ့ ရနိုင်သကဲ့သို့ အရေးပေါ်ငွေလိုမှုမျိုးမရှိလျှင် လယ်ယာပေါင်နှံကြရသူများများစားစား လည်း မတွေ့ရဟု ဆိုချင်ပါသည်။ လူတိုင်း မိမိတို့ လယ်ယာများဖြင့် မျှမျှတတ

---

၁။ ၁၂၄၇ ဝါခေါင်လဆန်း ၁၀ (၂၀ ဩဂုတ် ၁၈၈၅) လယ်ပေါင်၊ လယ်ကိုင်းမင်းနွယ် စာစု။

mgyoe.com

mgyoe.com


နေနိုင်ခဲ့ကြသည်ဟု ပြောနိုင်ပါသည်။

သက္ကရာဇ်တွေထဲမှ မှတ်သားစရာအချက်တစ်ရပ်မှာ ငွေကိုချိန်တွယ်ပေးရာတွင် အသုံးပြုခဲ့သော အလေးများပင်ဖြစ်သည်။ မင်းတုန်းမင်းလက်ထက် ငွေဒင်္ဂါးများ မထုတ်ဝေမီက ငွေကို အတုံးအခဲလိုက်အတိုင်း ဖြတ်တောက်ချိတ်တွယ်ပြီး သုံးခဲ့ကြရပါသည်။ ထိုသို့ချိန်တွယ်သောအခါ မင်းအဆက်ဆက်တို့ ပြဋ္ဌာန်းခဲ့သော အလေးများကို အသုံးပြုခဲ့ကြပါသည်။ အလေးတံဆိပ် အမျိုးမျိုးရှိခဲ့သကဲ့သို့ ပုံသဏ္ဌာန်လည်း အမျိုးမျိုးကွဲပြားပေသည်။ ထိုသို့ မတူသောအလေးများကို သုံးစွဲခဲ့ကြသဖြင့် ငွေပေးချေသူက ယင်းအသုံးပြုသောအလေးကို တရားဝင်အောင် ထည့်သွင်းဝန်ခံပြောကြားလေ့ရှိသဖြင့် စီးပွားရေး ဆက်ဆံမှုတွင်အရေးပါသော ဓလေ့တစ်ရပ်ဟု အသိအမှတ်ပြုရမည်ဖြစ်ပါသည်။ ထိုအလေးများမှာ–

ကိုင်းလေး (၁၈၂၉)

နန်းဦးလေး (၁၈၁၄၊ ၁၈၂၁၊ ၁၈၂၄၊ ၁၈၂၅)

ဟင်္သာလေး (၁၈၂၄၊ ၁၈၃၃၊ ၁၈၃၄) နှင့်

ရှမ်းလေး (၁၈၂၉)

တို့ဖြစ်သည်။ ကိုင်းလေးဟူသည်မှာ အလေးရပ်အထက်မှ ချိတ်ဆွဲရန် သို့မဟုတ် လက်ကိုင်ရန် ကွင်းထည့်ထားသော အလေးများကို ဆိုလိုပါသည်။ နန်းဦးလေးမှာ ဗဒုံမင်းလက်ထက်က ရွှေနန်းတော်ဦးတွင် သွန်းလုပ်ပြဋ္ဌာန်းခဲ့သော အလေးများကို ရည်ညွှန်းပါသည်။ ဟင်္သာလေးက အသုံးများသော အလေးဖြစ်ပြီး ရှမ်းအလေးကိုမူ မမြင်ဖူးပါ။ ထိုဒေသသို့ ရှမ်းကုန်သည်များ အရောက်များကြောင်း သာဓကဖြစ်ပါသည်။

ထိုဒေသတွင် လယ်ယာမြေနှင့်သက်ဆိုင်သော လူမှုဓလေ့အချို့ကိုလည်း သတိထားမိပါသည်။ ယင်းတို့လယ်ယာမြေများကို လူမှုစီးပွားဆက်ဆံရေးတွင် ပြောဆိုကြသောအခါ လယ်အကျယ်အဝန်းကို "ကောက်စိုက်အင်အားဖြင့်လည်းကောင်း (၁၈၁၇၊ ၁၈၂၁၊ ၁၈၂၄၊ ၁၈၂၉၊ ၁၈၃၄၊ ၁၈၅၆၊ ၁၈၇၃၊ ၁၈၈၅)၊ ကျွဲရှဉ်းလုပ်အားဖြင့်လည်းကောင်း(၁၈၈၅)၊ စပါးအထွက်နှုန်းဖြင့်လည်းကောင်း (၁၈၇၆)" ပြသည်တို့ကို တွေ့ရသည်။ ထို့ပြင် လယ်ယာမြေတို့ကို အလွန်ယေဘုယျကျသော 'တွင်း' ဖြင့် တွဲခေါ်သည့် အသုံးကိုလည်း တွေ့ရသည်။ လယ် ၃ တွင်း၊ "လယ်တွင်းရေ မည်၍ မည်မျှ" စသည်မျိုးဖြစ်သည်။ အကျယ်နှင့် အထွက်နှုန်းတို့ကို မည်သို့မျှ ခန့်မှန်းမရနိုင်သော

mgyoe.com

mgyoe.com


အသုံးမျိုးဖြစ်သည်။ သို့သော် အချို့က လူစိုက်နှင့် တွဲခေါ်သည်ကိုလည်း တွေ့ဖူးသည် (၁၈၂၇၊ ၁၈၂၉၊ ၁၈၅၇၊ ၁၈၇၃၊ ၁၈၇၇)။ ကျေးလက် ပြည်သူတို့သည် ပုံသဏ္ဌာန်အမျိုးမျိုးရှိသော ယင်းတို့လယ်ယာမြေတို့ကို မြေတိုင်းစနစ်ဖြင့်ဆိုလျှင် "ပယ်" ဖြင့် ခေါ်ဆိုရမည့်အစား ကျွဲရှဉ်းလုပ်အား၊ ကောက်စိုက်လုပ်အား၊ ပျိုးဝင်အား၊ စပါး ထွက်နှုန်းတို့ဖြင့်သာ ခေါ်ဆိုခဲ့ကြသည်။ သာမန်အားဖြင့် ကျွဲတစ်ရှဉ်းသည် လယ် ၁၄–၁၆ ဧကလောက် လုပ်နိုင်စွမ်းပြီး ကောက်စိုက်လုပ်အားဖြင့် လူ ၆ ယောက်လျှင် ၁ ဧကဖြစ်ကြောင်း အရပ်သုံးစကားအရ မေးမြန်းသိရှိရသည်။ ထို့ပြင် လယ်တစ်ကန့်၊ လယ်မိသား၊ လယ်တစ်တွင်း၊ လယ်တစ်ပွဲ စသည် အခေါ်မျိုးများလည်း အချို့အရပ်များတွင် တွေ့ရှိရသည်။

မှတ်တမ်းများဖြစ်သော အပေါင်အနှံ့သက္ကရာဇ်များတွင် စပါးဈေးနှုန်းများလည်း ပါရှိလာတတ်သည်။ ထိုစပါးဈေးနှုန်းတို့သည် ဒေသပေါက်ဈေးနှုန်းများဟုပင် ခေါ်နိုင်ပါသည်။ နှစ်စဉ်တွေ့ရသည်မဟုတ်သော်လည်း ခေတ်လူမှုစီးပွားဘဝကိုကား ခန့်မှန်းရနိုင်ပါသည်။ တစ်ဆက်တစ်စပ်တည်းမဟုတ်ဘဲ အလွန်ကျဲပါးသော တွေ့နှုန်းဖြစ်သောကြောင့် အသေးစိတ်မြင်နိုင်ရန်ကား ခဲယဉ်းပေမည်။ သို့သော် မရှိသည်နှင့်စာလျှင် စဉ်းစားစရာဖြစ်သောကြောင့် တွေ့ရသမျှကို ဖော်ပြပေးလိုက်ပါသည်။

**စပါးဈေးနှုန်းများ**

| နှစ် | နှုန်း (၁၀၀ ် အတွက်) | |
|---|---|---|
| ၁၈၁၇ | ၁၀ိ | |
| ၁၈၁၈ | ၄၅ိ | |
| ၁၈၂၁ | ၁၂ိ | |
| ၁၈၂၂ | ၇ိ | |
| ၁၈၂၃ | ၃၃ိ | ၃။ |
| ၁၈၂၄ | ၃၇ိ | ၅။ |
| ၁၈၄၇ | ၅ိ | |
| ၁၈၇၅ | ၁၃ိ | |

mgyoe.com

mgyoe.com

ထိုစာရင်းများတွင် စပါးဈေးအလွန်တက်သောကာလ သုံးခုကိုမြင်ရသည်။ တစ်ကြိမ်က ဗဒုံမင်းလက်ထက် ၁၈၁၇ ခုနှစ်ကဖြစ်သည်။ အမှန်လည်း ဖြစ်ခဲ့သည်။ ထိုသို့ဖြစ်ခဲ့သည်ကို စလင်းသာသနာပိုင်ဆရာတော်ဘုရားကြီး၏ ပရိတ်ကြီးကျမ်းတွင် တွေ့ရနိုင်သည်။ ဒုတိယအကြိမ်မှာ စစ်ကိုင်းမင်းလက်ထက်အင်္ဂလိပ်မြန်မာ ပထမစစ်မဖြစ်မီ ၃ နှစ်အလိုကာလ ဖြစ်သည်။ တတိယအကြိမ်မှာ မင်းတုန်းမင်းကြီးလက်ထက် နတ်ရွာမစံမီ ၂ နှစ်အလိုတွင် ဖြစ်သောကြောင့် ထိုကာလများသည် နိုင်ငံအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသော အချိန်များလည်း အမှန်ဖြစ်ခဲ့ပါသည်။ ထိုဈေးနှုန်းများကလည်း ပြနေပါသည်။ စီးပွားရေးမကောင်း လယ်ယာသီးနှံအထွက်ညံ့သော အခါကာလများဟုပင် ကောက်ယူရမည်ဖြစ်ပါသည်။

## လူမှုရေး

မြန်မာ့လူ့အဖွဲ့အစည်းတွင် ပြင်းထန်သော ဇာတ်စနစ်မျိုး မရှိသကဲ့သို့ ဓနဥစ္စာအပေါ် အခြေခံသော လူတန်းစားမျိုးလည်း မရှိချေ။ အောက်ခြေလူ့အဖွဲ့အစည်းတွင် အုပ်ချုပ်သူရိုးရာနှင့် အုပ်ချုပ်ခံ ကျေးလက်ပြည်သူဟူ၍သာ ထင်ရှားရှိသည်။ သို့သော် မင်းဇကရာဇ်က ခွဲခြားပြဌာန်းထားသော လူ့အလွှာများကား များစွာပင်ရှိသည်။ မင်းမှုထမ်း(ကျွန်တော်မျိုး)နှင့် မင်းမှုထမ်းမဟုတ်သူ (အသည်/ကျွန်ုပ်မျိုး) ဟူ၍ဖြစ်သည်။ မင်းမှုထမ်းများတွင် တွေ့ရသည်များကို ဖော်ပြရသော်–

| | |
|---|---|
| ခုံမင်း | ၁၈၃၄၊ ၁၈၇၇၊ ၁၈၈၅ |
| ခေါင်း(မြို့မ) | ၁၈၇၈ |
| စာရေး | ၁၈၇၆ |
| စာရေးတော်ကြီး | ၁၈၂၂ |
| ဆည်ကြီး | ၁၈၃၄ |
| ထီးတော်မိုး | ၁၈၁၄ |
| ထောင်ကဲ | ၁၈၈၂ |
| ပဲ့နင်း | ၁၈၇၆ |
| ဘဏ္ဍာစိုး | ၁၈၁၈ |
| မြို့စာရေး | ၁၈၂၁၊ ၁၈၂၂၊ ၁၈၅၆ |
| မြို့ဝန်မင်း | ၁၈၆၂ |

mgyoe.com

mgyoe.com



| | |
|---|---|
| မြို့သူကြီး | ၁၈၁၇၊ (မကွေး–) ၁၈၅၇ |
| မြေတိုင်း | ၁၈၁၄၊ ၁၈၁၇ |
| ၁၂ ရပ်မြေတိုင်း/ | ၁၈၂၈၊ ၁၈၄၄၊ |
| သူကြီး | ၁၈၈၅ |
| ရွာခေါင်း | ၁၈၇၆ |
| ရွာအုပ် | ၁၈၁၇ |
| လှေအုပ် | ၁၈၅၇ |
| ဝန်စာရေး(–ကတော်) | ၁၈၂၀၊ ၁၈၃၄၊ ၁၈၈၅ |
| သူကြီး | ၁၈၁၇၊ ၁၈၅၆၊ ၁၈၆၂၊ ၁၈၇၅၊ ၁၈၈၁၊ ၁၈၈၅ |
| အကြီးစာရေး | ၁၈၂၀ |
| အစီရင်မြို့စာရေး | ၁၈၁၇၊ ၁၈၄၄၊ ၁၈၈၁ |
| အစုရေး | ၁၈၄၄ |
| အမှုမင်း | ၁၈၂၃၊ ၁၈၃၄၊ ၁၈၃၄၊ ၁၈၄၄၊ ၁၈၄၇ |
| အိုးစားကြီး | ၁၈၂၁၊ ၁၈၂၇၊ ၁၈၂၉၊ ၁၈၃၄ |


တို့ ဖြစ်ပေသည်။ အများစုတွေ့ရှိရသည်တို့ကား မင်းမှုထမ်းများချည်း ဖြစ်ကြသည်။ အချို့က ငွေရှင်(လယ်ယာမြေ)အပေါင်ခံစားကြသူ မြီရှင်များဖြစ်ပြီး အချို့က မြီစားအဖြစ်၊ အချို့က အကြောင်းအမျိုးမျိုးဖြင့် ဆက်စပ်ပါဝင်နေခြင်းဖြစ်ပါသည်။

ထိုဖော်ပြပါအမှုထမ်းအားလုံးတို့သည် အုပ်ချုပ်ရေးဆိုင်ရာတို့မှချည်း ဖြစ်ကြပေသည်။ ထို့ပြင် ထိုအရာအထူးတို့က အများစုသည် သားစဉ်မြေးဆက် ဆက်ခံရသော အရာအထူးများ (ရိုးရာ)လည်း ဖြစ်ကြသည်။ နောက်မှ နှစ်အလိုက်တွေ့ကြိမ်များကို ကြည့်လျှင် ထိုသူ၏လူမှုရေးအခန်းကဏ္ဍတွင် မည်မျှအရာရောက်သည်ကို ခန့်မှန်းကြည့်၍ရသည်။ အမှုထမ်းတို့တွင် ရိုးရာအမှုထမ်းများချည်းရှိပေသည်။ ဒေသခံအမှုထမ်းတို့ချည်းဟုလည်း တွက်ဆရပါသည်။ ယင်းတို့သည် မြန်မာ့လူမှုအဖွဲ့အစည်း ရေစီးကြောင်းထဲတွင် ပါဝင်ကြသောကြောင့် လူမှုဆက်ဆံရေးတွင် မပါမဖြစ်ပါဝင်နေကြရသည်။

လယ်ယာအပြင် အခြားအသက်မွေးဝမ်းကျောင်းမှု ပြုကြသူများလည်းရှိခဲ့သည်။ ယင်းတို့တွင် ဆေးဆရာများသည် အတော်အသင့်အရေးပါသည်။ အကြိမ်များစွာလည်း တွေ့ရသည်။ လူမှုအဖွဲ့အစည်းအတွက် ဆေးဆရာတို့သည် မရှိမဖြစ် လိုအပ်

mgyoe.com

mgyoe.com


သူများလည်း ဖြစ်ကြသည်။ ၁၇၉၃ မှ ၁၈၇၆ အတွင်း နှစ်ပေါင်း ၈၀ တွင် ဆေးဆရာ ပေါင်းခြောက်ဦးသာ တွေ့ရသည်။ ယင်းတို့မှာ–

| | |
|---|---|
| ဆရာ(ဆြာ)မောင်ရ | ၁၇၉၃ |
| ဆရာမောင်ပြေ | ၁၈၂၁ |
| ဆရာမောင်နု | ၁၈၂၆ |
| ဆရာကိုစံကောင်း | ၁၈၂၇ |
| ဆရာပေ | ၁၈၇၅ |
| ဆရာကိုလယ်ရောက် | ၁၈၇၆ |

တို့ဖြစ်ကြသည်။ ဆေးဆရာသည် ထို့ထက်အရေအတွက်များပြားနိုင်သော်လည်း သီးခြားမှတ်တမ်းမျိုးမရှိဘဲ လယ်ယာသက္ကရာဇ် စာချုပ်များတွင် တွေ့ရသမျှကိုသာ ဖော်ပြခြင်းဖြစ်သောကြောင့် အရေအတွက်နည်းပါးရခြင်းဖြစ်ပါသည်။ ထိုသူတို့က ဒေသပြည်သူတို့ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြသူ မြန်မာဗိန္ဒောဆရာသမား တော်များဖြစ်သည်။ နယ်အတွင်း သမားတော်များ ထို့ထက်များပြားနိုင်သေးသော်လည်း လေ့လာနေသော မှတ်တမ်းများအရ ထိုခြောက်ဦးသာတွေ့ရသည်။ ယင်းတို့သည် လူမှုဘဝထဲတွင် လေးစားဂုဏ်သိက္ခာရှိသူများအဖြစ်နှင့် ပါဝင်ခဲ့ကြသည်ကိုလည်း သတိထားမိသည်။ သမားဦးရသည် ဗဒုံမင်းလက်ထက်က သမားတစ်ဦးဖြစ်ပြီး ငွေကြေးပြည့်စုံဟန်ရှိသည်။ ငွေချေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဖြစ်ကြောင်းလည်း တွေ့ရသည်။

အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့ကား တစ်ကြိမ်တစ်ခါလောက်စီသာ တွေ့ရှိကြရခြင်းဖြစ်သည်။ ယင်းတို့မှာ ပိသုကာ ၁၈၁၄၊ ပန်းထိမ် ၁၈၂၉၊ ပွဲစား ၁၈၄၄ တို့ဖြစ်ကြသည်။ ထိုသုံးမျိုးသာ မိမိပညာဖြင့် လွတ်လပ်စွာ အသက်မွေး ဝမ်းကျောင်းပြုနေသူများ တွေ့ရသည်။ ထိုပုဂ္ဂိုလ်များရှိနေခြင်းက ဒေသ၏ လူမှု စီးပွားဘဝကောင်းမွန်ကြောင်း ဆိုနိုင်ပါသည်။ အကြောင်းမှာ ပိသုကာ (ဗိသုကာ) သည် ကြီးမားခမ်းနားသော အဆောက်အအုံကြီးများကို ဆောက်လုပ်သော ပညာရှင် ဖြစ်သည်။ လက်သမားဆရာဆိုသည်ထက် အဆင့်မြင့်ပေသည်။ လယ်ကိုင်းတွင်ရှိ သော ကျောင်းကြီးများကို ဆောက်လုပ်ပုံဖော်သူဟူ၍ ဆိုနိုင်ပေသည်။ ရွှေပန်းထိမ်က လည်း ရွှေကို လူမှုအဆင်တန်ဆာ ပြုလုပ်ပေးရသော ပညာရှင်ဖြစ်သောကြောင့် မြို့ရွာ တွင် နေထိုင်ကြသူများ စီးပွားမဖြစ်ထွန်းဘဲ ရွှေငွေမရှိဘဲ ပန်းထိမ်ဆရာသည် ရပ်

mgyoe.com

mgyoe.com


တည်နိုင်သော အနေအထားမရှိချေ။ ထို့ပြင်ပွဲစားဆိုသည်ကလည်း လယ်ယာထွက်ကုန် ပေါများမှ ကုန်သွယ်မှုဖြစ်ထွန်းပါမှ ရှိနိုင်သောအသက်မွေးဝမ်းကျောင်းမှုဖြစ်သည်။ ထို့ကြောင့် ပိဿကာ၊ ပန်းထိမ်၊ ပွဲစားများရှိခြင်းက လယ်ကိုင်းသည် လူမှုစီးပွားဖြစ်ထွန်းကြောင်း ပေါ်လွင်စေသည်။

စာချုပ်များတွင် အရေးပါသောပြည်သူတို့မှာ ကုသိုလ်မှုဖြင့် လူမှုရေးဂုဏ်ရှိသူများဖြစ်သည်။ ထိုသူတို့သည် အများအားဖြင့် ငွေကြေးပြည့်စုံသူများဖြစ်သည်။ ထို့ကြောင့် သာသနာတော်အတွက် ကျောင်းဘုရားများ တည်ထားလှူဒါန်းခဲ့ကြသည်က များပေသည်။ လူမှုရေးအလှူက နည်းပါးသည်။ သို့သော် ယင်းတို့အလှူတို့သည် လူမှုရေးအဖြစ်ယူလျှင်လည်း ရရှိနိုင်ပါသည်။ ထိုသို့ သာသနာတော်ထောက်ပင့်သော ဂုဏ်ထူးဝိသေသရှိသောသူများကို အများအနည်းခွဲခြားဖော်ပြရလျှင် အောက်ပါအတိုင်းတွေ့ရှိရပါသည်–

| လူမှုဂုဏ်ထူး | တွေ့ကြိမ် |
|---|---|
| ကျောင်းဒကာ/မ | ၂၆ |
| ဘုရားဒကာ/မ | ၁၃ |
| ကိုရင်/ရှင်၊ ဘ/အမိ | ၅ |
| ဇရပ်ဒကာ | ၄ |
| စာတိုက်ဒကာ | ၁ |
| စောင်းတန်းဒကာ | ၁ |
| ပြာသာဒ်ဒကာ | ၁ |

တို့ကိုတွေ့ရသည်။ ကျောင်းဒကာများပေါသဖြင့် ရွာတိုင်းရပ်တိုင်းတွင် ပြည်သူတို့ဆောက်လုပ်လှူဒါန်းသော ရဟန်းတော်တို့အတွက် ကျောင်းများရှိသကဲ့သို့ ထိုရဟန်းတော်များက ပြည်သူတို့ ရင်သွေးငယ်များကို ပညာသင်ကြားပေးခဲ့ကြပါသည်။ သာသနာတော် ဖွံ့ဖြိုးတိုးတက်အောင် ရှင်များ၊ ရဟန်းများပျိုးထောင်ပေးသည်။ ဗုဒ္ဓသာသနာတော်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သာသနာတော်ရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိခြင်းသည် ထိုခေတ်အတွက် ကြီးမားသော ဂုဏ်ပုဒ်တစ်ရပ်ဖြစ်သည်။ သားယောကျ်ားရှိသူတို့က မိမိတို့သားငယ်များကို ရှင်ဘဝသွတ်သွင်းနိုင်ခြင်းသည် ဂုဏ်ယူဖွယ်တစ်ရပ်၊ အများက အားကျဖွယ်ရာတစ်ရပ်အဖြစ် သတ်မှတ်လက်ခံထားသည့်သဘောရှိသည်ကို ထိုအမှတ်အသားတို့က ပြသနေပေသည်။

mgyoe.com

mgyoe.com


ထို့ကြောင့် ဗုဒ္ဓသာသနာတော် ယနေ့တိုင် ပွင့်လင်းထွန်းကားနေခြင်းဖြစ်သည်။ သားငယ်တို့ကို ရှင်ပြုပေးနိုင်သူတို့ကိုလည်း ရှင်ဘ/ ရှင်မိ (ကိုရင်ဘ ၁၈၂၄) စသည်ဖြင့် အသိအမှတ်ပြုလျက် လေးစားစွာ ခေါ်ဆိုခဲ့ကြသည်။ သားရှင်ငယ်ကို ရဟန်းအဖြစ်ပြုနိုင်လျှင် ပိုမိုဂုဏ်ယူကြရပြန်သည်။ ပဉ္စင်းဘ/ မိ စသည်ဖြင့် လေးစားစွာ ခေါ်ဆိုခဲ့ကြသည်။ ထိုသို့ ရှင်ဘ/ ရှင်မိ၊ ပဉ္စင်းဘ/ မိ ဖြစ်ရခြင်းကို ယင်းတို့ကိုယ်စား အများက ဝမ်းမြောက်ကြည်နူးအားကျနေခြင်းလည်းဖြစ်သည်။ ရဟန်းဘဆိုလျှင် ပြောဖွယ်ရာပင်မရှိတော့ချေ။ အလွန်ဝမ်းမြောက်ဂုဏ်ယူကြပေသည်။ (ပဉ္စင်းဘ ၁၈၂၈) အသုံးက သက်သေပြနေသကဲ့သို့ရှိသည်။ ထိုသို့ ရှင်ဘ/ ရှင်မိ၊ ရဟန်းဘ/ မိ အသုံးတို့သည် တစ်နိုင်ငံလုံး အသုံးပြုခဲ့သော လူမှုရေးဂုဏ်ဒြပ်ဖြစ်ပေသည်။ ထိုသို့ ရှင်ဘ/ မိ၊ ရဟန်းဘ/ မိဖြစ်ရသူတို့သာလျှင် သာသနာ့အမွေကို ခံထိုက်သူ ခံရသူများ ဖြစ်သည်ဟု ဆိုသဖြင့် သားမရှိသူများ ထိုအခွင့်အလမ်းဆုံးရှုံးရသကဲ့သို့ ရှိပေသည်။ ထို့ကြောင့် မိမိတွင် သားသမီးမရှိသူတို့က အခြားသူတို့ သားတို့ကို သာသနာဘောင်သွင်းပေးကြခြင်းဖြင့် သာသနာအမွေကိုရအောင် ယူကြရသည်များလည်း ရှိခဲ့ပေသည်။ ထိုသူတို့ကို ရဟန်းဒကာ/ ဒကာမများဟု ခေါ်ကြသည်။

လယ်ကိုင်းသည် ယခုအခါ ရွှေစက်တော်ကဲ့သို့လည်းကောင်း၊ ရွှေတိဂုံကဲ့သို့လည်းကောင်း မစည်ကားချေ။ သို့သော် သမိုင်းအထုအထည်ကား ကြီးမားလှပေသည်။ အထောက်အထားပေါ် အခြေတည်လျက် ပြောတတ်သမျှကိုပြောရလျှင် လယ်ကိုင်းနယ်သည် ရှေးကျသောကာလကတည်းက လူနေရှိခဲ့သည်။ ယဉ်ကျေးမှုစာပေထွန်းကားစပြုလာခဲ့သော ပျူခေတ်တွင် ဒေသကြီးပွားစ ပြုလာခဲ့သည်။ ပုဂံခေတ်တွင် ယင်းဒေသ၏ အရေးပါမှု ထင်ရှားလာခဲ့သည်။ ဆည်ရေသွင်း စိုက်ပျိုးရေးရှိသောကြောင့် လူမှုစီးပွားဘဝဖြစ်ထွန်းခဲ့သည်။ ထိုအပေါ်အခြေတည်လျက် သာသနာတော်လည်း ဖွံ့ဖြိုးရာအရပ်ဖြစ်ခဲ့သည်။ လယ်ယာမြေအပေါင်အနှံများရှိခဲ့သော်လည်း လူမှုစီးပွားဘဝကျပ်တည်းတော်မွတ်သောကြောင့် ပေါင်နှံရောင်းချကြရသည်မဟုတ်ဘဲ အရေးပေါ်အကြောင်းတစ်ခုကြောင့် ရောင်းချပေါင်နှံကြခြင်းဖြစ်သည်ကို တွေ့ရသည်။

❖

mgyoe.com

# ပြည်တော်ပြန်ဘုရား(ဇလွန်)မှသည် ရွှေတိဂုံဆီသို့

**သမိုင်းဝင်ဇလွန်**

ယခု ဇလွန်သမိုင်းကို တွေ့ရှိသမျှအထောက်အထားတို့ဖြင့် ကြိုးပမ်းပုံဖော်ကြည့်ထားသည်။ ဇလွန်သမိုင်းသည် ရွှေတိဂုံစေတီတော်မြတ်နှင့်လည်း ဆက်နွယ်နေသည်။ ဇလွန်မြို့သည် မြန်မာနိုင်ငံတွင် ထင်ရှားသောမြို့တစ်မြို့ဖြစ်သည်။ မြို့ကိုထင်ရှားစေခဲ့သော အကြောင်းနှစ်ရပ်လည်းရှိသည်။ ပထမအကြောင်းရပ်မှာ ပြည်တော်ပြန်ဘုရားဖြစ်၏။ မြန်မာနိုင်ငံမှ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့ စစ်နိုင်အထိမ်းအမှတ်အဖြစ် သိမ်းယူသွားခဲ့သော ဗုဒ္ဓကြေးဆင်းတုကြီးကို မူလနေရာ ဇလွန်သို့ နယ်ချဲ့သမားတို့ ပြန်လည်ပို့ဆောင်ပေးခဲ့သော ပြည်တော်ပြန်ဘုရားကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့်မြို့သည် စည်ကားထင်ရှားလာခဲ့ခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ရဟန္တာတစ်ပါးဟု ပြည်သူအများက ယုံကြည်ဆည်းကပ် ကိုးကွယ်ခဲ့ကြသော တောရပုဂ္ဂိုလ်အရညဝါသီ မဟာထေရ် အရှင်သီလာစာရ(ဦးသီလ)သည် ဇလွန်တွင် ခန္ဓာဝန်ချတော်မူခဲ့သောကြောင့်လည်း မြို့သည် ပိုမိုထင်ရှားခဲ့ရပြန်သည်။

mgyoe.com

ဇလွန်ဆိုင်ရာ သမိုင်းစာအုပ်များလည်း ဒေသပညာရှင်တို့ ရေးသားပြုစုထားသည်များရှိခဲ့သည်။ ထိုဒေသပညာရှင်များ ပြုစုခဲ့သော သမိုင်းများတွင် ဤစာရေးသူထံရှိသော စာအုပ်များမှာ –

အရှင်ကုလာသဘ(ပြည်)

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဆင်းတုတော်သမိုင်း၊ (ဦးဓမ္မာ ဘိဝံသ)၊ တည်း၊ ရန်ကုန်သာသနာရေးဦးစီးဌာန။

ဦးလှထွန်းကျော်နှင့် ဆရာဦးမောင်ရှင်း

**ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး (သမိုင်းအကျဉ်းချုပ်)၊**

ဇလွန်မြို့၊ ငွေစန္ဒာပုံနှိပ်တိုက်၊ ၁၉၉၃။

သမိုင်းပြုစုရေးအဖွဲ့

**ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးသမိုင်း**

ဇလွန်မြို့၊ ငွေစန္ဒာပုံနှိပ်တိုက်၊ ၂၀၀၁။

ဘိုမင်းဖြူ(ဥပဒေ)

**ဇလွန်မြို့ဘုန်းတော်ကြီးဦးသီလ ထေရုပ္ပတ္တိနှင့် ဖြစ်ရပ်ဆန်းများ**

ရန်ကုန်၊ စာပေလောက၊ ၁၉၉၅

တို့ဖြစ်သည်။ ဘုရားကိုလည်းကောင်း၊ ဆရာတော်ကိုလည်းကောင်း ကြည်ညိုသဒ္ဓါတရားနှင့် ရေးသားခဲ့ကြသော စာအုပ်များဖြစ်သောကြောင့် လောကုတ္တရာရေး(သာသနာရေး)သမိုင်းသာဖြစ်ပါသည်။ ထို့ကြောင့် လောကီရေးသမိုင်းပိုင်းဆိုင်ရာတွင် အားနည်းသကဲ့သို့ ရှိရသည်။ မူလရည်ရွယ်ချက်ကိုက လောကီရေး မြို့သမိုင်းကိုရေးသည်မဟုတ်သောကြောင့်လည်း အပြစ်ရှာ၍ရနိုင်မည်မဟုတ်သကဲ့သို့ အပြစ်မြင်ပါလျှင်လည်း မြင်သူတရားလွန်သည်သာ ဖြစ်ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ထိုစာအုပ်များကလည်း မြို့သမိုင်းကို ရောင်ပြန်ဟပ်ပြနိုင်ခဲ့သည်။ လေ့လာရသဖြင့် အကျိုးဖြစ်ထွန်းခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

mgyoe.com

mgyoe.com


## ဇလွန်/ဇရွံ

မြို့အမည်ကို ယခုအခါ 'ဇလွန်'ဟု ရေးသားနေကြသော်လည်း ရှေးမှတ်တမ်းများကမူ 'ဇရွံ'ဟု တစ်သမတ်တည်း ရေးသားခဲ့ကြပါသည်။ 'ဇယွန်'ဟု ယ–ပက်လက်ဖြင့်လည်း ရေးသည်ကို တွေ့ရဖူးသည်။ ထိုဝေါဟာရသည် မည်သည့်အဓိပ္ပာယ်ဆောင်ကြောင်း မသိပါ။ ရှေးအခါက မွန်လူမျိုးတို့ နေထိုင်ကြီးစိုးအုပ်ချုပ်ခဲ့ရာ 'ကုသိမနဂရ' တွင်ပါဝင်ခဲ့သဖြင့် မွန်အမည်ဖြစ်မည်ဟု ထင်ပါသည်။ ကရင်တို့လည်း ရောလျက်နေထိုင်သောအရပ်ဖြစ်သောကြောင့် ကရင်အမည်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါမည်။ မြန်မာအမည်မဟုတ်သည်မှာကား သေချာပေသည်။ ထို့ကြောင့် အထောက်အထားမရှိသဖြင့် မြို့အမည်ကိုလည်း မကြံဆတတ်ကြောင်း ဝန်ခံပါသည်။ ဇလွန်သည် ပုဂံခေတ်တိုင်အောင် စောမစော မသိရသော်လည်း အထောက်အထားတို့အရ အဝခေတ်ထက် မစောနိုင်ကြောင်းမူ ပြောနိုင်ပါသည်။

## တည်နေရာ

ဇလွန်မြို့သည် ဧရာဝတီမြစ်၏ လက်ယာဘက်ကမ်း ဟင်္သာတနှင့် ဓနုဖြူတို့ကြားတွင် တည်ရှိသည်။ ဧရာဝတီတိုင်း ဟင်္သာတခရိုင်အတွင်း ပါဝင်သော မြို့နယ်တစ်ခုဖြစ်သည်။ မွန်မင်းများ ဘုန်းမီးနေလ တောက်ပခဲ့စဉ်က အောက်မြန်မာနိုင်ငံသည် ရာမညဒေသဟု ထင်ရှားခဲ့သည်။ ထိုမွန်လူမျိုးတို့ကို ယင်းတို့ အသက်မွေးဝမ်းကျောင်းပြုရာ ပဓာနလုပ်ငန်းများကို အမှီပြုလျက် သုံးမျိုးခွဲခြား ခေါ်စမှတ်ပြုခဲ့ကြဖူးသည်။ ထိုသုံးမျိုးမှာ 'မွန်တိ၊ မွန်စ၊ မွန်ည' ဟူ၍ဖြစ်သည်။ ရေလုပ်ငန်းကို အမှီပြုသော မွန်၊ လယ်လုပ်ငန်းကို အမှီပြုသော မွန်နှင့် ဥယျာဉ်ခြံမြေကို အမှီပြုသော မွန်ဟူ၍ သိရသည်။ ဌာနချုပ်ကိုဗဟိုပြုလျက်လည်း (ကုသိမ မဏ္ဍလ)ပုသိမ်မွန်၊ (ဟံသာဝတီမဏ္ဍလ)ပဲခူးမွန်နှင့် (မုတ္တမ မဏ္ဍလ) မုတ္တမမွန် ဟူ၍လည်း ခေါ်ဆိုတတ်ကြပါသေးသည်။ ထိုသုံးဌာနတွင် ထူးခြားသည်က ဗဟိုဌာနတိုင်းတွင် အရံမြို့ ၃၂ မြို့ ထားရှိခြင်းပင်ဖြစ်သည်။ မွန်တို့၏ အခြေခံ မဏ္ဍလပုံစံဟုပင် ဆိုရမည်ထင်ပါသည်။ ဗဟိုမြို့ကို တစ်မျက်နှာလျှင် ၈ မြို့ကျစီ ဝန်းရံထားသောသဘောဖြစ်သည်။ ထို့ကြောင့် ရာမညဒေသတွင် မြို့ပေါင်း ၉၉ မြို့ရှိပေသည်။ (ကိုးနဝင်းအယူအဆဖြစ်ဟန်ရှိသည်။)

mgyoe.com

mgyoe.com


**သမိုင်းမှတ်တမ်းတွေထဲကဇလွန်**

ညောင်ရမ်းခေတ်မှတ်တမ်းများဖြစ်သော စမ္မုဒ္ဒိပဥဆောင်းကျမ်း(သတိုးသီရိသုဓမ္မ ဒေါက်တာဂျေအက်စ်ဖာနီဗယ်နှင့် ဒေါက်တာဖေမောင်တင်တည်း)ပုဒ်မ ၂၊ နိုင်ငံရေး ပထဝီဝင်တွင် ဟသ်ာတသည် ဇလွန်နှင့် နယ်နိမိတ်စပ်လျက်ရှိကြောင်း တွေ့ရသည်။ (ဥဆောင်း၊ ရန်ကုန်၊ မြန်မာနိုင်ငံ သုတေသနအသင်း၊ ၁၉၆၀၊ မျက် ၉)။ ထို့ပြင် ပုဒ်မ ၁၀ (ခ) မော်ပီ ၉၆၉ ခု (အေဒီ ၁၆၀၇)တွင် 'ဇရွံ'မြို့ဟု ဖော်ပြသည်။ (ဥဆောင်း ၅၇)။ ဇလွန်သည် ညောင်ရမ်းခေတ်တွင် ကောင်းစွာဖြစ်ထွန်းတိုးတက်လျက်ရှိနေ ကြောင်း ကောက်ယူနိုင်သည်။

ဗဒုံမင်း(၁၇၈၂–၁၈၁၉) လက်ထက်က ထိုမွန်သုံးရပ် နယ်ပယ်ဒေသများအားလုံး ကို စစ်တမ်းများကောက်ယူခဲ့ဖူးသည်။ ဇလွန်သည် ပုသိမ် ၃၂ မြို့အပါအဝင်ဖြစ် သည်။ ဗဒုံမင်းအမိန့်တော်များတွင်လည်း ဇလွန်အကြောင်း အကြိမ်များစွာပင်ပါရှိ သည်။ ဗဒုံမင်း၏ ၉ မတ် ၁၈၁၀ နေ့ တွင် ထုတ်ပြန်ခဲ့သော အမိန့်တော်အရ ပုသိမ် မြို့အဝင်ဖြစ်သော ကနောင်၊ ခဲပေါင်၊ ဇလွန်(ဇရွံ)၊ ဓနုဖြူ၊ မြန်အောင်၊ ဟသ်ာတမြို့ တို့ကို ပုသိမ်ဝန်ကန္တီးဆော်ပြီး စာရင်းတော်ဆက်သရန် ဆော်ဩခဲ့သည်။ (ROB, VI: 683)အရေးပါသော မြို့တစ်မြို့ဖြစ်ကြောင်း ပေါ်လွင်သည်။

စစ်ရေးစစ်ရာများပေါ်လျှင် လိုအပ်သော စစ်သည်များကို အောက်မြို့အောက်ရွာ မှလည်း ခွဲတမ်းကျတောင်းယူသည်။ ကုန်းဘောင်ခေတ်တွင် ဗဒုံမင်းလက်ထက်တော် သည် အလွန်စစ်ရေးစစ်ရာများသောကာလဖြစ်သည်။ ထို့ကြောင့် ၁၈၀၈ တွင် စစ် ရေးပေါ်သောအခါ ဇလွန်ကလည်း စစ်သည်များပေးရသည်ကို တွေ့ရသည်။ ဗဒုံမင်း ၏ ၂၇ စက်တင်ဘာ ၁၈၀၈ နေ့ပြန် အမိန့်တော်တွင် ရေကင်းဝန်က စုဆောင်းပြီး ပုသိမ်မြို့ဝန်သို့အပ်ရသည်။ စစ်သည်များကို မြို့အလိုက်ဖော်ပြသဖြင့် သိရသည်တို့ မှာ တရုတ်မော်၊ လှိုင်၊ သာယာဝတီ၊ သာရဝေါတို့မှ စစ်သည်များ နေပြည်တော်သို့ တက်ကြရပြီး ကနောင်၊ ဇလွန်(ဇရွံ)၊ ဓနုဖြူ၊ မြန်အောင်၊ ဟသ်ာတတို့မှ စုသိမ်းရ သည့်စစ်သည်တို့ကိုမူ ရေကင်းဝန်က ပုသိမ်မြို့ဝန်သို့ အပ်ရသည်။ (ROB, VI:584)

**ကံကျွေးခံ ဇလွန်မြို့**

အထက်တွင်တင်ပြခဲ့သကဲ့သို့ ဇလွန်အကြောင်းကို ညောင်ရမ်းခေတ်မှတ်တမ်း များတွင် စတင်တွေ့ရှိခဲ့ရသည်။ ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက်ထုတ်ပြန်ခဲ့သော

mgyoe.com

mgyoe.com


အမိန့်တော်များ၊ စစ်တမ်းများ၊ ရာဇဝင်ကျမ်းများတွင်လည်း ပြောက်ပြောက်ကျားကျား ပါလာတတ်သည်ကို တွေ့ရသည်။ ဗဒုံမင်းနန်းတက်ပြီးမကြာမြင့်မီ ၁၇၈၃ တွင် မြန်မာနိုင်ငံအတွင်းရှိ အရေးပါသောမြို့ရွာများတွင် ရွှေဂူဘုရား ၂၃၀ ဆူကို တည်ထားခဲ့သောအခါ ဇလွန်မြို့တွင်လည်း တစ်ဆူတည်ထားခဲ့သည်။ ဗဒုံမင်းလက်ထက် မြို့ရွာပေါင်း ၅၀၀၀ ကျော်တွင် ရွှေဂူဘုရား ၂၃၀ တည်ရာအရပ်ဖြစ်သောကြောင့် အရေးပါသောအရပ်ဟူသည်ကို သဘောပေါက်နိုင်သည်။ ထိုရွှေဂူဘုရား ယနေ့တိုင်ရှိသေး၏လော ဟူသည်ကိုမူ မစူးစမ်းမလေ့လာမိသေးပေ။

မြန်မာမင်းတို့သည် ယင်းတို့ သားသမီးများ၊ ဆွေတော်မျိုးတော်များ၊ မှူးမတ်ပညာရှိများကို မြို့စားရွာစား ကံကျေးခံပေးသနားသောထုံးစံရှိသည်။ ထိုသို့ပေးသောဓလေ့ကြောင့်ပင် ယင်းစနစ်ကို ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟု ခေါ်သည်။ ကုန်းဘောင်ခေတ် ကံကျေးခံပေးရသည့် မြို့ရွာများတွင် ဇလွန်မြို့လည်း ပါဝင်ခဲ့သည်။

ဇလွန်သည် အောက်ပြည်အောက်ရွာမြို့များထဲတွင် သာမြင်ညောင်ညမြို့တစ်မြို့မျှ မဟုတ်ခဲ့ပါ။ အရေးပါသော မှူးကြီးမတ်ရာ သေနာပတိများ၊ မင်းသမီးများကိုသာ ကံကျေးခံမြို့ဖြစ်ခဲ့သည်။ တစ်နည်း ထိုသို့ ကံကျေးခံမြို့ဖြစ်သောကြောင့် နေပြည်တော်နှင့်လည်းကောင်း၊ မှူးမတ်သေနာပတိများနှင့်လည်းကောင်း၊ မင်းသမီးမင်းသားများနှင့်လည်းကောင်း ထိတွေ့နိုင်သောကြောင့် ဂုဏ်ရှိသကဲ့သို့ အခွင့်အရေးလည်း ရရှိနိုင်သည်။ မင်းပေါက်စိုးဝင်မြို့ဖြစ်ခြင်းသည် မျက်နှာပန်းလှသည်။ ဗဒုံမင်းက နန်းတက်ပြီး ၂၉ ဒီဇင်ဘာ ၁၇၈၄ တွင် ဇလွန်မြို့ကို မင်းကြီးနန္ဒကျော်ထင်သို့ မြို့စားအရာပေးခဲ့သည်။ ထိုရက်စွဲ၌ပင် အခြားသူတို့ကိုလည်း မြို့စားရွာစားများအဖြစ် ပေးသနားခဲ့သည်။ ထိုသူတို့ကို အစားပေးခဲ့သော မြို့ရွာတို့ကို ဗဟိုပြုဖော်ပြရသော်–

| မြို့/ရွာ | ကံကျေးစား |
|---|---|
| ချည်ပင်ရွာ | ရွှေတောင်ရန္တသူ |
| စက္ကုပါ | မြတ်သီရိဒေဝီ |
| (တွင်းသင်းတိုက်) | |
| ဇရှံ(ဇလွန်)မြို့ | မင်းကြီးနန္ဒကျော်ထင် |
| မုံသွင် | မိမင်းကြွက် |
| (ဆင်ကြေးတိုက်) | |

mgyoe.com

mgyoe.com

| | |
|---|---|
| မြင်တိုင်ရွာ | ဇေယနန္ဒမိတ် |
| သပြေပွရွာ | ရာဇဒေဝီ |
| (အနောက်ဘက်တိုက်) | |
| သက်ပန်းရွာ | ဗလရာဇာ |
| သစ်ဆိမ့်ပေါ် | သိရိဆိမိး |
| (မြောက်ဘက်တိုက်) | |

တို့အသီးသီးပါရှိသည်။

ဇလွန်သည် မြန်မာမင်းတို့လက်ထက်က အရေးပါသောမြို့တစ်မြို့ ဖြစ်ခဲ့ကြောင်းကိုကား အထက်တွင်ဆိုခဲ့ပြီးဖြစ်သည်။ အစဉ်အလာအုပ်ချုပ်ရေးတွင် ရိုးရာအကြီးအကဲများသည် မိမိတို့ဒေသမိမိတို့ လူမှုအဝန်းအဝိုင်းတွင် ထိပ်ဆုံးကရှိကြသူများဖြစ်ပေသည်။ မင်းနှင့်ဆက်ဆံကြရသောအခါတွင်လည်း မင်း၏မျက်နှာသာအပေးခံရသူတို့က မိမိတို့ရိုးရာအကြီးအကဲများအတွင်းတွင် ပိုမိုအရေးပါကြပေသည်။ ထိုသဘောကို အကဲခတ်နိုင်စေရန် ဗဒုံမင်းအမိန့်တော်များနှင့် တင်ပြပါဦးမည်။

ရိုးရာမြို့ရွာသူကြီးတို့သည် ယင်းတို့ဆိုင်ရာလူမှုအဖွဲ့တွင် အရေးပါသူများဖြစ်ရုံမျှမက ထိပ်တန်းကရှိနေသူများလည်း ဖြစ်သည်။ ထို့ကြောင့် ယင်းတို့ကလည်း ဩဇာအာဏာနယ်ကို အခွင့်ရလျှင်ရသလို ချဲ့ထွင်ယူတတ်ကြသည်။ နယ်မြေအငြင်းပွားမှုများသည် မြန်မာ့အုပ်ချုပ်ရေးတွင် အများဆုံးဖြစ်တတ်သည့် အမှုမျိုးဖြစ်သည်။ နယ်နိမိတ်တို့ကို သဘာဝပေါက်ရောက်ပင်၊ မြစ်ချောင်းတို့ဖြင့် ပိုင်းခြားတတ်သဖြင့် ကြာညောင်းလာသောအခါ နယ်နိမိတ်တို့ပြောင်းလဲပျောက်ပျက်ကုန်သောကြောင့် အငြင်းအခုံများဖြစ်ပေါ်လာသည်။ အထောက်အထားမပြနိုင်သောအခါ တရားပြိုင်တို့ ရေငုပ်အစစ်ခံကြရသည်။ ဇလွန်နှင့်ဟသ်ာတတို့ ထိုသို့ အငြင်းပွားမှုပေါ်ပေါက်ခဲ့ရဖူးသည်။ အမှုစီရင်ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ တာဝန်ရှိသူများ အဂတိလိုက်စားခဲ့ကြသဖြင့် ဗဒုံမင်းအရေးယူခဲ့သော အမိန့်တော်သည် မှတ်သားစရာဖြစ်သောကြောင့် ဖော်ပြပေးလိုက်ပါသည်။

"ဇရွံမြို့သူကြီးနှင့် ဟသ်ာတသူကြီးတို့ နယ်မြေမှုလုဆိုကြသည့်စကားတွင် နှစ်ဦးထွက်ဆိုချက်မညီ၍ ရေနှင့်စစ်ကြောလျှင် အချုပ်ဝန်(?ဝင်) တောင်ဘက်မြောက်ဘက်ရေမြေကိုသာ ဇရွံမြို့သူကြီးက ထိန်းအုပ်စေ။ ဟသ်ာတမြို့သူကြီးက ရကောင်း၏မဆိုသာ။ လွတ်စေသော စီရင်ရမည်ကို အချုပ်မဝင်၊ အချုပ်ပြင် မြောက်

mgyoe.com

mgyoe.com


ဘက်ကျေးရွာများကို သာလွန်တိုးပွား၍ ဇရွံမြို့သူကြီးသို့ ကျောက်တိုင်စိုက်မှတ်ပေး အပ်ကြောင်းနှင့် ရွှေနားတော် ကြားတော်မူသောကြောင့် ဟုတ်မှန်တိုင်း စာဆက်သွင်း ရမည် အမိန့်တော်ထုတ်ပြန်သည်ကို မှားလျှင် မှားပေသည်၊ လွန်လျှင် လွန်ပေသည်။ အစားသနားတော်ခံ ဆက်သွင်းရမည်ဖြစ်လျက် ကျေးဇူးသစ္စာတော် ဝမ်းတွင်ရှိသည် အတိုင်း စာမဆက်မသွင်း၊ မှားလေသည့် အမှုကိုအမှန်ပြု၍ စာဆက်သွင်းပြန်သည့် အရာသည် မသင့်။

စာစီကုံးသူ မဟာသီရိသီဟသူခံ ငမြတ်၊ မဟာသီဟသူရခံ ငရွှေရောင်တို့ကို လက်ကိုဖြတ်။

စာစီကုံး၍ပြသလျှင် 'သင့်ပြီ' ဆိုသူ သတိုးသီရိမဟာဥဇနာခံ ငနောင်၊ မဟာဥတ္တမ ဇေယသူရခံ ငချင်းတီးတို့ကိုလည်း လျှာကိုဖြတ်၊ အစောင့်အနေထားမြဲထား။"

ဇလွန်နှင့်ပတ်သက်သော အလွန်ထိတ်လန့်ဖွယ်ကောင်းလှသည့် ပြစ်ဒဏ်စီရင် ချက်ဖြစ်သည်။ သို့သော် အမှားကို နောင်အုပ်ချုပ်သူတို့ မကျူးလွန်ရဲအောင်ထုတ်ပြန် ခဲ့သည့် အမိန့်တော်ဖြစ်ဟန်ရှိသည်။ ညနေပိုင်းရောက်သောအခါ အမိန့်တော် ပြင်ဆင် ချက်ထွက်လာခဲ့ပါသည်။ ထိုပြင်ဆင်ချက်က "လက်ဖြတ် လျှာဖြတ် အမိန့်တော်အစား၊ သစ်တောသို့ပို့စေ" အမိန့်တော်သို့ ပြောင်းလဲသွားခဲ့သည်။ ထိုအမိန့်တော်ကိုလည်း ထပ်လောင်းပြင်ဆင်ချက် ပြုခဲ့ပြန်ပါသေးသည်။ နောက်ဆုံးအမိန့်တော်က ယင်းတို့ တွင် ထောက်ထားစရာများရှိသောကြောင့် အပြစ်အားလုံး ချမ်းသာပေးခဲ့ခြင်းဖြစ်သည်။ ထောက်ထားစရာဆိုသည်မှာ "ခမည်းတော်လက်ထက်က ကျေးကျွန်ဖြစ်၍" ဟူသော စာနာမှုဖြစ်သည်။ အမှုထမ်းကောင်းခဲ့ကြသူများဖြစ်ခြင်းကို ဆိုလိုသည်။

ဗဒုံမင်းသည် တပ်မတော်အတွက် ခေတ်မီသေနတ်လက်နက် မရှိမဖြစ်သည်ကို သဘောပေါက်ပါသည်။ လိုသောသေနတ်များကို စပါးများ၊ ပိုလျှံနေသောစပါးတော် များနှင့် ပုသိမ်သင်္ဘောဆိပ်မှတစ်ဆင့် ထပ်လဲဝယ်ယူသည့် သာဓကများရှိခဲ့သည်။ ၄ ဒီဇင်ဘာ ၁၇၈၇ အမိန့်တော်တစ်ရပ်တွင် ပုသိမ်မြို့မှတစ်ဆင့် သေနတ်များကို ထိုသို့ဝယ်ယူစေခဲ့သည်ဟု ယုံကြည်ရပေသည်။ ရောက်ရှိလာသော သေနတ်များကို ပုသိမ် ၃၂ အဝင် **ကနောင်၊ ဇလွန်(ဇရွံ)၊ မနုဖြူ၊ မြန်အောင်၊ သမြင်တုံ၊ ဟင်္သာတ** မြို့ရွာများက နေပြည်တော်သို့ တာဝန်ယူပို့ကြရသည်။ ထိုသို့ ပို့ဆောင်ပေး ရန်လည်း အမိန့်တော်ထုတ်ခဲ့သည်။

ဇလွန်မြို့ကို အဦးအစက အမတ်အရာရှိတစ်ဦးကို ဗဒုံမင်းက မြို့စားပေးခဲ့သည်။

mgyoe.com